# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ

## အုပ်စု(၃)မဇ္ဈိမနိကာယ်



## 📖၁။မူလပဏ္ဏာသပါဠိတော်📖

ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍အရှင်သီလဝံသာလင်္ကာရ(Y.S.O)✍

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၃) မဇ္ဈိမနိကာယ
# မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

၁။ အာကင်္ခေယျသုတ်လာ သီလအကျိုးတရား (၁၇) ပါးတို့တွင် အစ (၅) ပါးကိုသာ ဖြေဆိုခဲ့ပါ။

၂။ ကာမတရားတို့၏ ထွက်မြောက်ရာဟူသည် အဘယ်နည်းဟူသော မေးခွန်း၏ အဖြေကို ပါဠိတော်လာအတိုင်း ဖော်ပြခဲ့ပါ။

၃။ လောမဟံသနဒေသနာတော်ဟု အမည်ပေးထားသော သုတ်တော်ကို ဖော်ပြ၍ တယ်သမင်ဖို၊ တယ်သမင်မဟူသည် အဘယ်တရား၏ အမည်ဖြစ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ တစ်ထပ်တည်းသော ဘောဇဉ်ကို စားသုံးခြင်းကြောင့် ရအပ်သော အကျိုးများကို ဖြေဆိုခဲ့ပါ။

၅။ ငါးဖြာအာရုံ ကာမဂုဏ်၏ အပြစ်ပြ ဥပမာ (၁၀) မျိုးကို အလဂဒ္ဒူပမာသုတ်မှ ထုတ်၍ ဖော်ပြခဲ့ပါ။

၆။ အောက်ပါ ဥပမာတို့၏ ဥပမေယျတရားများကို ဖော်ပြပါ။

(က) တောင်ပို့ (ခ) ပုဏ္ဏား
(ဂ) ပညာရှိ (ဃ) ဓားလက်နက်
(င) လမ်းနှစ်ခွ။

၇။ သာသနာတော် စည်ပင်ပြန့်ပွားအောင် မစွမ်းဆောင်နိုင်သော ရဟန်းအင်္ဂါ (၁၁)ပါးကို အကျဉ်းမျှ ဖော်ပြခဲ့ပါ။

၈။ အောက်ပါတရားများကို ဖော်ပြပါ။

(က) သက္ကာယ
(ခ) သက္ကာယဖြစ်ပေါ်ကြောင်းတရား
(ဂ) သက္ကာယ ချုပ်ရာသို့ရောက်ကြောင်းတရား

၉။ အတောင်ရှိသော ငှက်ကဲ့သို့ ရဟန်းတော်များ ကျင့်ရမည်ဟူသော စကား၏ အဓိပ္ပာယ်ကို ရှင်းပြ၍ ရဟန်း၏ "သမဏ"အမည်ရပုံကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ ပဌမဈာန်သည် အဘယ်မျှသော အင်္ဂါတို့ကို ပယ်၍ အဘယ်မျှသော အင်္ဂါတို့နှင့် ပြည့်စုံရပါမည်နည်း ရှင်းလင်းဖော်ပြခဲ့ပါ။

တစ်ပုဒ်စီလျှင် (၁၀) မှတ်စီ

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၃) မဇ္ဈိမနိကာယ**
**မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် အဖြေမှန်**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ **အစ ၅-ပါး**

(၁) သီတင်းသုံးဖော်တို့၏ ချစ်ခင်အပ်သူ မြတ်နိုးအပ်သူ လေးစားအပ်သူ ချီးမွမ်းအပ်သူ ဖြစ်ရခြင်း၊(၂-မှတ်)
(၂) သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ ဆေးအသုံးအဆောင်တို့ကို ရသူ ဖြစ်ရခြင်း၊ (၂-မှတ်)
(၃) သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ ဆေးအသုံးအဆောင်တို့ကို လှူဒါန်းသော ပုဂ္ဂိုလ်တို့၏ ဒါနသည် ကြီးမြတ်သော အကျိုးအာနိသင် ရှိခြင်း၊ (၂-မှတ်)
(၄) သေ၍ ပြိတ္တာဖြစ်နေကြသော ဆွေမျိုးသားချင်းတို့သည် ကြည်ညိုစိတ်ဖြင့် အောက်မေ့ခြင်းသည် ကြီးမြတ်သော အကျိုးအာနိသင် ရှိခြင်း၊ (၂-မှတ်)
(၅) မပျော်မွေ့မှု ပျော်မွေ့မှုတို့ကို နှိပ်နင်းသူ ဖြစ်ရခြင်း၊ (ပါဠိတော်၊နှာ-၄၀၊ မြန်မာပြန်၊၄၃) (၂-မှတ်)

၂။ **ကာမတရားတို့၏ ထွက်မြောက်ရာဟူသည်. . .**

ကာမတရားတို့၌ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း၊ လိုချင်တပ်မက်မှုကို ပယ်ခြင်းသည် ကာမတရားတို့၏ ထွက်မြောက်ရာ ဖြစ်ပါသည်။ (ပါ၊၁၂၂၊မြန်၊၁၂၉) (၁၀-မှတ်)

၃။ လောမဟံသနဒေသနာဟု အမည်ပေးထားသော သုတ်တော်မှာ မဟာသီဟနာဒသုတ် ဖြစ်ပါသည်
(ပါ၊၁၁၇၊မြန်၊၁၂၄) (၄-မှတ်)

တည်သမင်ဖိုဟူသော အမည်သည် "နန္ဒီရာဂ"၏ အမည် ဖြစ်သည်။ (၃-မှတ်)
တည်သမင်မဟူသော အမည်သည် "အဝိဇ္ဇာ"၏ အမည် ဖြစ်ပါသည်။(ပါ၊၁၆၆-၁၆၇၊ မြန်-၁၇၁) (၃-မှတ်)

၄။ **ဘောဇဉ်ကို တစ်ထပ်တည်းစားခြင်းကြောင့် ရရှိအပ်သော အကျိုးများ**

(၁) ရောဂါကင်းသည်၏အဖြစ်
(၂) ကျန်းမာသည်၏အဖြစ်
(၃) လျင်လျင်မြန်မြန် ထနိုင်ခြင်း
(၄) (ကိုယ်) အား
(၅) ချမ်းချမ်းသာသာ နေရခြင်း (ပါဠိတော်၊ ၁၇၅၊ မြန်မာပြန်-၁၇၉) (၂-မှတ်စီ) (၁၀-မှတ်)

၅။ **ကာမဂုဏ်အပြစ်ပြ ဥပမာ (၁၀) မျိုး**

(၁) အသားမကပ်သော အရိုးနှင့်တူခြင်း
(၂) သားတစ်နှင့်တူခြင်း
(၃) မြက်မီးရှူးနှင့်တူခြင်း
(၄) မီးကျီးတွင်းနှင့်တူခြင်း
(၅) အိပ်မက်နှင့်တူခြင်း
(၆) အငှားပစ္စည်းနှင့်တူခြင်း
(၇) အသီးရှိသော သစ်ပင်နှင့်တူခြင်း
(၈) စဉ်းတီတုံးနှင့်တူခြင်း

(၉) လုံ့တံကျင်နှင့်တူခြင်း
(၁၀) မြွေဦးခေါင်းနှင့်တူခြင်း (ပါ၊၁၈၂၊ မြန်၊၁၈၆) (၁-မှတ်စီ) (၁၀-မှတ်)

၆။ (က) "တောင်ပို့"ဟူသော အမည်သည် အမိ အဖတို့၏ သုက်သွေးကြောင့် ဖြစ်သော ထမင်း မုယောမုန့် တို့ကြောင့် ကြီးပွားသော မမြဲခြင်း, ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိသော မဟာဘုတ် ၄-ပါးတို့ကြောင့် ဤကိုယ်၏ အမည်တည်း။ (၂-မှတ်)
(ခ) "ပုဏ္ဏား"ဟူသော ဤအမည်သည် ကိလေသာရန်သူကို သတ်ပြီးသော အလိုလို ဟုတ်တိုင်းမှန်စွာ သိတော်မူသော မြတ်စွာဘုရား၏အမည်တည်း။ (၂-မှတ်)
(ဂ) "ပညာရှိ"ဟူသော အမည်သည် ကျင့်ဆဲ သေက္ခရဟန်း၏ အမည်တည်း။ (၂-မှတ်)
(ဃ) "ဓားလက်နက်"အမည်သည် အရိယာမဂ်ပညာ၏ အမည်တည်း။ (၂-မှတ်)
(င) "လမ်းနှစ်ခွ"ဟူသော အမည်သည် တွေးတောယုံမှားခြင်း၏ အမည်တည်း။ (၂-မှတ်)

၇။ အင်္ဂါ ၁၁-ပါး
(၁) ရုပ်အဆင်းကို မသိ၊
(၂) အမှတ်အသား လက္ခဏာတို့၌ မလိမ္မာ၊
(၃) ယင်ချေးဥ တိုးပွားသည်ကို မပယ်ဖျောက်တတ်၊
(၄) အနာကို ဆေးထည့်ပြီး မဖုံးလွှမ်း၊
(၅) မီးခိုးကို မပြု၊
(၆) ရေဆိပ်ကို မသိ၊
(၇) ရေသောက်ပြီးသည် မပြီးသည်ကို မသိ၊
(၈) လမ်းခရီးကို မသိ၊
(၉) ကျက်စားရာ စားကျက်၌ မလိမ္မာ၊
(၁၀) နို့ရည်ကို အကြွင်းမဲ့ အကုန်ညှစ်ခြင်း၊
(၁၁) ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာအဖ သံဃာဦးစီးဖြစ်သော ထေရ်ကြီးရဟန်းတို့ကို လွန်မြတ်သော ပူဇော်ခြင်းဖြင့် မပူဇော်ခြင်း။ (၁-၂)ကို ၁-မှတ်ပေးရန် ကြွင်း (၉)ခုကို ၁-မှတ်စီ ပေးရန်)

၈။ (က) စွဲလမ်းဖွယ် ခန္ဓာငါးပါးသည် သက္ကာယ (၃-မှတ်)
(ခ) တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်စွန်းမှုနှင့် တကွဖြစ်သော ထိုထိုဘုံဘဝ၌ အလွန် နှစ်သက်တတ်သော ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသည် သက္ကာယဖြစ်ပေါ်ကြောင်းတရား ဖြစ်ပါသည်။ (၃-မှတ်)
(ဂ) ထိုတပ်မက်မှု 'တဏှာ'၏သာလျှင် အကြွင်းမဲ့ တပ်စွန်းသောအားဖြင့် ချုပ်ရာ စွန့်ပစ်ရာ တစ်ဖန်စွန့်လွှတ်ရာ လွတ်မြောက်ရာ တွယ်တာကပ်ငြိမှု မရှိရာ (နိဗ္ဗာန်)သည် သက္ကာယ၏ ချုပ်ရာသို့ ရောက်ကြောင်းတရား ဖြစ်ပါသည်။ (ပါ၊၃၇၃၊၃၇၄၊ မြန်၊၃၈၅၊၃၈၆) (၄-မှတ်)

၉။ အတောင်ရှိသော ငှက်သည် အကြင်အကြင် အရပ်သို့ ပျံသော် မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ ထိုအတူ ရဟန်းသည် ကိုယ်ကို မျှတရုံသောသင်္ကန်း၊ ဝမ်းကိုမျှတရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် အကြင်အကြင်အရပ်သို့ သွားသော် (ပရိက္ခရာရှစ်ပါးမျှကို) ကောင်းစွာယူဆောင်၍ သွား၏၊ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစား၏။ (ပါ၊၃၃၆၊ မြန်၊၃၄၇) (၅-မှတ်)

"သမဏ" မည်ပုံ

ပူပန်ညစ်ညူးစေတတ်သော၊ တစ်ဖန်ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်သော၊ ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန်သော ဇာတိ, ဇရာ, မရဏကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ငြိမ်းပြီးသော ရဟန်းသည် "သမဏ"မည်ပါသည်။ (ပါ၊၃၄၇၊မြန်၊၃၅၈) (၅-မှတ်)

၁၀။ ပထမဈာန်သည် ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ ပေါင်း အင်္ဂါ ၅-ပါးကို ပယ်ပါသည်။

(၁-မှတ်စီ) (၅-မှတ်)

ပထမဈာန်သည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ စိတ္တေကဂ္ဂတာ ပေါင်း ၅-ပါးသော အင်္ဂါနှင့် ပြည့်စုံ၏။

(ပါ၊၃၆၈၊မြန်၊၃၈၀) (၁-မှတ်စီ) (၅-မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၃) မၛ္ဈိမနိကာယ

## မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန်

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၁) ရက်၊ (၂၉. ၅. ၂၀၁၄) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

## မေးခွန်းနှင့် အဖြေ

၁။ မိမိသန္တာန်မှာ ဖြစ်ပေါ်လာသော မကောင်းသော အကြံအစည်များကို ပယ်ဖျောက်နည်းပြသည့် သုတ္တန်ကို အနှစ်ချုပ် ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ မိမိသန္တာန်မှာ ဖြစ်ပေါ်လာသော မကောင်းသော အကြံအစည်များကို ပယ်ဖျောက်နည်းပြသည့် သုတ္တန်

**ဝိတက္ကသဏ္ဌာနသုတ်**

၂၁၆။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။ ရဟန်းတို့. . . တရားအားထုတ်တဲ့ ရဟန်းဟာ အကြောင်းအရာငါးမျိုးကို ရံဖန်ရံခါ နှလုံးသွင်းသင့်တယ်။ ရဟန်းတို့ အကြောင်းအရာတစ်မျိုးကို နှလုံးသွင်းတဲ့ သာသနာ့ဝန်ထမ်းရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ ဖြစ်တတ်ကြတယ်။ ရဟန်းတို့. . . အဲဒီရဟန်းဟာ အဲဒီအကြောင်းအရာမှ တစ်ပါးကုသိုလ်နှင့် စပ်ယှဉ်တဲ့ တခြားအကြောင်းအရာကို နှလုံးသွင်းသင့်တယ်။ အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာတည်တော့တယ်။ ရဟန်းတို့. . . ဥပမာအားဖြင့် ကျွမ်းကျင်တဲ့ လက်သမားဟာ သေးငယ်တဲ့ သပ်ကို ရိုက်၍ ကြီးမားတဲ့သပ်ကို ဆွဲနုတ်ရာသကဲ့သို့ ရဟန်းတို့. . . ထို့အတူပဲ အကြောင်းအရာ တစ်မျိုးကို နှလုံးသွင်း၍ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ မိမိရဲ့သန္တာန်မှာ ဖြစ်နေတဲ့ ရဟန်းဟာ အဲဒီ အကြောင်းအရာမှတစ်ပါး ကုသိုလ်နှင့်စပ်ယှဉ်တဲ့ တခြား အကြောင်းအရာကို နှလုံးသွင်းသင့်တယ်။ အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းသွားတော့တယ်။

အဲဒီအကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း ခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။

၂၁၇။ ရဟန်းတို့. . . အဲဒီအကြောင်းအရာမှတစ်ပါး ကုသိုလ်နှင့် စပ်ယှဉ်တဲ့ တခြားအကြောင်းအရာကို နှလုံးသွင်းသင့်ပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီရဟန်းဟာ "ဒီအကြောင်း ဒီအကြောင်းကြောင့် ဒီအကြံအစည်များဟာ အကုသိုလ်များ ဖြစ်ကြတယ်၊ အပြစ်များကြတယ်၊ ဆိုးကျိုးကို ပေးတတ် ကြတယ်" လို့ အဲဒီ အကြံအစည်တို့ရဲ့ အပြစ်ကို ရှုဆင်ခြင် သင့်တယ်။ အဲဒီလို ရှုဆင်ခြင်တဲ့ ရဟန်းရဲ့သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ

ကင်းပျောက်ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့. . . ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ အလှအပ ပြုပြင်လေ့ရှိတဲ့ မိန်းမပျိုဖြစ်စေ၊ ယောကျ်ားပျိုဖြစ်စေ မြွေသေကောင်ပုပ်၊ ခွေးသေကောင်ပုပ်၊ လူသေကောင်ပုပ် တစ်ခုခုကို လည်ပင်းမှာ အဆွဲခံရလျှင် ငြီးငွေ့၊ ရွံရှာ၊ စက်ဆုပ် သကဲ့သို့၊ ရဟန်းတို့. . . ထို့အတူပဲ အကြောင်းအရာတစ်မျိုးမှ တခြားအကြောင်းအရာ တစ်မျိုးကို နှလုံးသွင်းပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ ဆက်ဖြစ်နေသေးတဲ့ ရဟန်းဟာ "ဒီအကြောင်း ဒီအကြောင်းကြောင့် ဒီအကြံအစည်များဟာ အကုသိုလ်များ ဖြစ်ကြတယ်၊ အပြစ်များကြတယ်၊ ဆိုးကျိုးပေးကြတယ်" လို့ အဲဒီအကြံအစည်တို့ရဲ့ အပြစ်ကို ရှုဆင်ခြင်သင့်တယ်။ အဲဒီလို ရှုဆင်ခြင်တဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၂)

၂၁၈။ ရဟန်းတို့. . . အဲဒီအကြံအစည်များရဲ့ အပြစ်ကို ရှုဆင်ခြင်ပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့ သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီရဟန်းဟာ အဲဒီအကြံ အစည်တို့ကို သတိမပြုဘဲ နှလုံးမသွင်းဘဲ နေသင့်တယ်။ အဲဒီလို (၁၉၆) နေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့. . . ဥပမာအားဖြင့် မျက်စိကောင်းတဲ့ လူတစ်ယောက်ဟာ ပေါ်လာ (တွေ့ကြုံလာ)တဲ့ အဆင်းအာရုံတို့ကို မမြင်လို မကြည့်လိုလျှင် မျက်စိကို မှိတ်ထားရာသကဲ့သို့၊ သို့မဟုတ် တခြားအရပ်သို့ လွှဲပြောင်းကြည့်ရှုရာသကဲ့သို့၊ ရဟန်းတို့. . . ထို့အတူပဲ အဲဒီအကြံအစည်များရဲ့ အပြစ်ကို ရှုဆင်ခြင်ပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ ဆက်ဖြစ်နေသေးတဲ့ ရဟန်းဟာ အဲဒီအကြံအစည်တို့ကို သတိမပြုဘဲ နှလုံးမသွင်းဘဲ နေသင့်တယ်။ အဲဒီလိုနေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်း ခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၃)

၂၁၉။ ရဟန်းတို့. . . အဲဒီအကြံအစည်တို့ကို သတိမပြု နှလုံးမသွင်းဘဲ နေပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့ သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီ ရဟန်းဟာ အဲဒီ (၁၉၇) အကြံအစည်တို့ရဲ့ ကြံစည်ပုံ ကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းသင့်တယ်။ (ကြံစည်ပုံကြမ်းတမ်းမှု ရပ်တန့်သည်အထိ တဖြည်းဖြည်း လျှော့ချသင့်တယ်။) အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့. . . ဥပမာအားဖြင့် လူတစ်ယောက်ဟာ မြန်မြန်သွားနေတယ် ဆိုပါတော့။ သူဟာ "ငါ ဘာ့ကြောင့် မြန်မြန် သွားရမလဲ? ဖြည်းဖြည်းသွားတာ ကောင်းပါတယ်" လို့ စဉ်းစားပြီး ဖြည်းဖြည်း သွားတယ်။ "ငါ ဘာ့ကြောင့် ဖြည်းဖြည်းသွားရမလဲ? ရပ်နေတာ ကောင်းပါတယ်" လို့ စဉ်းစားပြီး ရပ်နေတယ်။ "ငါ ဘာ့ကြောင့် ရပ်နေရမလဲ? ထိုင်နေတာ ကောင်းပါတယ်" လို့ စဉ်းစားပြီး ထိုင်နေတယ်။ "ငါ ဘာ့ကြောင့် ထိုင်နေရမလဲ? လျောင်းနေတာ ကောင်းပါတယ်"လို့ စဉ်းစားပြီး လျောင်း နေတယ်။ ရဟန်းတို့. . . အဲဒီလို ကြမ်းတမ်းတဲ့ ကြမ်းတမ်းတဲ့ ဣရိယာပုထ်ကို ရှောင်ကြဉ်၍ သိမ်မွေ့တဲ့ သိမ်မွေ့တဲ့ ဣရိယာ ပုထ်ကို ပြုလုပ်ရာသကဲ့သို့၊ ရဟန်းတို့. . . ထို့အတူပဲ အဲဒီ အကြံအစည်များကို သတိမပြု နှလုံးမသွင်းဘဲ နေပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ (၁၉၈) ဆက်ဖြစ်နေသေးတဲ့

ရဟန်းဟာ အဲဒီအကြံအစည်တို့ရဲ့ ကြံစည်ပုံကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းသင့်တယ်။ (ကြံစည်ပုံ ကြမ်းတမ်းမှု ရပ်တန့်သည်အထိ တဖြည်းဖြည်း လျှော့ချသင့်တယ်။) အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၄)

၂၂၀။ ရဟန်းတို့. . . အဲဒီ အကြံအစည်တို့ရဲ့ ကြံစည်ပုံ ကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့ သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီရဟန်းဟာ သွားချင်းကြိတ်၊ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်သင့်တယ်၊ ဖျစ်ညှစ်သင့်တယ်၊ ပင်ပန်းစေသင့်တယ်။ အဲဒီလို ဖိနှိပ်၊ ဖျစ်ညှစ်၊ ပင်ပန်းစေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း သွားခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့. . . ဥပမာအားဖြင့် အားကောင်းတဲ့ (၁၉၉) လူတစ်ယောက်ဟာ အားနည်းတဲ့ လူတစ်ယောက်ကို ခေါင်းမှာဖြစ်စေ၊ လည်ပင်းမှာဖြစ်စေ၊ ပခုံးမှာ ဖြစ်စေ ဆုပ်ကိုင်၍ ဖိနှိပ်၊ ဖျစ်ညှစ်၊ ပင်ပန်းစေသကဲ့သို့ ရဟန်းတို့ ထို့အတူပဲ အဲဒီ အကြံအစည်တို့ရဲ့ ကြံစည်ပုံ ကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ ဆက်ဖြစ်နေသေးတဲ့ ရဟန်းဟာ သွားချင်းကြိတ်၊ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်သင့်တယ်၊ ဖျစ်ညှစ်သင့်တယ်။ အဲဒီလို ဖိနှိပ်၊ ဖျစ်ညှစ်၊ ပင်ပန်းစေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့်စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၅)

၂၂၁။ ရဟန်းတို့. . . ဒီရဟန်းဟာ ကြံစည်မှု လှည့်လည်ရာ လမ်းကြောင်း၌ လေ့ကျင့်ပြီးသူ (ကျွမ်းကျင်ပြီးသူ) ဖြစ်တယ်။ ကြံစည်လိုတဲ့ အကြံအစည်ကို ကြံစည်လမ့်မယ်။ မကြံစည်လိုတဲ့ အကြံအစည်ကို မကြံစည်ဘဲ နေလိမ့်မယ်။ သူဟာ တဏှာကို ဖြတ်တောက်ပြီးသူ ဖြစ်တယ်၊ သံယောဇဉ် အနှောင်အဖွဲ့ကို ဖြေပြီးသူဖြစ်တယ်။ မာနကို သိပြီး ပယ်ပြီးသူ ဖြစ်တယ်၊ ဒါ့ကြောင့် သူ့မှာ ဒုက္ခခပ်သိမ်း အေးငြိမ်းသွားတော့တယ်။ ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားပြီးတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာ-ုခေါ် ဆိုခဲ့ကြပါတယ်။

(၁၀-မှတ်)(မ၊မြန်၊၁။၁၇၁။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

## မေးခွန်းနှင့် အဖြေ

၂။ သာသနာတော်၏ အနှစ်, အကာ, အခေါက်, အပွေး, အခက်အရွက်တို့ကို ပြသော သုတ္တန်ကို အနှစ်ချုပ် ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ သာသနာတော်၏ အနှစ်, အကာ, အခေါက်, အပွေး, အခက်အရွက်တို့ကို ပြသော သုံတ္တန်
**မဟာသာရောပမသုတ်**

အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ ဒီအချိန်ဟာ အရှင်ဒေဝဒတ် သံဃာကို သင်းခွဲ, မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်တော်မှာ သွေးစိမ်းတည်အောင် ပြုကာ ထွက်သွားလို့ မကြာသေးမီအချိန် ဖြစ်ပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်ဒေဝဒတ်ကို အကြောင်းပြုကာ ရဟန်းများကို အခုလို မိန့်ကြားတော်မူခဲ့ပါတယ် —

ရဟန်းတို့. . . ဥပမာအားဖြင့် အနှစ်ကို လိုချင်တဲ့ လူတစ်ယောက်ဟာ အနှစ်ရှာရန် တောသို့ ထွက်လာခဲ့တယ်။ အဲဒီအခါမှာ သူဟာ အနှစ်ရှိတဲ့ သစ်ပင်ကြီးတစ်ပင်ကို တွေ့တယ်။ ဒါပေမဲ့ သူဟာ အနှစ်ကိုလည်း မသိ၊ အကာကိုလည်း မသိ၊ အခေါက်ကိုလည်း မသိ၊ အပွေးကိုလည်း မသိဘဲ အခက်အရွယ်ကို အနှစ်လို့ တင်ကာ အခက်အရွက်ကိုသာ ဖြတ်တောက်ယူကာ ထွက်လာခဲ့တယ်။ ရဟန်းတို့. . . တို့အတူပဲ လောကမှာ သဒ္ဓါတရားရှိတဲ့ အမျိုးကောင်းသားတချို့ဟာ ဒုက္ခတွေနဲ့ ကြုံတွေ့ရလို့ အဲဒီဒုက္ခတွေမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရည်မှန်းပြီး ရဟန်းပြုလာတယ်။ အဲဒီအမျိုးကောင်းသား ရဟန်းဖြစ်လာတဲ့အခါ လာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှုတို့ကို ရတယ်။ အဲဒီရဟန်းဟာ အဲဒီလာဘ်လာဘ၊ ပူဇော်သက္ကာရ၊ ကျော်စောမှုတို့နှင့် တင်းတိမ်ရောင့်ရဲ အားရကျေနပ်ကာ နေတယ်။ အဲဒီ (၃၁၀) ရဟန်းဟာ အဲဒီလာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှု တို့ကြောင့် "ငါဟာ ဘုန်းကြီးတယ်။ တခြားရဟန်းတွေဟာ ဘုန်းမကြီးကြဘူး" လို့ မိမိကိုယ်ကို အထင်ကြီး ဘဝင်မြင့်ကာ သူတစ်ပါးကို ရှုတ်ချတယ်။ အဲဒီရဟန်းဟာ အဲဒီလို လာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှုတို့ကို အကြောင်းပြုကာ မေ့လျော့ပေါ့ဆမှုကြောင့် ဆင်းဆင်းရဲရဲ နေထိုင်ရတယ်။ ရဟန်းတို့. . . အဲဒီရဟန်းကို သာသနာတော်ရဲ့ အခက်အရွက်မျှကိုသာ ယူတဲ့ ရဟန်းလို့ ခေါ်သင့်တယ်။ အဲဒီရဟန်းဟာ အဲဒီ လာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှုမှာပဲ လမ်းဆုံးသွားခဲ့တယ်။

ရဟန်းတို့. . . ဒုတိယလူတစ်ယောက်ဟာ အပွေးကို အနှစ်လို့ ထင်ကာ အပွေးကို ခုတ်ဖြတ်ယူလာသကဲ့သို့ ဒုတိယရဟန်းဟာ သီလမျှနှင့် ကျေနပ်အားရကာ သီလမှာပဲ လမ်းဆုံးခဲ့တယ်။ တတိယလူတစ်ယောက်ဟာ အခေါက်ကို အနှစ်လို့ထင်ကာ အခေါက်ကိုခုတ်ဖြတ် ယူလာသကဲ့သို့ တတိယရဟန်းဟာ သမာဓိမျှနှင့် ကျေနပ်အားရကာ သမာဓိမှာပဲ လမ်းဆုံးခဲ့တယ်။ စတုတ္ထလူတစ်ယောက်ဟာ အကာကို အနှစ်လို့အထင်ကာ အကာကို ခုတ်ဖြတ်ယူလာသကဲ့သို့ စတုတ္ထရဟန်းဟာ ဒိဗ္ဗစက္ခုအဘိညာဉ်မျှနှင့် ကျေနပ်အားရကာ ဒိဗ္ဗစက္ခုမှာပဲ လမ်းဆုံးခဲ့တယ်။ (၃၁၁)

ရဟန်းတို့. . . ပဉ္စမလူတစ်ယောက်ကတော့ အနှစ်ကို လိုချင်တဲ့အတွက် အနှစ်ရှာရန် တောသို့ထွက်လာခဲ့တယ်။

တောရောက်တော့ သူဟာ အနှစ်ရှိတဲ့ သစ်ပင်ကြီးတစ်ပင်ကို တွေ့တယ်။ သူကတော့ အနှစ်ကို အနှစ်လို့ သိတယ်။ ဒါနဲ့ သူဟာ အဲဒီအနှစ်ကို ဖြတ်တောက်ပြီး ယူလာခဲ့တယ်။ ထို့အတူပဲ ပဉ္စမရဟန်းဟာ လာဘသက္ကာရသိလောက၊ သီလ၊ သမာဓိ၊ ဒိဗ္ဗစက္ခုအဘိညာဉ်တို့မျှလောက်နှင့် တင်းတိမ် ရောင့်ရဲမနေဘဲ ဆက်လက်ပြီး ကြိုးစားအားထုတ်တယ်။ အဲဒီလို ကြိုးစားအားထုတ်တဲ့အခါ အဲဒီရဟန်းဟာ အခါခပ်သိမ်း လွတ်မြောက်ရာလောကုတ္တရာတရားကိုးပါးကို ရတယ်။ ရဟန်းတို့. . . အဲဒီရဟန်းဟာ အဲဒီလောကုတ္တရာ တရားကိုးပါးမှ ဆုတ်ယုတ်စရာအကြောင်း မရှိတော့။ ရဟန်းတို့. . . အခု ဟောပြခဲ့တဲ့အတိုင်း ငါဘုရားရဲ့ သာသနာတော်ဟာ လာဘသက္ကာရသိလောကမျှလောက်သာ အကျိုးရှိတဲ့ သာသနာတော်မဟုတ်၊ သီလမျှ၊ သမာဓိမျှ၊ ဒိဗ္ဗစက္ခုအဘိညာဉ်မျှလောက်သာ အကျိုးရှိတဲ့ သာသနာတော်လည်း မဟုတ်၊ ဖေါက်ပြန် ပျက်စီးခြင်း ကင်းဝေးရာ အရဟတ္တဖိုလ်ဟူသော အကျိုးရှိတဲ့ သာသနာတော် ဖြစ်တယ်။ အရဟတ္တဖိုလ်သည်သာ သာသနာတော်ရဲ့ အနှစ်သာရ ဖြစ်တယ်။ အရဟတ္တဖိုလ်သည်သာ သာသနာတော်ရဲ့ ပန်းတိုင် ဖြစ်တယ်-လို့ ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး ရဟန်းများဟာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြပါတယ်။

**မဟာသာရောပမသုတ် ပြီးပြီ။**

**စူဠသာရောပမသုတ်**

ဤစူဠသာရောပမသုတ်သည် အနှစ်သာရအားဖြင့် မဟာသာရောပမသုတ်နှင့် တူသည်။

မှတ်ချက်။ ။ စူဠသာရောပမသုတ်ကို ဖြေလျှင်လည်း ပေးပါ။ (၁၀-မှတ်)(မ၊မြန်၊၁။၂၅၉။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

••••••••••••••••••••••••••••••••••••••••••••••••••••••

## မေးခွန်းနှင့် အဖြေ

၃။ ဘုရားရှင် ဘုဉ်းပေးပြီး၍ ပိုနေသော ဆွမ်းကို စွန့်ပစ်လိုသော ရဟန်းနှင့် စားလိုသော ရဟန်းတို့တွင် အဘယ်ရဟန်းကို ဘုရားရှင်က ချီးမွမ်းတော်မူပါသနည်း? ဓမ္မဒါယာဒသုတ္တန်လာအတိုင်း ပြည့်ပြည့်စုံစုံ ဖြေဆိုခဲ့ပါ။

ဖြေ။ ရဟန်းတို့. . . ငါဘုရား တင်းတိမ်အောင် ဆွမ်းဘုဉ်းပေးပြီးတော်မူလို့ ဆွမ်းတွေဟာ ပိုနေတယ်၊ စွန့်ပစ်ရတော့မယ့် အနေအထားမှာ ရှိတယ်ဆိုပါတော့။ အဲဒီအခါမှာ ဆွမ်းဆာနေတဲ့ ရဟန်းနှစ်ပါး ရောက်လာကြတယ်။ ဒါနဲ့ ငါဘုရားက အဲဒီရဟန်း နှစ်ပါးအား "ရဟန်းတို့. . . ငါဘုရား ပြည့်စုံတော်မူပြီ။ ဒီဆွမ်းတွေကို စားလိုက စားကြ။ မစားလိုက စိမ်းစိုတဲ့ မြက်သစ်ပင် မရှိတဲ့ နေရာမှာ ဖြစ်စေ၊ ပိုးမွှားမရှိတဲ့ ရေထဲမှာ ဖြစ်စေ စွန့်ပစ်လိုက်တော့မယ်" လို့ မိန့်ကြားတော်မူတယ်။ အဲဒီအခါမှာ ရဟန်းတစ်ပါးက "ဒီဆွမ်းတွေကို ငါတို့ မစားကြလျှင် မြတ်စွာဘုရား စွန့်ပစ်တော်မူတော့မယ်။ ဒါပေမဲ့ ပစ္စည်းအမွေမခံဘဲ တရားအမွေသာ ခံကြရန်လည်း မြတ်စွာဘုရားက ဟောကြားထားတော်မူပြန်တယ်။ ဒီဆွမ်းဆိုတာလည်း ပစ္စည်းတစ်မျိုးပဲ ဖြစ်တယ်။ ဒီတော့ ဒီဆွမ်းကို မစားဘဲ ဒီအတိုင်း ဆာဆာနဲ့ပဲ ဒီတစ်ရက်တော့ ကုန်စေလိုက်တာ ကောင်းပါတယ်" (၂၃) လို့ စဉ်းစားတယ်။ အဲဒီရဟန်းဟာ အဲဒီဆွမ်းကို မစားဘဲ ဒီအတိုင်း ဆာဆာနဲ့ပဲ အဲဒီတစ်ရက်ကို ကုန်လွန်စေခဲ့တယ်။ ဒုတိယရဟန်းကတော့ "ငါတို့ မစားကြလျှင် ဒီဆွမ်း တွေကို စွန့်ပစ်တော်မူတော့မယ်။ ဒီဆွမ်းကို စားပြီး ဆာလောင်မှုကို ပယ်ဖျောက်ကာ ဒီတစ်ရက်ကို ကုန်လွန်စေတာ ကောင်းပါတယ်"လို့ စဉ်းစားတယ်။ အဲဒီ ရဟန်းဟာ အဲဒီ ဆွမ်းကိုစားပြီး ဆာလောင်မှုကို ပယ်ဖျောက်ကာ အဲဒီ တစ်ရက်ကို ကုန်လွန်စေခဲ့တယ်။ ရဟန်းတို့. . . အဲဒီရဟန်းနှစ်ပါးအနက် ငါဘုရားရဲ့ ပထမရဟန်းကိုသာ ပိုပြီး ချီးမွမ်းထိုက်တယ်။ ဘာ့ကြောင့်လဲဆိုတော့ - အဲဒီလို မစားခြင်းကြောင့် အဲဒီရဟန်းဟာ ကြာမြင့်စွာ အလိုနည်းသူ ဖြစ်လိမ့်မယ်၊ ရောင့်ရဲလွယ်သူ ဖြစ်လိမ့်မယ်၊ ကိလေသာကို ခေါင်းပါးစေသူ ဖြစ်လိမ့်မယ်၊ မွေးမြူလွယ်သူ ဖြစ်လိမ့်မယ်၊ ကြိုးစားအားထုတ်သူ ဖြစ်လိမ့်မယ်။ (၁၀-မှတ်)(မ၊မြန်၊၁။၁၇။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

## မေးခွန်းနှင့် အဖြေ

၄။ ခန္ဓာကိုယ်ကို စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း ဆင်ခြင်ပုံကို မဟာသတိပဋ္ဌာန်သုတ္တန်မှာ လာသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ **ခန္ဓာကိုယ်ကို စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း ဆင်ခြင်ပုံ**

၁၁၀။ ရဟန်း တို့. . . နောက်တစ်မျိုးကတော့ - ဥပမာအားဖြင့် ကောက်ကြီးစပါး၊ ကောက်လတ်စပါး၊ ပဲနောက်၊ မတ်ပဲ၊ နှမ်း၊ ဆန်စသည်တို့ဖြင့် ပြည့်နေသော နှစ်ဘက်အဝပါရှိတဲ့ အိတ်တစ်လုံးရှိတယ် ဆိုပါတော့။ အဲဒီအိတ်ကို မျက်စိမြင်တဲ့ လူတစ်ယောက်ဟာ ဖြေပြီး "ဒါတွေဟာ ကောက်ကြီးစပါးတွေပဲ။ ဒါတွေ ဒါတွေဟာ ပဲနောက်၊ မတ်ပဲ၊ နှမ်း၊ ဆန်တွေပဲ . . ." စသည်ဖြင့် ဆင်ခြင်သကဲ့သို့ ရဟန်းတို့. . . ထို့အတူပဲ မစင်မကြယ် ရွံစဖွယ်အမျိုးမျိုးဖြင့် ပြည့်၍ ခြေဆုံး ခေါင်းဆုံး အရေဖုံးထားတဲ့ ဒီခန္ဓာကိုယ်ကို ရဟန်းဟာ ရှုဆင်ခြင်တယ်။ "ဤငါ၏ ခန္ဓာကိုယ်မှာ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သာ ရှိကြပါတကား"လို့ ရှုကြည့် ဆင်ခြင်တယ်။ အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာ အစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ (၉၁) ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ "ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။ ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

(၁၀-မှတ်)(မ၊မြန်၊၁။၇၉။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

## မေးခွန်းနှင့် အဖြေ

၅။ မြတ်စွာဘုရား၏ အားတော်ဆယ်ပါးကို မဟာသီဟနာဒသုတ္တန်မှာ လာသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ **မြတ်စွာဘုရား၏ အားတော်ဆယ်ပါး**

သာရိပုတ္တရာ. . . မြတ်စွာဘုရားမှာ အားတော်ဆယ်မျိုး ရှိတယ်။ အဲဒီဆယ်မျိုးဆိုတာက-

(၁) ဖြစ်နိုင်သည်ကို ဖြစ်နိုင်သောအားဖြင့် မဖြစ်နိုင်သည်ကို မဖြစ်နိုင်သောအားဖြင့် အမှန်အတိုင်း သိတော်မူခြင်း

(၂) အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကံတို့၏ အကျိုးတရားကို အမှန်အတိုင်း သိတော်မူခြင်း (၁၂၇)

(၃) ဂတိငါးပါး (ဘဝငါးမျိုး)သို့ ရောက်ကြောင်း အကျင့်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တို့ကို အမှန်အတိုင်း သိတော်မူခြင်း

(၄) များစွာသော ဓာတ်၊ အမျိုးမျိုးသော ဓာတ်တို့ကို အမှန်အတိုင်း သိတော်မူခြင်း

(၅) သတ္တဝါ (သက်ရှိပုဂ္ဂိုလ်)တို့၏ စိတ်ထား အမျိုးမျိုးကို အမှန်အတိုင်း သိတော်မူခြင်း

(၆) သူတပါးတို့၏ ဣန္ဒြေ (ပါရမီ) အနုအရင့်ကို အမှန်အတိုင်း သိတော်ခြင်း

(၇) ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်တို့၏ ညစ်နွမ်းကြောင်း၊ ဖြူစင်ကြောင်း၊ ထမြောက်ကြောင်းတို့ကို အမှန်အတိုင်း သိတော်မူခြင်း

(၈) ရှေး၌ နေဖူး (ဖြစ်ဖူးသော) ဘဝများစွာ၊ ကမ္ဘာများစွာတို့ကို အောက်မေ့ အမှတ်ရတော်မူနိုင်ခြင်း

(၉) စုတေကြ၊ ပဋိသန္ဓေနေကြသော သတ္တဝါ အမျိုးမျိုးကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်တော်မူခြင်း

(၁၀) အာသဝေါ (အကုသိုလ်) ကုန်ကြောင်း အရဟတ္တဖိုလ်ကို ရတော်မူခြင်းတို့ ဖြစ်တယ်။

(၁-မှတ်စီ)(မ၊မြန်၊၁။၁၀၇။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## မေးခွန်းနှင့် အဖြေ

၆။ မြေကြီးဥပမာ မေတ္တာထားနည်းနှင့် လှံဥပမာ မေတ္တာထားနည်းတို့ကို ကကစူပမသုတ္တန်မှာ လာသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ **မြေကြီး ဥပမာ မေတ္တာ ထားနည်း-**

ရဟန်းတို့. . . ဥပမာအားဖြင့် လူတစ်ယောက်ဟာ ပေါက်တူးနှင့်တောင်းကို ယူပြီး လာတယ် - ဆိုပါတော့။ အဲဒီလူဟာ "ဒီမြေကြီးကို မြေကြီးမဟုတ်အောင် ငါ ပြုလုပ်အံ့" လို့ ပြောတယ်။ ပြီးတော့ သူဟာ ဟိုနေရာတူး၊ ဒီနေရာတူး တူးတယ်။ ဟိုနေရာ ကြဲဖြန့်၊ ဒီနေရာ ကြဲဖြန့် ကြဲဖြန့်တယ်။ ဟိုနေရာတံတွေးတွေး၊ ဒီနေရာတံတွေးတွေး ထွေးတယ်။ ဟိုနေရာ ကျင်ငယ်စွန့်၊ ဒီနေရာ ကျင်ငယ်စွန့် စွန့်တယ်။ "မြေကြီး မဟုတ်တော့သည် ဖြစ်ဟ၊ မြေကြီး မဟုတ်တော့သည် ဖြစ်ဟ"လို့လည်း ပါးစပ်က တတွတ်တွတ် ပြောတယ်။ ရဟန်းတို့. . . အဲ့ဒါကို ဘယ်လိုထင်ကြသလဲ? အဲဒီ လူဟာ ဒီမြေကြီးကို မြေကြီးမဟုတ်အောင် ပြုလုပ်နိုင်ရာသလော? (၂၁၂) "အရှင်ဘုရား. . . အဲဒီလူဟာ ဒီမြေကြီးကို မြေကြီး မဟုတ်အောင် မပြုလုပ်နိုင်ရာပါ။ ဘာ့ကြောင့်လဲဆိုတော့ - ဒီမြေကြီးက ထုထည်လည်း အလွန်ကြီးမား၍ ကျယ်ပြန့်လည်း အလွန် ကျယ်ပြန့်သောကြောင့် ဖြစ်ပါတယ် ဘုရား။ အဲဒီလူဟာ ပင်ပန်း ဆင်းရဲရုံမျှသာ ရှိပါမယ် ဘုရား" "ရဟန်းတို့. . . ထို့အတူပဲ သူတစ်ပါးတို့က သင်တို့အား စကား (အစုံ) ငါးမျိုးအနက် တစ်မျိုးမျိုးဖြင့် ပြောကြားလာတဲ့အခါ အဲဒီပြောတဲ့ ပုဂ္ဂိုလ်နှင့်တကွ တစ်လောကလုံးကို မြေကြီးနှင့်တူတဲ့ မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့" ဟု သင်တို့ ကျင့်ကြရမယ်။

**လှံ ဥပမာ မေတ္တာ ထားနည်း-**

ရဟန်းတို့. . . အောက်တန်းစား အလုပ်ကို ပြုလုပ်လေ့ ရှိကြတဲ့ ခိုးသူတွေက နှစ်ဘက်အရိုးပါတဲ့ လှံနဲ့ (သင်တို့ရဲ့) အင်္ဂါကြီးငယ်ကို တိုက်ဖြတ်ကြစေအံ့းတော့၊ အဲဒီခိုးသူတို့အား ပြန်၍ စိတ်ပြစ်မှားသော ရဟန်းသည်ပင် ငါဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာသူမဟုတ်။ ရဟန်းတို့. . . အဲဒီလို လှံနဲ့ တိုက်ဖြတ်ခံရတောင့်မှ "ငါတို့ရဲ့ စိတ်ကို မဖေါက်ပြန် စေအံ့" ဟု သင်တို့ ကျင့်ကြရမယ်။ "ယုတ်မာတဲ့ စကားကို မမြွက်ဆိုအံ့"ဟုလည်း သင်တို့ ကျင့်ကြရမယ်။ "သူတို့ရဲ့ အကျိုးစီးပွားကို လိုလား၍ ဒေါသဖယ်ရှား မေတ္တာထားကာ နေကြကုန်အံ့" ဟုလည်း သင်တို့ ကျင့်ကြရမယ်။ "လှံနဲ့ တိုက်တဲ့ အဲဒီပုဂ္ဂိုလ်ကို မေတ္တာစိတ်နဲ့ ဖြန့်၍ နေကြကုန်အံ့" ဟုလည်း သင်တို့ ကျင့်ကြရမယ်။ "မေတ္တာရဲ့ အာရုံဖြစ်တဲ့ တစ်လောကလုံးကို ကြီးမားကျယ်ပြန့်၍ ဘေးရန်ကင်းသော မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့"ဟုလည်း သင်တို့ ကျင့်ကြရမယ်။ (၅-မှတ်စီ)(မ၊မြန်၊၁။၁၈၂။၁၈၄။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

## မေးခွန်းနှင့် အဖြေ

၇။ ဘယ်လို ရဟန်းမျိုးကို "ရဟန္တာ"ဟု ခေါ်သည်ကို စူဠသစ္စကသုတ္တန်မှာ လာသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ "အရှင်ဂေါတမ. . . ဘယ်လို ရဟန်းမျိုးဟာ ရဟန္တာ ဖြစ်ပါသလဲ?" "သစ္စက. . . ငါဘုရားရဲ့ သာသနာတော်မှာ ရဟန်း တစ်ပါးဟာ အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်, ကိုယ်တွင်းရုပ်, ကိုယ်ပရုပ်, ကြမ်းတမ်းတဲ့ရုပ်, နူးညံ့တဲ့ရုပ်, ယုတ်ညံ့တဲ့ရုပ်, မြင့်မြတ်တဲ့ရုပ်,အဝေးမှာရှိတဲ့ရုပ်, အနီးမှာရှိတဲ့ရုပ်ဆိုတဲ့ ရုပ်မှန်သမျှကို 'ဒါဟာ ငါ့ဥစ္စာ မဟုတ်၊ ဒါဟာ ငါ မဟုတ်၊ ဒါဟာ ငါရဲ့ အတ္တမဟုတ်' (၃၄၄)လို့ အမှန်သိတဲ့ပညာနဲ့ အမှန်အတိုင်း တွေ့မြင်ပြီးသည့်အတွက် မစွဲလမ်းဘဲ လွတ်မြောက်သွားတယ်။ ဝေဒနာမှန်သမျှ, သညာမှန်သမျှ, သင်္ခါရမှန်သမျှ, ဝိညာဏ် မှန်သမျှကိုလည်း ထို့အတူပဲ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း တွေ့မြင်ပြီးသည့်အတွက် မစွဲလမ်းဘဲ လွတ်မြောက်သွားတယ်။ သစ္စက. . . အဲဒီလိုရဟန်းဟာ ရဟန္တာ ဖြစ်တယ်။ (၁၀-မှတ်)(မ၊မြန်၊၁။၃၀၅-၆။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

## မေးခွန်းနှင့် အဖြေ

၈။ သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါခုနစ်ပါးကို ကောသမ္ဗိယသုတ္တန်မှာ လာသည့်အတိုင်း ဖော်ပြခဲ့ပါ။

**ဖြေ။ သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါခုနစ်ပါး**

ရဟန်းတို့. . . သံသရာမှ လွတ်မြောက်ကြောင်း အယူဟာ ဘာ့ကြောင့် အချက်အချာ ပဓာန ဖြစ်သလဲဆိုတော့- ငါဘုရားသာသနာတော်မှာ ရဟန်းတစ်ပါးဟာ တောသို့ ကပ်ရောက်ပြီး ဖြစ်စေ၊ သစ်ပင်ရင်းသို့ ကပ်ရောက်ပြီး ဖြစ်စေ၊ ဆိတ်ငြိမ်ရာတစ်နေရာရာသို့ ကပ်ရောက်ပြီး ဖြစ်စေ အမှန်အတိုင်း မသိနိုင်မမြင်နိုင်ကြောင်း ဖြစ်တဲ့ ထကြွမှုမျိုး ငါရဲ့ကိုယ်တွင်း သန္တာန်မှာ ရှိလေသလား" လို့ ဆင်ခြင်တယ်။ ရဟန်းတို့. . . အဲဒီအခါမှာ ရဟန်းဟာ ကာမရာဂ ထကြွခဲ့ဖူးသူ ဖြစ်လျှင် (အဲဒီထကြွခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ်ရှိသည်သာ (၄၃၄) ဖြစ်တယ်။ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စနှင့် ဝိစိကိစ္ဆာတို့ ထကြွခဲ့ဖူးသူ ဖြစ်လျှင်လည်း (အဲဒီထကြွခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ မျက်မှောက်လောက တမလွန်လောကတို့ကို ကြံစည်ခြင်း၌ အလေ့အလာများခဲ့ဖူးသူဖြစ်လျှင် (အဲဒီ အလေ့အလာများခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ ငြင်းခုံမှုဖြစ်ပွားလျက် အချင်းချင်း နှုတ်လှံထိုးကာ နေခဲ့ဖူးသူ ဖြစ်လျှင် (အဲဒီနေခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ ရဟန်းတို့. . . အဲဒီအခါမှာ ရဟန်းဟာ "အမှန်အတိုင်း မသိနိုင် မမြင်နိုင်ကြောင်းဖြစ်တဲ့ ထကြွမှုမျိုး ငါရဲ့ကိုယ်တွင်း သန္တာန်မှာ ရှိသေးပါတကား၊ ဒါပေမဲ့ သစ္စာလေးပါးကို သိဖို့ရာ ငါရဲ့စိတ်ကို ကောင်းစွာထားပြီးပြီ" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီရဟန်း အဲဒီလို ပထမဆုံး ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၄။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ဘုရားသားတော်ဟာ "အဲဒီအယူကို မှီဝဲပွားများသောကြောင့် ငါရဲ့ စိတ်မှာ ငြိမ်းချမ်းမှုကို ရသလား" လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ဒီအယူကို မှီဝဲ ပွားများသောကြောင့် ငါရဲ့ စိတ်မှာ ငြိမ်းချမ်းမှုကို ရတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ဒုတိယမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ (၄၃၅) ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၅။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ဘုရားသားတော်ဟာ "ငါ့မှာ ရှိတဲ့ ဒီအယူမျိုးရှိသည့် တခြား သမဏဗြာဟ္မဏများ ဒီဘုရားသာသနာတော်မှ အပမှာ ရှိလေသလား" လို့ စဉ်းစား ဆင်ဆင်ခြင်တဲ့အခါ "မရှိပါတကား" ဆိုတဲ့ အသိဉာဏ်ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို တတိယမြောက်ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၆။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ဥပမာအားဖြင့် ပက်လက်အိပ်အရွယ်ဖြစ်တဲ့ ကလေးသူငယ် လူမမယ်လေးဟာ လက်နဲ့ဖြစ်စေ၊ ခြေနဲ့ဖြစ်စေ မီးကျီးခဲကို ထိမိလျှင် လျှင်မြန်စွာပင် ပြန်ရုတ်သကဲ့သို့

သောတာပန်ပုဂ္ဂိုလ်ဟာ အာပတ်သင့်ခဲ့လျှင် အဲဒီအာပတ်ကို ကုစားတယ်၊ မြတ်စွာဘုရား အထံတော်မှာဖြစ်စေ၊ ပညာရှိသီတင်းသုံးဖော်တို့အထံမှာဖြစ်စေ လျှင်မြန်စွာ လျှောက်ထားဖော်ပြတယ်၊ နောင်အာပတ်မသင့်အောင် စောင့်စည်းတယ်။ ရဟန်းတို့. . . ဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဓမ္မတာသဘော ဖြစ်တယ်။ ရဟန်းတို့. . . ဘုရားသားတော်ဟာ "သောတာပန် ပုဂ္ဂိုလ်ရဲ့ အဲဒီဓမ္မတာသဘောနှင့် ငါ ပြည့်စုံရဲ့လား" လို့ စဉ်းစား ဆင်ခြင်တဲ့အခါ "ပြည့်စုံတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ (၄၃၆)

အဲဒီဘုရားသားတော် အဲဒီလို စတုတ္ထမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၇။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ဥပမာအားဖြင့် သားငယ်နွားကလေးရှိတဲ့ နွားမကြီးဟာ မြက်ကို ဆွဲစားရင်း နွားကလေးကိုလည်း စောင်းငဲ့ကြည့်ကာ ကြည့်ရှုစောင့်ရှောက်သကဲ့သို့ သောတာပန်ပုဂ္ဂိုလ်ဟာ သီတင်းသုံးဖော်တို့ရဲ့ ကိစ္စကြီးငယ်ကို ကြောင့်ကြစိုက်ရင်း မိမိရဲ့ မြင့်မြတ်တဲ့ သီလသမာဓိပညာ သိက္ခာ သုံးပါးကိုလည်း အလွန်ငဲ့ကွက်လေ့ရှိတယ်။ ရဟန်းတို့. . . ဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဓမ္မတာသဘော ဖြစ်တယ်။ ရဟန်းတို့. . . ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်ရဲ့ အဲဒီဓမ္မတာသဘောနှင့် ငါပြည့်စုံရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ပြည့်စုံတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ပဉ္စမမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၈။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- တရားတော်ကို ဟောကြားတော်မူသောအခါ လိုလိုလားလား အလေးအနက် နှလုံးသွင်းပြီး စိတ်အားထက်သန်စွာ နားစိုက် (၄၃၇) ထောင်လျက် တရားတော်ကို နာကြားခြင်းဟာ သောတာပန် ပုဂ္ဂိုလ်ရဲ့ စွမ်းအားတစ်ခု ဖြစ်တယ်။ ရဟန်းတို့. . . ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်မှာရှိတဲ့ အဲဒီစွမ်းအား ငါ့မှာ ရှိရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ရှိတယ်"ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ဆဋ္ဌမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၉။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့တရားတော်ကို ဟောကြားတော်မူသောအခါ တရားတော်ကို နာရလို့ တရားတော်နှင့်စပ်တဲ့ ဝမ်းမြောက်မှုကို ရခြင်းဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ စွမ်းအားတစ်ခု ဖြစ်တယ်။ ရဟန်းတို့ ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်မှာရှိတဲ့ အဲဒီစွမ်းအား ငါ့မှာ ရှိရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ရှိတယ်"ဆိုတဲ့ အသိဉာဏ်ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို သတ္တမမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ်ဖြစ်တယ်။

၅၀၀။ ရဟန်းတို့. . . အဲဒီအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံတဲ့ ဘုရားသားတော်ဟာ သောတာပန်ပုဂ္ဂိုလ် ဖြစ်တယ်။

(၁၀-မှတ်)(မ၊မြန်၊၁၊၄၁၁။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

## မေးခွန်းနှင့် အဖြေ

၉။ အောက်ပါ သုတ္တန်တို့ကို ဟောကြားခဲ့ရာ မြို့များကို အသီးအသီး ဖော်ပြခဲ့ပါ။

(က) သမ္မာဒိဋ္ဌိသုတ္တန်၊ (ခ) စေတောခိလသုတ္တန်၊

(ဂ) ဝမ္မိကသုတ္တန်၊ (ဃ) စူဠသစ္စကသုတ္တန်၊ (င) ဝီမံသကသုတ္တန်။

ဖြေ။ (က) သာဝတ္ထိမြို့။ (ခ) သာဝတ္ထိမြို့။ (ဂ) သာဝတ္ထိမြို့။ (ဃ) ဝေသာလီမြို့။ (င) သာဝတ္ထိမြို့။

(၁၀-မှတ်)(မ၊မြန်၊၁။၆၁။၁၅၀။၂၀၀။၂၉၇။၄၀၅။)

၁၀။ "သာသနာပြုသူ"ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကို မြတ်စွာဘုရားက အဘယ်သို့ ရှင်းပြတော်မူခဲ့ပါသနည်း? အဘယ်သူက မေး၍ ဖြေကြားတော်မူခဲ့ပါသနည်း? ကြိုးစား၍ ဖြေကြားခဲ့ပါ။

ဖြေ။ အရှင်ဂေါတမ. . . အရှင်ဂေါတမရဲ့ ဘယ်လို ကျင့်တဲ့ တပည့်သာဝကဟာ အရှင်ဂေါတမရဲ့ (၃၄၃) သာသနာကို ပြုသူဖြစ်ပါသလဲ? အရှင်ဂေါတမရဲ့ အဆုံးအမ ဩဝါဒကို လိုက်နာသူ ဖြစ်ပါသလဲ? ဆရာ့အဆုံးအမနဲ့ ယုံမှားကင်းစွာ နေထိုင်သူ ဖြစ်ပါသလဲ?" "သစ္စက. . . ငါဘုရားရဲ့ တပည့်တစ်ယောက်ဟာ အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်, ကိုယ်တွင်းရုပ်, ကိုယ်ပရုပ်, ကြမ်းတမ်းတဲ့ရုပ်, နူးညံ့တဲ့ရုပ်, ယုတ်ညံ့တဲ့ရုပ်, မြင့်မြတ်တဲ့ရုပ်, အဝေးမှာရှိတဲ့ရုပ်, အနီးမှာရှိတဲ့ရုပ်ဆိုတဲ့ ရုပ်မှန်သမျှကို "ဒါဟာ ငါ့ဥစ္စာမဟုတ်၊ ဒါဟာ ငါ မဟုတ်၊ ဒါဟာ ငါရဲ့ အတ္တမဟုတ်' လို့ အမှန်သိတဲ့ပညာနဲ့ အမှန်အတိုင်း ရှုမြင်တယ်။ ဝေဒနာမှန်သမျှ, သညာမှန်သမျှ, သင်္ခါရမှန်သမျှ, ဝိညာဏ်မှန်သမျှတို့ကိုလည်း ထို့အတူပဲ ရှုမြင်တယ်။ သစ္စက. . . ငါဘုရားရဲ့ အဲဒီလို ကျင့်တဲ့ တပည့်သာဝကဟာ ငါဘုရားရဲ့ သာသနာကို ပြုသူ ဖြစ်တယ်။ ငါဘုရားရဲ့ အဆုံးအမဩဝါဒ်ကို လိုက်နာသူ ဖြစ်တယ်။ ဆရာ့အဆုံးမနဲ့ ယုံမှားကင်းစွာ နေထိုင်သူ ဖြစ်တယ်။"

သစ္စက-က မေး၍ ဖြေကြားတော်မူခဲ့ပါသည်။ (၈-မှတ်+၂-မှတ်)(မ၊မြန်၊၁။၃၀၅။)

မှတ်ချက်။ ။ ပါဠိတော်မြန်မာပြန်စာအုပ်အတိုင်း ဖြေဆိုလည်း အမှတ်ပေးပါ။

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် အဖြေ**

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆) ရက်၊ (၂၂. ၆. ၂၀၁၅) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ စိတ်၏ အညစ်အကြေး ခြစ်ခွာပုံနည်းလမ်း မည်မျှ ရှိသည်ကို ဖော်ပြ၍၊ ထိုနည်းလမ်းများအနက် ရှေ့ဆုံး (၇)ခုကို ရေးသားဖော်ပြခဲ့ပါ။

၂။ ဘုရားသားတော် တစ်ပါးသည် အဘယ့်ကြောင့် မှန်ကန်သော အယူရှိသူ ဖြစ်သနည်း–ဟူသော မေးခွန်း၏ အဖြေများအနက် ပဌမဆုံး အဖြေကိုသာ ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါ။

၃။ သေလျှင် ငရဲ ကျမည့်သူနှင့် မီးကျီးတွင်းဥပမာ၊ သေလျှင် တိရစ္ဆာန် ဖြစ်မည့်သူနှင့် မစင်တွင်းဥပမာတို့ကို ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း တိတိကျကျ ဖော်ပြခဲ့ပါ။

၄။ မှန်ကြည့်သကဲ့သို့ ကြည့်ကာ မိမိကိုယ်ကို ပြုပြင်ပုံကိုလည်း အနုမာနသုတ်နှင့် အညီ ဖော်ပြခဲ့ပါ။

၅။ ကကစူပမသုတ်လာ ဝေဒေဟိကာဝတ္ထုကို ဖော်ပြ၍၊ အဘယ်ရဟန်းမျိုးကို အလွန်နူးညံ့သော ရဟန်းဟု ခေါ်ဆိုထိုက်သည်ကိုလည်း ဖော်ပြခဲ့ပါ။

၆။ တရားတော်တို့ကို မကောင်းသဖြင့် သင်ယူခြင်းသည် မကောင်းသဖြင့် မြွေဆိုးဖမ်းခြင်းနှင့် တူပုံကို ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါ။

၇။ အဘယ်ရဟန်းမျိုးသည် ဂေါသိင်္ဂ အင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသနည်း၊ အရှင်မဟာကဿပနှင့် အရှင်သာရိပုတြာတို့၏ အလိုကျ ဖြေဆိုပြခဲ့ပါ။

၈။ ငရဲကျကြောင်းတရားနှင့်နတ်ပြည်ရောက်ကြောင်းတရားတို့ကို အကျဉ်းချုပ် ဖော်ပြ၍၊ အမြဲပွားရမည့်တရား (၆)ပါးကိုလည်း ဖော်ပြခဲ့ပါ။

၉။ စူဠယမကဝဂ်မှ ရာဇဂြိုဟ်မြို့၌ ဟောကြားတော်မူအပ်သော သုတ်ကို ဖော်ပြ၍၊ သာလေယျကသုတ်နှင့် မာရတဇ္ဇနီယသုတ်တို့ကို ဟောရာ ဌာနတို့ကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ အောက်ပါ သုတ်တို့ ပါရှိရာ ဝဂ်နှင့် ဟောရာဌာနတို့ကို တိတိကျကျ ဖော်ပြခဲ့ပါ။

(က) အာကင်္ခေယျသုတ်၊ (ခ) မဟာဟတ္ထိပဒောပမသုတ်၊ (ဂ) ဝိတက္ကသဏ္ဌာနသုတ်၊

(ဃ) ဝီမံသကသုတ်၊ (င) ဗြဟ္မနိမန္တနိကသုတ်။

# ၀၃၇၇ – စုနစ်၊
# မူလပဏ္ဏာသပါဠိတော်မြန်မာပြန် အဖြေ

၁။ စိတ်၏ အညစ်အကြေး ခြစ်ခွာပုံနည်းလမ်း (၄၄) ခုရှိပါသည်။

(၁) တခြားသူတွေက ညှဉ်းဆဲသူများဖြစ်ကြသော်လည်း ငါတို့က မညှဉ်းဆဲသူများ ဖြစ်ကြမယ်။

(၂) တခြားသူတွေက သူတစ်ပါးအသက်ကို သတ်ကြသော်လည်း ငါတို့က သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြမယ်။

(၃) တခြားသူတွေက သူတစ်ပါးဥစ္စာကို ခိုးကြသော်လည်း ငါတို့က သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြမယ်။

(၄) တခြားသူတွေက မမြတ်သောအကျင့်ကို ကျင့်ကြသော်လည်း ငါတို့က မမြတ်သောအကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ကြမယ်။

(၅) တခြားသူတွေက လိမ်ညာပြောကြသော်လည်း ငါတို့က လိမ်ညာပြောခြင်းမှ ရှောင်ကြဉ်ကြမယ်။

(၆) တခြားသူတွေက ကုန်းတိုက်စကားကို ပြောကြသော်လည်း ငါတို့က ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြမယ်။

(၇) တခြားသူတွေက ကြမ်းတမ်းတဲ့စကားကို ပြောကြသော်လည်း ငါတို့က ကြမ်းတမ်းတဲ့စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကြမယ်။

၂။ ငါ့ရှင်တို့ ဘုရားသားတော်တစ်ပါးဟာ အကုသိုလ်ကိုလည်းသိတယ်။ အကုသိုလ်ဖြစ်ကြောင်းကိုလည်း သိတယ်။ ကုသိုလ်ကိုလည်း သိတယ်။ ကုသိုလ်ဖြစ်ကြောင်းကို လည်းသိတယ်။

ငါ့ရှင်တို့ အကုသိုလ်ဆိုတာ ဘာလဲ? အကုသိုလ်ဖြစ်ကြောင်းဆိုတာ ဘာလဲ? ကုသိုလ်ဆိုတာ ဘာလဲ? ကုသိုလ်ဖြစ်ကြောင်းဆိုတာ ဘာလဲဆိုတော့၊ ငါ့ရှင်တို့ သူတစ်ပါးရဲ့ အသက်ကို သတ်ခြင်း၊ သူတစ်ပါးရဲ့ဥစ္စာကို ခိုးခြင်း၊ သူတစ်ပါးရဲ့သားမယားကို ပြစ်မှားခြင်း၊ လိမ်ညာပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းတဲ့စကားကို ပြောခြင်း၊ အကျိုးမဲ့စကားကို ပြောခြင်း၊ သူတစ်ပါးပစ္စည်းကိုရရန် မတရားသဖြင့် ကြံစည်ခြင်း၊ သူတစ်ပါးရဲ့ စီးပွားချမ်းသာကို ဖျက်ဆီးခြင်း၊ အယူမှားခြင်းတို့ဟာ အကုသိုလ်များ ဖြစ်ကြတယ်။ လောဘ၊ ဒေါသ၊ မောဟတို့ဟာ အကုသိုလ်ဖြစ်ကြောင်းများ ဖြစ်ကြတယ်။

သူတစ်ပါးရဲ့ အသက်ကို မသတ်ခြင်း၊ သူတစ်ပါးဥစ္စာကို မခိုးခြင်း၊ သူတစ်ပါးရဲ့ သားမယားကို မပြစ်မှားခြင်း၊ လိမ်ညာမပြောခြင်း၊ ကုန်းမတိုက်ခြင်း၊ ကြမ်းတမ်းတဲ့စကားကို မပြောခြင်း၊ အကျိုးမဲ့စကားကို မပြောခြင်း၊ သူတစ်ပါးရဲ့ပစ္စည်းကိုရရန် မတရားသဖြင့် မကြံစည်ခြင်း၊ သူတစ်ပါးရဲ့ စီးပွားချမ်းသာကို မဖျက်ဆီးခြင်း၊ အယူမှန်ခြင်းတို့ဟာ ကုသိုလ်များ ဖြစ်ကြတယ်။ အလောဘ၊ အဒေါသ၊ အမောဟတို့ဟာ ကုသိုလ်ဖြစ်ကြောင်းများ ဖြစ်ကြတယ်။

ငါ့ရှင်တို့ ဘုရားသားတော်ဟာ အကုသိုလ် စသည်ကို အဲဒီလိုသိပြီး လောဘကိုပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကိုနုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်။ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်။

မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။ ငါ့ရှင်တို့ ဒါကြောင့် သူဟာ သမ္မာဒိဋ္ဌိ – မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။ (၁၀ မှတ်)

၃။ သာရိပုတ္တရာ ဥပမာအားဖြင့် မီးကျီးတွင်းတစ်တွင်း ရှိတယ်ဆိုပါတော့။ အဲဒီ မီးကျီးတွင်းဟာ တစ်သူ (ငါးတောင်)မက နက်တယ်။ မီးတောက်မီးခိုးကင်းတဲ့ မီးကျီးခဲရဲရဲတွေနဲ့ ပြည့်နေတယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန်ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်မွတ်သိပ်လာတဲ့ လူတစ်ယောက်ဟာ အဲဒီ မီးကျီးတွင်းဆီသို့ ဦးတည်ပြီး တစ်ကြောင်းတည်းသောလမ်းဖြင့် လာနေတယ်။

အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး ''ဒီလူဟာ မီးကျီးတွင်းသို့ ရောက်မည့်လမ်းကို လျှောက်နေတယ်''လို့ ပြောတယ်။ သူ ပြောတဲ့အတိုင်း မကြာမီမှာ မီးကျီးတွင်းဆီသို့ ဦးတည်လျှောက်လာတဲ့သူ မီးကျီးတွင်းထဲမှာကျပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို တွေ့မြင်ရတယ်။

သာရိပုတ္တရာ ထို့အတူပဲ သေလျှင် ငရဲကျကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ပုဂ္ဂိုလ်ကို ငါ ဘုရား သိတော်မူတယ်။ ငါ ဘုရား သိတော်မူတဲ့အတိုင်း မကြာမီမှာ အဲဒီပုဂ္ဂိုလ်သေတော့ ငရဲမှာကျပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ငါဘုရား တွေ့မြင်တော်မူတယ်။

သာရိပုတ္တရာ ဥပမာအားဖြင့် မစင်တွင်းကြီးတစ်တွင်းရှိတယ် ဆိုပါတော့။ အဲဒီ မစင်တွင်းကြီးဟာ တစ်သူ(ငါးတောင်)မက နက်တယ်။ မစင်တွေနဲ့ ပြည့်နေတယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန် ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်မွတ်သိပ်လာတဲ့ လူတစ်ယောက်ဟာ အဲဒီမစင်တွင်းဆီသို့ ဦးတည်ပြီး တစ်ကြောင်းတည်းသောလမ်းဖြင့် လာနေတယ်။ အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး ''ဒီလူဟာ မစင်တွင်းသို့ ရောက်မည့်လမ်းကို လျှောက်နေတယ်''လို့ ပြောတယ်။

သူ ပြောတဲ့အတိုင်း မကြာမီမှာ မစင်တွင်းဆီသို့ ဦးတည်လျှောက်လာတဲ့သူ မစင်တွင်းထဲမှာ ကျပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို တွေ့မြင်ရတယ်။ သာရိပုတ္တရာ ထို့အတူပဲ သေလျှင် တိရစ္ဆာန်ဖြစ်ကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ပုဂ္ဂိုလ်ကို ငါ ဘုရား သိတော်မူတယ်။ ငါ ဘုရား သိတော်မူတဲ့ အတိုင်းမကြာမီမှာ အဲဒီပုဂ္ဂိုလ်သေတော့ တိရစ္ဆာန်ဖြစ်ပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ငါဘုရား တွေ့မြင်တော်မူတယ်။ (၅+၅)မှတ်

၄။ ငါ့ရှင်တို့ အဲဒီတရားတွေမှာ ရဟန်းတစ်ပါးဟာ ''ငါသည် အလိုဆိုးရှိသူ၊ အလိုဆိုးနောက်သို့ လိုက်သူ ဖြစ်လေသလော''လို့ မိမိကိုယ်ကို ကိုယ်တိုင်ပင် ဆင်ခြင်ကြည့်ရမယ်။ ငါ့ရှင်တို့ ရဟန်းဟာ အဲဒီလို ဆင်ခြင်ကြည့်တဲ့အခါ ''ငါသည် အလိုဆိုးရှိသူ၊ အလိုဆိုးနောက်သို့ လိုက်နေသူဖြစ်နေ၏'' လို့ သိခဲ့လျှင် အဲဒီမကောင်းမှု အကုသိုလ်တရားတို့ကို ပယ်ဖို့ရာ ကြိုးစားအားထုတ်ရမည်။ ''ငါသည် အလိုဆိုးမရှိသူ၊ အလိုဆိုးနောက်သို့ မလိုက်သူ ဖြစ်၏''လို့ သိခဲ့လျှင် ကုသိုလ်တရားတို့ကို နေ့ရော ညဉ့်ပါ ကြိုးစား အားထုတ်လျက် အဲဒီနှစ်သက်ဝမ်းမြောက်မှုဖြင့်သာ နေရမယ်။ (ကျန်တဲ့အချက်များကိုလည်း ထို့အတူ

ပင် ဆင်ခြင်၍ ကြည့်ရမယ်။) ငါ့ရှင်တို့ ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ အလှပြင်လေ့ရှိတဲ့ မိန်းမပျို သို့မဟုတ် ယောကျ်ားပျိုဟာ သန့်ရှင်းစင်ကြယ်တဲ့ မှန်ထဲမှာဖြစ်စေ၊ ကြည်လင်တဲ့ ရေခွက်ထဲမှာဖြစ်စေ မိမိရဲ့ မျက်နှာရိပ်ကို ဆင်ခြင်ကြည့်တဲ့အခါ မျက်နှာပေါ်မှာ မြူမှုန်ကိုဖြစ်စေ၊ အညစ်အကြေးကိုဖြစ်စေ တွေ့မြင်ရလျှင် အဲဒီမြူမှုန် အညစ်အကြေးကို ပယ်ဖို့ရာ ကြိုးစားအားထုတ်ပြီး၊ မြူမှုန်ကိုဖြစ်စေ၊ အညစ်အကြေးကိုဖြစ်စေ မတွေ့မြင်ရလျှင် ''ငါ့မှာ ဟန်ကျလိုက်တာ၊ ငါ့မှာ သန့်ရှင်းစင်ကြယ်လိုက်တာ''လို့ ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ ရဟန်းဟာ ဆင်ခြင်ကြည့်လို ဒီမကောင်းမှု အကုသိုလ်တရားအားလုံး မပယ်ရသေးတာကို မိမိသန္တာန်မှာ တွေ့မြင်ရလျှင် အဲဒီမကောင်းမှု အကုသိုလ်တရားအားလုံးကို ပယ်ဖို့ရာ ကြိုးစားအားထုတ်ပြီး အဲဒီမကောင်းမှု အကုသိုလ်တရားအားလုံး ပယ်ပြီးတာကို မိမိသန္တာန်မှာ တွေ့မြင်ရလျှင် ကုသိုလ်တရားတို့ကို နေ့ရောညဥ့်ပါ ကြိုးစားအားထုတ်လျက် အဲဒီနှစ်သက်ဝမ်းမြောက်မှုဖြင့်သာ နေရမယ်။ (၁၀ မှတ်)

၅။ (က) ရဟန်းတို့ ရှေးက ဖြစ်ဖူးတာတစ်ခုကတော့ ဒီသာဝတ္ထိမြို့မှာပဲ ဝေဒေဟိကာဆိုတဲ့ အိမ်ရှင်မ တစ်ယောက် ရှိခဲ့ဖူးတယ်။ ရဟန်းတို့ အဲဒီ ဝေဒေဟိကာ အိမ်ရှင်မရဲ့ ကောင်းသတင်းဟာ ''ဝေဒေဟိကာဟာ သိမ်မွေ့နူးညံ့သူ ဖြစ်တယ်၊ မိမိကိုယ်ကို နှိမ့်ချသူ ဖြစ်တယ်၊ ငြိမ်းအေးသူ ဖြစ်တယ်''လို့ ကျော်စောနေတယ်။ ရဟန်းတို့ အဲဒီဝေဒေဟိကာအိမ်ရှင်မမှာ ကာဠီဆိုတဲ့ ကျွန်မလေးတစ်ယောက် ရှိတယ်။ အဲဒီကာဠီဟာ လိမ္မာသူ၊ မပျင်းရိသူ၊ အိမ်မှုကိစ္စတို့ကို ကောင်းစွာပြုစီရင်တတ်သူ ဖြစ်တယ်။ ရဟန်းတို့ တစ်နေ့တော့ ကာဠီဆိုတဲ့ ကျွန်မဟာ ''ငါ့အရှင်မရဲ့ ကောင်းသတင်းဟာ အတော်ကျော်စော နေတယ်၊ ငါ့အရှင်မရဲ့သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင်မထွက်တာလေလား? ဒါမှမဟုတ် အမျက်ဒေါသ တကယ်မရှိလို့ အပြင်မထွက်တာလေလား? ဒါမှမဟုတ် အိမ်မှုကိစ္စတို့ကို ငါက ကောင်းစွာပြုစီရင်ပေးသောကြောင့် သူ့ သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင်မထွက်တာ လေလား? ဒါမှမဟုတ် အမျက်ဒေါသ တကယ်မရှိလို့ အပြင်မထွက်တာလေလား? ဒါမှမဟုတ် အိမ်မှုကိစ္စတို့ကို ငါက ကောင်းစွာပြုစီရင်ပေးသောကြောင့် သူ့သန္တာန်မှာ အမျက်ဒေါသ ရှိပါလျက် အပြင်မထွက်တာလေလား? ဒါမှမဟုတ် အမျက်ဒေါသ တကယ်မရှိလို့ အပြင်မထွက်တာလေလား? အဲဒါကို သေချာသိရအောင် အရှင်မကို ငါ စမ်းကြည့်ရရင် ကောင်းမှာပဲ''လို့ စဉ်းစားတယ်။ ရဟန်းတို့ ကာဠီ ကျွန်မဟာ အဲဒီလိုစမ်းကြည့်လိုတဲ့အတွက် တစ်နေ့တော့ နေမြင့်မှ အိပ်ရာထတယ်။ အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။

''ဟဲ့ ... ကာဠီ'' ''ရှင်'' ''ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထသလဲ?'' ''ဘာမှမဖြစ်ပါဘူး'' ''ဘာမှမဖြစ်ဘဲနှင့်များ ကျွန်ယုတ်မနယ် နေမြင့်မှ အိပ်ရာထရတယ်လို့''လို့ ပြောကာ စိတ်ဆိုးမာန်ဆိုးနဲ့ မျက်မှောင်ကြုတ်ပြတယ်။ ရဟန်းတို့ အဲဒီအခါမှာ ကာဠီဟာ ''ငါ့အရှင်မရဲ့ သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင်မထွက်ခြင်း ဖြစ်တယ်။ တကယ်မရှိလို့ မဟုတ်။ တကယ်တော့ ငါက အိမ်မှုကိစ္စများကို ကောင်းစွာပြုစီရင်ပေးနေသောကြောင့်သာ သူ့သန္တာန်မှာရှိတဲ့ အမျက်ဒေါသ အပြင်မထွက်ခြင်းဖြစ်တယ်။ ဒေါသအမျက် တကယ်မရှိလို့ အပြင်မထွက်ခြင်းမဟုတ်။ ပိုသေချာအောင် ငါ အရှင်မကို တိုးပြီး စမ်းရရင် ကောင်းမှာပဲလို့ စဉ်းစားပြန်တယ်။

ရဟန်းတို့ နောက်တစ်နေ့မှာ ကာဠီဟာ ပိုပြီးနေမြင့်မှအိပ်ရာထတယ်။ ရဟန်းတို့ အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။ '''ဟဲ့ ကာဠီ'' ''ရှင်'' ''ဟဲ့ ဘာဖြစ်လို့နေမြင့်မှ အိပ်ရာထရသလဲ?''

''ဘာမှမဖြစ်ပါဘူး'' ''ဘာမှမဖြစ်ဘဲနင့်များ ကျွန်ယုတ်မနယ် နေမြင့်မှ အိပ်ရာထရတယ်လို့'' လို့ ပြောကာ စိတ်ဆိုးမာန်ဆိုးနဲ့ ဆဲဆိုကြိမ်းမောင်းတယ်၊ ရဟန်းတို့ အဲဒီအခါမှာ ကာဠီဟာ ''ငါ့အရှင်မရဲ့ သန္တာန်မှာ အမျက်ဒေါသ ရှိပါလျက် အပြင်မထွက်ခြင်း ဖြစ်တယ်၊ တကယ်မရှိလို့ မဟုတ်။ တကယ်တော့ ငါက အိမ်မှုကိစ္စများကို ကောင်းစွာပြုစီရင်ပေးနေသောကြောင့်သာ သူ့သန္တာန်မှာရှိတဲ့ အမျက်ဒေါသ အပြင်မထွက်ခြင်း ဖြစ်တယ်၊ ဒေါသအမျက် တကယ်မရှိလို့ အပြင်မထွက်ခြင်းမဟုတ်။ ပိုသေချာအောင် ငါ အရှင်မကို တိုးပြီးစမ်းရရင် ကောင်းမှာပဲ''လို့ စဉ်းစားပြန်တယ်။

ရဟန်းတို့ နောက်တစ်နေ့မှာ ကာဠီဟာ ပိုပြီးနေမြင့်မှ အိပ်ရာထတယ်။ ရဟန်းတို့ အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလိုမေးတယ်။ ''ဟဲ့ ကာဠီ'' ''ရှင်'' ''ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထရသလဲ?'' ''ဘာမှမဖြစ်ပါဘူး'' ဘာမှမဖြစ်ဘဲနင့်များ၊ ကျွန်ယုတ်မနယ် နေမြင့်မှ အိပ်ရာထရတယ်လို့'' လို့ ပြောကာ စိတ်ဆိုးမာန်ဆိုးနဲ့ တံခါးကျင်(ကန့်လန့်ကျင်)ကို ယူခဲ့ပြီး ကာဠီရဲ့ ဦးခေါင်းကို ရိုက်ခွဲခဲ့တယ်။ ရဟန်းတို့ အဲဒီအခါမှာ သွေးသံရဲရဲ ကွဲနေတဲ့ ဦးခေါင်းကြီးနဲ့ ''အရပ်တို့ သိမ်မွေ့နူးညံ့သူရဲ့ လုပ်ရပ်ကို ကြည့်ကြပါဦး။ မိမိကိုယ်ကို နှိမ့်ချသူရဲ့ လုပ်ရပ်ကို ကြည့်ကြပါဦး။ ဘယ်နယ့်တော် နေမြင့်မှ အိပ်ရာထရမလားဆိုပြီးစိတ်ဆိုးမာန်ဆိုးနဲ့တံခါးကျင်းကိုယူခဲ့ပြီးကျွန်မလေးတစ်ယောက်ရဲ့ဦးခေါင်းကို ရက်ရက်စက်စက် ရိုက်ခွဲရတယ်လို့''လို့ အိမ်နီးချင်းတို့အား ပြောဆိုတိုင်တန်းရှာတယ်။ ရဟန်းတို့ အဲဒီက နောက်မှာ ''ဝေဒေဟိကာ အိမ့်ရှင်မဟာ ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်၊ ခက်မာတယ်''လို့ ဝေဒေဟိကာရဲ့ သတင်းဆိုးဟာ ပျံ့နှံ့သွားတော့တယ်။

(ခ) မနှစ်သက်ဖွယ်စကားများ မိမိကို ထိကြပါလျက် အလွန်နူးညံ့၊ မိမိကိုယ်ကို အလွန်နှိမ့်ချ၊ အလွန်ငြိမ်းအေးသော ရဟန်းကိုသာ တကယ်နူးညံ့သူ၊ တကယ်မိမိကိုယ်ကိုနှိမ့်ချသူ၊ တကယ်ငြိမ်းအေးသူလို့ ခေါ်ထိုက်တယ်။ (၈+၂) မှတ်

၆။ ရဟန်းတို့ ဥပမာအားဖြင့် မြွေဆိုးကိုလိုချင်သူ၊ မြွေဆိုးကိုရှာချင်သူ လူတစ်ယောက်ဟာ မြွေဆိုးရှာထွက်ခဲ့တယ် ဆိုပါတော့။ သူဟာ မြွေဆိုးကြီးတစ်ကောင်ကို တွေ့တယ်။ ဒါနဲ့ သူဟာ အဲဒီ မြွေဆိုးရဲ့ ကိုယ်ကိုဖြစ်စေ၊ အမြီးကိုဖြစ်စေ ကိုင်ဖမ်းတယ်။ အဲဒီမြွေဆိုးဟာ ပြန်လှည့်၍ အဲဒီလူရဲ့ လက်ကောက်ဝတ်ကိုဖြစ်စေ၊ လက်မောင်းကိုဖြစ်စေ၊ တခြား အင်္ဂါကြီးငယ်တစ်ခုခုကိုဖြစ်စေ ကိုက်တော့တယ်။ အဲဒီမြွေဆိုး အကိုက်ခံရတဲ့အတွက်ကြောင့် အဲဒီလူဟာ သေရင်လည်း သေနိုင်တယ်။ သေလုနီးပါးသော်လည်း ဒုက္ခရောက်နိုင်တယ်။

ရဟန်းတို့ အဲဒါ ဘာကြောင့်လဲဆိုတော့ မြွေဆိုးကို မကောင်းသဖြင့် ဖမ်းမိခြင်း (အဖမ်းမတတ်ခြင်း) ကြောင့် ဖြစ်တယ်။ ရဟန်းတို့ ထို့အတူပဲ ဒီသာသနာတော်မှာ တချို့သော အချည်းနှီးဖြစ်တဲ့ ယောက်ျားများဟာ တရားတော်များကို သင်ယူကြပြီး အဲဒီတရားတော်များရဲ့ အနက်အဓိပ္ပာယ်ကိုတော့ မစူးစမ်း၊

မဆင်ခြင်ကြဘူး။ ဒါကြောင့် သူတို့ဟာ ရှင်းရှင်းလင်းလင်း သဘောမပေါက်ကြဘူး။ သူတို့ဟာ သူတစ်ပါးအား အပြစ်တင်ရခြင်း၊ သူတစ်ပါးတင်သော အပြစ်မှ လွတ်မြောက်ခြင်း အကျိုးရှိရုံသာ ရည်ရွယ်၍ တရားတော်ကို သင်ယူကြတယ်။ သင်ယူအပ်တဲ့ ပရိယတ္တိဓမ္မရဲ့ အကျိုးဖြစ်တဲ့ မဂ်ဖိုလ်ကိုကား သူတို့ မခံစားကြရကုန်။ မကောင်းသဖြင့် သင်ယူအပ်တဲ့ အဲဒီတရားများဟာ သူတို့အတွက် ကာလရှည်ကြာစွာ ဆုတ်ယုတ်ကြောင်း၊ ဆင်းရဲကြောင်း ဖြစ်ကြတယ်။ ရဟန်းတို့ အဲဒါ ဘာကြောင့်လဲဆိုတော့ တရားတော်တို့ကို မကောင်းသဖြင့် သင်ယူခြင်းကြောင့် ဖြစ်တယ်။ (၁၀ မှတ်)

၇။ (က) ''အရှင်မဟာကဿပကကော ဘယ်လိုထင်ပါသလဲ ဘုရား''

''အရှင်ဘုရား တောမှာနေခြင်း၊ ဆွမ်းခံခြင်း၊ ပံ့သကူသင်္ကန်းကို ဝတ်ရုံခြင်း၊ သင်္ကန်းသုံးထည်သာ ဆောင်ခြင်း၊ အလိုနည်းခြင်း၊ ရသမျှနှင့်ရောင့်ရဲခြင်း၊ ဆိတ်ငြိမ်ရာမှာနေခြင်း၊ လူတို့နှင့် မရောနှောခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ သီလ သမာဓိ ပညာတို့နှင့် ပြည့်စုံခြင်း၊ အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း၊ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံခြင်း အစရှိတဲ့ ဂုဏ်များနှင့် ပြည့်စုံတဲ့ရဟန်းနဲ့မှ ဒီဂေါသိင်္ဂ အင်ကြင်းတောကြီးဟာ တင့်တယ်ပါမည်ဘုရား''။

(ခ) အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်က အရှင်သာရိပုတ္တရာအား အခုလို လျှောက်ထားခဲ့ပါတယ် –

''အရှင်ဘုရား တပည့်တော်တို့အားလုံးဟာ ကိုယ် ထင်တဲ့အတိုင်း ဖြေပြီးကြပါပြီ။ အရှင်ဘုရားကကော ဘယ်လိုထင်ပါသလဲ ဘုရား'' ''ငါ့ရှင်မောဂ္ဂလာန် ဉပမာအားဖြင့် မင်းကြီးမှာဖြစ်စေ၊ မင်းရဲ့ အမတ်ကြီးမှာဖြစ်စေ၊ အရောင်အမျိုးမျိုး ဆိုးထားတဲ့ ဝတ်လဲတော် ပုဆိုးများနဲ့ ပြည့်နေတဲ့ ဝတ်လဲတော်သေတ္တာ ရှိတယ်ဆိုပါတော့။ အဲဒီမင်းကြီး သို့မဟုတ် အမတ်ကြီးဟာ နံနက်အချိန်မှာလည်း ဝတ်လိုတဲ့ ဝတ်လဲတော်ကို ကောက်ဝတ်နိုင်တယ်။ နေ့လယ်အချိန်မှာလည်း ဝတ်လိုတဲ့ ဝတ်လဲတော်ကို ကောက်ဝတ်နိုင်တယ်။ ညနေအချိန်မှာလည်း ဝတ်လိုတဲ့ ဝတ်လဲတော်ကို ကောက်ဝတ်နိုင်တယ်။ ငါ့ရှင်မောဂ္ဂလာန် ထို့အတူပဲ ရဟန်းတစ်ပါးဟာ စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်တယ်။ မိမိက စိတ်ရဲ့ အလိုသို့ မလိုက်ဘူး။ နံနက်မှာလည်း အလိုရှိတဲ့ သမာပတ်နဲ့ နေနိုင်တယ်၊ နေ့လယ်မှာလည်း အလိုရှိတဲ့ သမာပတ်နဲ့ နေနိုင်တယ်၊ ညနေမှာလည်း အလိုရှိတဲ့ သမာပတ်နဲ့ နေနိုင်တယ်။ ငါ့ရှင် မောဂ္ဂလာန် အဲဒီလိုရဟန်းမျိုးနဲ့မှ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်လိမ့်မယ်။ (၅+၅) မှတ်

၈။ အရှင်ဂေါတမ တချို့ပုဂ္ဂိုလ်များ ကွယ်လွန်တဲ့အခါ ငရဲသို့ရောက်ပြီး တချို့ပုဂ္ဂိုလ်များ ကွယ်လွန်တဲ့အခါကျတော့ နတ်ပြည်သို့ ရောက်ကြပါတယ်။ အဲဒီလိုရောက်ကြခြင်းရဲ့ အကြောင်းက ဘာပါလဲ?

(က) သူကြွယ်တို့ မတရားမှု မမျှတမှုကို ပြုခြင်းကြောင့် အဲဒီမတရားမှု မမျှတမှုကို ပြုသူများ ကွယ်လွန်တဲ့အခါ ငရဲသို့ ရောက်ကြတယ်။

(ခ) တရားသောအမှု မျှတသောအမှုကို ပြုခြင်းကြောင့် အဲဒီတရားသောအမှု မျှတသောအမှုကို ပြုသူများ ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်ကြတယ်။

(ဂ) ရဟန်းတို့ သာရဏီယဓမ္မ (အမြဲပွားများရမယ့်တရား) ဟာ ခြောက်ပါးရှိတယ်။ အဲဒီခြောက်ပါး ဟာ စည်းလုံးညီညွတ်ကြောင်း ဖြစ်တယ်။ အဲဒီခြောက်ပါးဆိုတာက –

(၁) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့အား ကာယကံ မေတ္တာ ထားရမယ်။

(၂) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့အား ဝစီကံ မေတ္တာထား ရမယ်။

(၃) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့အား မနောကံ မေတ္တာ ထားရမယ်။

(၄) တရားသဖြင့် ရအပ်တဲ့ လာဘ်လာဘကို သီတင်းသုံးဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင် ရမယ်။ အောက်ထစ်ဆုံးအားဖြင့် သပိတ်ထဲက ဆွမ်းကိုတောင်မှ သီတင်းသုံးဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။

(၅) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့နှင့် ကောင်းသော ကိုယ် ကျင့်သီလ တူမျှရမယ်။

(၆) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့နှင့် ကောင်းသော အယူ အဆ တူမျှရမယ်။ သံသရာမှ လွတ်မြောက်ကြောင်း အယူအဆတူမျှရမယ်။

(၂+၂+၆)မှတ်

၉။ စူဠယမကဝဂ်မှ ရာဇဂြိုဟ်မြို့၌ ဟောကြားတော်မူအပ်သောသုတ်ကို – စူဠဝေဒလ္လသုတ် ဖြစ်ပါ သည်။

သာလေယျကသုတ်ကို ဟောရာဌာနမှာ – ကောသလတိုင်း သာလာဟုခေါ်သော ပုဏ္ဏားရွာ ဖြစ်ပါသည်။

မာရတဇ္ဇနီယသုတ်ကို ဟောရာဌာနမှာ – ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာဟု ခေါ်သော သမင်တော ဖြစ်ပါသည်။ (၄+ ၃+ ၃) မှတ်

၁၀။ (က) အာကင်္ခေယျ သုတ် = မူလပရိယာယ ဝဂ်၊ သာဝတ္ထိမြို့ ဇေတဝန်ကျောင်း။

(ခ) မဟာသီဟနာဒသုတ် = သီဟနာဒဝဂ်၊ သာဝတ္ထိမြို့ ဇေတဝန်ကျောင်း။

(ဂ) ဝိတက္ကသဏ္ဌာနသုတ် = သီဟနာဒဝဂ်၊ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်း။

(ဃ) ဝီမံသကသုတ် = စူဠယမကဝဂ်၊ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်း။

(င) ဖြဟ္မနိမန္တ နိကသုတ် = စူဠယမကဝဂ်၊ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်း။ (၂ မှတ်စီ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၃) မဇ္ဈိမနိကာယ

## မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်၊ (၂၁. ၆. ၂၀၁၆) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

**မေး** ၁။ စူဠဂေါသိင်္ဂသုတ်ကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

**ဖြေ**။ ၁-စူဠဂေါသိင်္ဂသုတ် အနှစ်ချုပ်

၃၂၅။ အခါတစ်ပါးမှာ နာတိကရွာ အုတ်ကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက ဂေါသိင်္ဂလို့ခေါ်တဲ့ အင်ကြင်းတောမှာ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့ သီတင်းသုံးနေကြပါတယ်။ တစ်ခုသော ညနေခင်းမှာ မြတ်စွာဘုရားက တစ်ပါးတည်း ကိန်းအောင်းရာမှ ထတော်မူကာ ဂေါသိင်္ဂအင်ကြင်းတောသို့ ကြွရောက်တော်မူပါတယ်။

ဂေါသိင်္ဂအင်ကြင်းတောထဲရောက်တော့ မြတ်စွာဘုရားဟာ ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပြီး ခြေဆေးတော်မူပါတယ်။

အရှင်မြတ်သုံးပါးလည်း မြတ်စွာဘုရားကို ရှိခိုးကြပြီး သင့်တော်ရာမှာ ထိုင်နေတော်မူကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ အရှင်အနုရုဒ္ဓါတို့အား ညီညီညွတ်ညွတ် နေကြရဲ့လားဟု မေးပါတယ်။

ဒီလို သီတင်းသုံးဖော်များနှင့် နေရတာ ငါ့မှာ ကံကောင်းလေစွ၊ အရတော်လေစွ”လို့ စဉ်းစား ပါကြောင်း ဒီအရှင်မြတ်နှစ်ပါးအပေါ်မှာ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ကို မျက်မှောက်မှာရော မျက်ကွယ်မှာပါကြောင်း၊ ‘မိမိစိတ်အလိုကို လျှော့ချထားပြီး ဒီအရှင်နှစ်ပါးရဲ့ စိတ်ဆန္ဒအတိုင်း လိုက်လျောရရင် ကောင်းမှာပဲ’လို့ စဉ်းစားပြီး ဒီအရှင်နှစ်ပါးရဲ့ စိတ်ဆန္ဒအတိုင်း လိုက်လျောပါကြောင်း၊ ကိုယ်ခန္ဓာ ကွဲပြားကြပေမဲ့ စိတ်ကတော့ တစ်သားတည်းလို ထင်ရပါကြောင်း လျှောက်ထားခဲ့ပါတယ်။

ထို့နောင် ဘုရားရှင်က မပေါ့မဆ ကြိုးကြိုးစားစားကော အားထုတ်ကြရဲ့လားဟု မေးတော်မူပါတယ်။

အဲဒီအခါမှာ အရှင်အနုရုဒ္ဓါတို့က ဝေယျာဝစ္စ လုပ်စရာရှိက လုပ်ကြ၍ ဝေယျာဝစ္စ လုပ်စဉ်မှာ စကားမပြောကြကြောင်း ဒါပေမဲ့ ငါးရက် တစ်ကြိမ်တော့ ညလုံးပေါက် တရားဆွေးနွေး၍ မမေ့မလျော့ ကြိုးစားကြကြောင်း လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက အဲဒီလို မမေ့မလျော့ မပေါ့မဆ ကြိုးစားအားထုတ်နေကြတော့ တရားထူးကိုကော ရကြရဲ့လား-လို့ မေးတော်မူပါတယ်။ အဲဒီအခါမှာ အရှင်အနုရုဒ္ဓါတို့က ဈာန်သမာပတ်ရှစ်ပါးနှင့် နိရောဓသမာပတ်ကို အလိုရှိတိုင်း ဝင်စားနိုင်ကြကြောင်း၊ ဒီနိရောဓသမာပတ်ထက် မြင့်မြတ်တဲ့ တရားထူးကိုကား မတွေ့မြင်ကြကြောင်း လျှောက်ထားခဲ့ကြပါတယ်။

အဲဒီနောက် မြတ်စွာဘုရားဟာ အရှင်အနုရုဒ္ဓါ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့အား ဆက်လက်တရား ဟောတော်မူပြီး နေရာမှ ထတော်မူကာ ပြန်ကြွတော်မူခဲ့တယ်။

၃၃၁။ အဲဒီအခါမှာ ဒီဃပရဇနနတ်စစ်သူကြီးဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကာ အခုလို လျှောက်ထားခဲ့ပါတယ်- “မြတ်စွာဘုရား. . . ဝဇ္ဇီတိုင်းသားတို့ ကံကောင်းလိုက်ကြတာ ဘုရား။ သူတို့ရဲ့ ဝဇ္ဇီတိုင်းမှာ မြတ်စွာဘုရား ကိုယ်တော်တိုင် သီတင်းသုံးနေရုံမျှမက အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနှင့် အရှင်ကိမိလ ဆိုတဲ့ အမျိုးကောင်းသား ရဟန်းတော်များလည်း သီတင်းသုံး နေကြပါတယ်ဘုရား။” အဲဒီအခါမှာ မြတ်စွာဘုရားက “မှန်တယ် ဒီဃ. . . မှန်တယ်၊ တစ်လောကလုံး မည်သူမဆို ဒီအမျိုးကောင်းသား ရဟန်းတော် သုံးပါးကို ကြည်ညိုစိတ်နဲ့ အောက်မေ့အမှတ် ရမယ်ဆိုလျှင်

အဲဒီအောက်မေ့ အမှတ်ရသူမှာ ကြာမြင့်စွာ ကောင်းကျိုးတရား များပြားနိုင်တယ်။ ဒီအမျိုးကောင်းသား ရဟန်းတော်သုံးပါးတို့ရဲ့ အများအကျိုးငှာ ကျင့်ပုံ၊ လောကအကျိုးငှာ ကျင့်ပုံ၊ နတ်လူတို့ အကျိုးငှာ ကျင့်ပုံကို ရှုလော့” လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး ဒီဃပရဇနနတ်စစ်သူကြီးဟာ သာဓုအနုမောနာ ခေါ် ဆိုခဲ့ပါတယ်။

စူဠဂေါသိင်္ဂသုတ် အနှစ်ချုပ် ပြီးပြီ။ (မ၊၁။ ၂၆၆။)(မ၊မြန်၊၁။ ၂၇၄။) (၁၀ မှတ်)

မေး ၂။ သာလေယျကသုတ်ကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ သာလေယျကသုတ် အနှစ်ချုပ် - ၄၃၉။ အခါတစ်ပါးမှာ ကောသလတိုင်း သာလာခေါ်တဲ့ ပုဏ္ဏားရွာသို့ ရဟန်းသံဃာများစွာနှင့် အတူ မြတ်စွာဘုရား ကြွရောက်တော်မူပါတယ်။ အဲဒီအခါမှာ သာလာရွာသား ပုဏ္ဏား သူကြွယ်များဟာ မြတ်စွာဘုရားအား အခုလို လျှောက်ထားကြပါတယ်- အရှင်ဂေါတမ. . . တချို့ပုဂ္ဂိုလ်များ ကွယ်လွန်တဲ့အခါ ငရဲသို့ ရောက်ပြီး တချို့ပုဂ္ဂိုလ်များ ကွယ်လွန်တဲ့ အခါကျတော့ နတ်ပြည်သို့ ရောက်ကြပါတယ်။ အဲဒီလို ရောက်ကြခြင်းရဲ့ အကြောင်းက ဘာပါလဲ? သူကြွယ်တို့. . . မတရားမှု မမျှတမှုကို ပြုခြင်းကြောင့် အဲဒီမတရားမှု မမျှတမှုကို ပြုသူများ ကွယ်လွန်တဲ့အခါ ငရဲသို့ ရောက်ကြတယ်။ တရားသောအမှု မျှတသောအမှုကို ပြုခြင်းကြောင့် အဲဒီတရားသောအမှု မျှတသော အမှုကို ပြုသူများ ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်ကြတယ်။ အရှင်ဂေါတမ. . . အရှင်ဂေါတမရဲ့ တရားဟာ ကျဉ်းလွန်း နေပါတယ်၊ ကျွန်ုပ်တို့ နားမလည်ကြပါ၊ ကျွန်ုပ်တို့ နားလည်အောင် အကျယ်ချဲ့ပြီး ဟောပြတော်မူပါ။

သူကြွယ်တို့ . . . ကိုယ်ဖြင့် မတရားမှု မမျှတမှုပြုခြင်းက သုံးမျိုးရှိတယ်။ နှုတ်ဖြင့် မတရားမှု မမျှတမှု ပြုခြင်းက လေးမျိုး ရှိတယ်။ စိတ်ဖြင့် မတရားမှု မမျှတမှုပြုခြင်းက သုံးမျိုးရှိတယ်။ ကိုယ်ဖြင့် မတရားမှု မမျှတမှုပြုခြင်း သုံးမျိုးဆိုတာက- (၁) သူ့အသက်ကို သတ်ခြင်း၊ (၂) သူ့ဥစ္စာကို ခိုးယူခြင်းနှင့်၊ (၃) သူ့သားမယားကို ကျူးလွန်ခြင်းတို့ ဖြစ်တယ်။

နှုတ်ဖြင့် မတရားမှု မမျှတမှုပြုခြင်း လေးမျိုးဆိုတာက - (၁) လိမ်ညာ ပြောဆိုခြင်း၊ (၂) ကုန်းတိုက်ပြောဆိုခြင်း၊ (၃) ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းနှင့်၊ (၄) အပြိန်အဖျင်းစကားကို ပြောဆိုခြင်းတို့ ဖြစ်တယ်။

စိတ်ဖြင့် မတရားမှု မမျှတမှုပြုလုပ်ခြင်း သုံးမျိုး ဆိုတာက - (၁) သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်စေရန် မတရား ကြံစည်ခြင်း၊ (၂) သူတစ်ပါးတို့အား ပျက်စီးစေလိုခြင်း နှင့်၊ (၃) မှားသော အယူရှိခြင်းတို့ ဖြစ်တယ်။

သူကြွယ်တို့. . . အဲဒီလို မတရားမှု မမျှတမှုကို ပြုခြင်းကြောင့် အဲဒီမတရားမှု မမျှတမှုကို ပြုသူများ ကွယ်လွန်တဲ့ အခါ ငရဲသို့ ရောက်ကြတယ်။

၄၄၁။ သူကြွယ်တို့. . . ကိုယ်ဖြင့် တရားသောအမှု မျှတသော အမှု ပြုခြင်းက သုံးမျိုးရှိတယ်။ နှုတ်ဖြင့် တရားသောအမှု မျှတသောအမှုပြုခြင်းက လေးမျိုးရှိတယ်။ စိတ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်းက သုံးမျိုးရှိတယ်။

ကိုယ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်းသုံးမျိုး ဆိုတာက - (၁) သူ့အသက်ကို မသတ်ခြင်း၊ (၂) သူ့ဥစ္စာကို မခိုးခြင်း နှင့်၊ (၃) သူ့ သားမယားကို မကျူးလွန်ခြင်းတို့ ဖြစ်တယ်။

နှုတ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်း လေးမျိုးဆိုတာက - (၁) လိမ်ညာ မပြောခြင်း၊ (၂) ကုန်းတိုက်သော စကားကို မပြောခြင်း၊ (၃) ကြမ်းတမ်းသော စကားကို မပြောခြင်း နှင့်၊ (၄) အပြိန်အဖျင်းစကားကို မပြောခြင်းတို့ ဖြစ်တယ်။

စိတ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်း သုံးမျိုး ဆိုတာက - (၁) သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်စေရန် မတရား မကြံစည်ခြင်း၊ (၂) သူတစ်ပါးတို့အား ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာစေလိုခြင်း နှင့်၊ (၃) မှန်ကန်သော အယူရှိခြင်းတို့ ဖြစ်တယ်။

သူကြွယ်တို့. . . အဲဒီလို တရားသောအမှု မျှတသောအမှုကို ပြုခြင်းကြောင့် အဲဒီတရားသောအမှု မျှတသောအမှုကို ပြုသောသူများ ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်ကြတယ်။ သူကြွယ်တို့. . . တရားသောအမှု မျှတသောအမှု ပြုလေ့ရှိတဲ့ ပုဂ္ဂိုလ်ဟာ နောင်ဘဝမှာ ခတ္တိယမဟာသာလမျိုးမှာ ဖြစ်လိုတဲ့ ဆန္ဒရှိက ခတ္တိယမဟာသာလမျိုးမှာ ဖြစ်နိုင်တယ်။ ဗြာဟ္မဏမဟာသာလမျိုး, ဂဟပတိမဟာသာလမျိုးတို့မှာလည်း ဖြစ်လိုတဲ့ ဆန္ဒရှိက ဗြာဟ္မဏမဟာ-သာလမျိုး, ဂဟပတိမဟာသာလမျိုးတို့မှာ ဖြစ်နိုင်တယ်။ နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာလည်း ဖြစ်လိုတဲ့ ဆန္ဒရှိက နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာ ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ဒီဘဝမှာပင် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်လိုကလည်း ဒီဘဝမှာပင် အာသဝေါကုန်ခမ်း၍

ရဟန္တာဖြစ်နိုင်တယ်။ ဘာ့ကြောင့်လဲဆိုတော့- သူဟာ တရားသောအမှု မှန်သောအမှုကို ပြုလေ့ရှိသောကြောင့် ဖြစ်တယ်။

မြတ်စွာဘုရား အဲဒီလို မိန့်ကြားတော်မူတဲ့အခါ သာလာရွာသား ပုဏ္ဏားသူကြွယ်များဟာ မြတ်စွာဘုရား အထံတော်မှာ သရဏဂုံဆောက်တည်ကြကာ ရာသက်ပန် သရဏဂုံတည်သူများ ဖြစ်ခဲ့ကြပါတယ်။

သာလေယျကသုတ် အနှစ်ချုပ် ပြီးပြီ။(မ၊၁။၃၅၄။)(မ၊မြန်၊၁။၃၆၅။)(၁၀ မှတ်)

မေး ၃။ မှန်ကြည့်၍ အလှပြင်သကဲ့သို့ မိမိကိုယ်ကို ဆင်ခြင်၍ ပြုပြင်နည်းကို "အနုမာန"သုတ်နှင့် အညီ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ငါ့သျှင်တို့ ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ အလှပြင်လေ့ရှိသော မိန်းမပျိုသည်၊ သို့မဟုတ်ယောကျ်ားပျိုသည် သန့်ရှင်းဖြူစင်သော မှန် 'ကြေးမုံ' ၌ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေမိမိမျက်နှာ ရိပ်ကို ကြည့်ရှုလတ်သော် အကယ်၍ ထိုမျက်နှာ၌ မြူမှုန်အညစ်အကြေးတို့ကိုတွေ့မြင်ငြားအံ့၊ ပယ်ရန် အားထုတ်၏။ အကယ်၍ ထိုမျက်နှာ၌ မြူမှုန်အညစ်အကြေးတို့ကိုမတွေ့မြင်ငြားအံ့၊ "ငါ့အား အရတော် ပေစွ၊ စင်ကြယ်ပေစွ" ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

ငါ့သျှင်တို့ ဤဥပမာအတူပင် အကယ်၍ ရဟန်းသည် ဆင်ခြင်သော် မိမိ၌ ဤယုတ်ညံ့သော အကုသိုလ်တရား အားလုံးတို့ကိုပင် မပယ်ရသေးသည်ကို ကောင်းစွာ တွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ထိုရဟန်း သည် ဤယုတ်ညံ့သော အကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ရန် အားထုတ်ရမည်၊ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် မိမိ၌ ဤယုတ်ညံ့သောအကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ပြီးသည်ကို ကောင်းစွာ တွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည်ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါ ကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်ဟု (မိန့်ဆိုတော်မူ၏)။(မ၊၁၊၁၄၄။)(မ၊မြန်၊၁။၁၄၉။) (၁၀ မှတ်)

မေး ၄။ ဘုရားရှင်၏ အယူကို "ဝနပတ္ထ"သုတ်နှင့် အညီ ရေးသားဖော်ပြ၍၊ ဘုရားရှင်၏ လှံဥပမာ အဆုံးအမကိုလည်း ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ "ငါ့သျှင် အကြင်သို့သော အယူရှိသည်ဖြစ်၍ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ မည်သူနှင့် မျှမငြင်းခုံ၊ အကြင်သို့သော အကြောင်းကြောင့် ကာမဂုဏ်တို့နှင့်မယှဉ်သည်ဖြစ်၍ သို့လော သို့လော တွေးတောယုံမှားခြင်း မရှိသည်ဖြစ်၍ ကုက္ကုစ္စပြတ်ပြီးသည် ဖြစ်၍ဘဝငယ် ဘဝကြီး၌ တပ်မက်ခြင်းကင်းလျက်နေသော ရဟန္တာဖြစ်ပြီးသော (ငါ့မှာ) (ကိလေသာ) သညာတို့သည် မကိန်းဝပ်ကုန်၊ ဒါယကာ ငါသည် ဤသို့သော အယူရှိ၏။

မှတ်ချက်။ ။ဤပုစ္ဆာ၌ ဓဝနပတ္ထသုတ်နှင့် အညီ-ဟု မှားယွင်း မေးမိပါသည်။အမှန်မှာ မဓုပိဏ္ဍိကသုတ် ဖြစ်ပါသည်။ သို့ဖြစ်၍ ၅ မှတ် လျော့ရန်ပါဘုရား။ (မ၊၁။၁၅၄။)(မ၊မြန်၊၁။၁၅၉။)

ရဟန်းတို့ ယုတ်မာမှုရှိသော ခိုးသူတို့သည် နှစ်ဖက်ရိုးရှိသော လွှဖြင့် အင်္ဂါကြီးငယ်တို့ကို အကယ်၍လည်း တိုက်ဖြတ်ကုန်ငြားအံ့၊ ထိုသို့ တိုက်ဖြတ်ရာ၌လည်း စိတ်ပြစ်မှားသောသူသည် ထိုစိတ်ပြစ်မှားခြင်းဖြင့် ငါ၏ အဆုံးအမကို ပြုကျင့်သူ မဟုတ်၊ ရဟန်းတို့ ထိုသို့ တိုက်ဖြတ်ရာ၌လည်းသင်တို့သည် ဤသို့ ကျင့်ရမည်၊ "ငါတို့၏ စိတ်သည် ဖောက်ပြန်မှု မဖြစ်လတ္တံ့၊ ယုတ်မာသောစကားကိုလည်း မမြွက်ဆိုကြကုန်အံ့၊ အစီးအပွားဖြင့် ငဲ့ညှာကာ မေတ္တာစိတ်ရှိကုန်လျက် ပြစ်မှားသော စိတ်မရှိကြကုန်ဘဲ နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍နေကြကုန်အံ့၊ အကြွင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏ အာရုံပြုလုပ်လျက် ပြန့်ပြောသောမြတ်သည်၏ အဖြစ်သို့ ရောက်သော အပိုင်းအခြားပမာဏမရှိသော ရန်မရှိသော ဆင်းရဲခြင်းမရှိသောမေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့" ဟု ဤသို့ သင်တို့ ကျင့်ရမည်။ (မ၊၁။၁၈၁။)(မ၊မြန်၊၁။၁၈၅။)(၅ မှတ်)

မေး ၅။ မြတ်သော ရှာမှီးခြင်းကို "ပါသရာသိ"သုတ်မှ ထုတ်နုတ်၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ မြတ်သော ရှာမှီးခြင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ကိုယ်တိုင် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသည်ဖြစ်၍ဖြစ်ပွါးခြင်း 'ဇာတိ' သဘော၌ အပြစ်ကို သိပြီးလျှင် ဖြစ်ပွါးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာနိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင် ဆွေးမြေ့ခြင်း

‘ဇရာ’ သဘောရှိသည်ဖြစ်၍ ဆွေးမြေ့ခြင်း ‘ဇရာ’ သဘော၌အပြစ်ကို သိပြီးလျှင် ဆွေးမြေ့ခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင် နာခြင်း ‘ဗျာဓိ’ သဘောရှိသည်ဖြစ်၍ နာခြင်း ‘ဗျာဓိ’ သဘော၌ အပြစ်ကို သိပြီးလျှင်နာခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင်သေခြင်း ‘မရဏ’ သဘောရှိသည်ဖြစ်၍ သေခြင်း ‘မရဏ’ သဘော၌ အပြစ်ကို သိပြီးလျှင် သေခြင်းမရှိသောအတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင် ပူဆွေးခြင်း ‘သောက’ ရှိသည်ဖြစ်၍ပူဆွေးခြင်း ‘သောက’ သဘော၌ အပြစ်ကို သိပြီးလျှင် ပူဆွေးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာနိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင် ညစ်ညူးခြင်း ‘သံကိလေသ’ သဘောရှိသည်ဖြစ်၍ ညစ်ညူးခြင်း ‘သံကိလေသ’ သဘော၌ အပြစ်ကို သိပြီးလျှင် ညစ်ညူးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာနိဗ္ဗာန်ကို ရှာမှီး၏။

ရဟန်းတို့ မြတ်သော ရှာမှီးခြင်းဟူသည် ဤသည်ပင်တည်း။ (မ၁၊ ၂၁၈။)(မ၊မြန်၊၁၊ ၂၂၆။)(၁၀ မှတ်)

မေး ၆။ ပစ္စည်းလေးပါး လျှုဒါန်း ထောက်ပံ့ကြသော ဒကာ ဒကာမများ အကျိုးများအောင် ကျင့်နည်းကို ဗုဒ္ဓအလိုတော်ကျ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ လူအပေါင်းက သင်တို့ကို “ရဟန်း ရဟန်း” ဟု ကောင်းစွာ သိ၏၊ သင်တို့ကလည်း “သင်တို့သည် အဘယ်သူတို့နည်း” ဟု မေးကုန်သော် “ရဟန်းများဖြစ်ကုန်၏” ဟု ဝန်ခံကုန်၏။ ရဟန်းတို့ ဤသို့ အသမုတ်ခံရသော ဤသို့ ဝန်ခံသော သင်တို့သည် “ရဟန်းနှင့် သင့်လျော်သော အကျင့်ကိုကျင့်ကုန်သော် ငါတို့၏ ဤအသမုတ်ခံရခြင်းနှင့် ဝန်ခံခြင်းသည်လည်း အမှန်အဟုတ် ဖြစ်လတ္တံ့၊ ငါတို့သည် အကြင်သူတို့၏ သင်္ကန်း ဆွမ်း အိပ်ရာနေရာကျောင်း သူနာ၏ အထောက်အပံ့ဆေးအဆောက် အဦကို သုံးဆောင်ကုန်၏၊ ထိုသူတို့၏ ငါတို့အပေါ်၌ ထိုပြုလုပ်ခြင်းတို့သည် များသောအကျိုး များသော အာနိသင်ရှိသည် ဖြစ်ကုန်လတ္တံ့၊ ငါတို့၏ ဤရဟန်းအဖြစ်သည်လည်းမမြုံဘဲ အကျိုးများ၍ တိုးပွားခြင်း ရှိသည် ဖြစ်လတ္တံ့” ဟု ဤသို့လျှင် သင်တို့ ကျင့်ကြံ အားထုတ်ရမည်။

(မ၁၊၃၄၉။)(မ၊မြန်၊၁၊၃၆၀။)(၁၀ မှတ်)

မေး ၇။ ပညာမဲ့သူနှင့် ပညာရှိသူတို့၏ အဓိပ္ပါယ်ကို ပြည့်စုံစွာ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ “ငါ့သျှင် ပညာမဲ့သူ ပညာမဲ့သူဟု ဆို၏၊ ငါ့သျှင် အဘယ်အကြောင်းကြောင့် “ပညာမဲ့သူ” ဟု ဆိုရသနည်း” ဟု လျှောက်၏။

ငါ့သျှင် “အပြားအားဖြင့် မသိတတ်, အပြားအားဖြင့် မသိတတ်” ဟူသော အကြောင်းကြောင့် “ပညာမဲ့သူ” ဟု ဆိုရ၏။

အဘယ်သို့လျှင် အပြားအားဖြင့် မသိတတ်သနည်း။ ဤကား ဆင်းရဲတည်းဟု အပြားအားဖြင့်မသိတတ်၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟု အပြားအားဖြင့် မသိတတ်၊ ဤကား ဆင်းရဲချုပ်ရာတည်းဟု အပြားအားဖြင့် မသိတတ်၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟု အပြားအားဖြင့် မသိတတ်။ ငါ့သျှင် (ဤသို့လျှင်) “အပြားအားဖြင့် မသိတတ်, အပြားအားဖြင့် မသိတတ်” ဟူသော အကြောင်းကြောင့် “ပညာမဲ့သူ” ဟု ဆိုရ၏ဟု (မိန့်ဆို၏)။

“ငါ့သျှင် ကောင်းပါပေ၏”ဟု အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာ၏ စကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ အသျှင်သာရိပုတြာကို ထိုထက်အလွန် ပြဿနာမေးမြန်းပြန်၏။

“ငါ့သျှင် ပညာရှိသူ, ပညာရှိသူဟု ဆိုရ၏၊ ငါ့သျှင် အဘယ်အကြောင်းကြောင့် ‘ပညာရှိသူ’ဟု ဆိုရသနည်း” ဟု (လျှောက်၏)။

“ငါ့သျှင် “အပြားအားဖြင့် သိတတ်, အပြားအားဖြင့် သိတတ်” သော အကြောင်းကြောင့် “ပညာရှိသူ” ဟု ဆိုရ၏။

အဘယ်သို့လျှင် အပြားအားဖြင့် သိတတ်သနည်း။ ဤကား ဆင်းရဲတည်းဟု အပြားအားဖြင့်သိတတ်၏၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟု အပြားအားဖြင့် သိတတ်၏၊ ဤကား ဆင်းရဲချုပ်ရာတည်းဟု အပြားအားဖြင့် သိတတ်၏၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟုအပြားအားဖြင့် သိတတ်၏။ ငါ့သျှင် (ဤသို့လျှင်) “အပြားအားဖြင့် သိတတ်, အပြားအားဖြင့် သိတတ်” သော အကြောင်းကြောင့် “ပညာရှိသူ” ဟု ဆိုရ၏ဟု (မိန့်ဆို၏)။

(မ၁၊၃၆၆။)(မ၊မြန်၊၁၊၃၇၇။)(၅+၅ မှတ်)

မေး ၈။ ဗုဒ္ဓအလိုတော်ကျ ညီညွတ်ကြောင်းတရား ခြောက်ပါးတို့ကို မှန်ကန် တိကျစွာ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏၊ ရဟန်းတို့ မပြတ်အောက်မေ့ထိုက်ကုန်သော, ချစ်ခြင်းကို ပြုတတ်ကုန်သော, လေးစားခြင်းကိုပြုတတ်ကုန်သော ဤခြောက်ပါးသော တရားတို့သည် သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်ကုန်၏။ အဘယ်ခြောက်ပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုတည်၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန်တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်၏။ (၁)

ရဟန်းတို့ နောက်တစ်မျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ၊ မျက်ကွယ် ဖြစ်စေဝစီကံမေတ္တာသည် ရှေးရှုတည်၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်၏။ (၂)

ရဟန်းတို့ နောက် တစ်မျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုတည်၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သောလေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန်တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်၏။ (၃)

ရဟန်းတို့ နောက်တစ်မျိုးကား ရဟန်းအား တရားနှင့်လျော်စွာဖြစ်ကုန်သော တရားသဖြင့်ရကုန် သောလာဘ်တို့ကို အယုတ်ဆုံးအားဖြင့် သပိတ်အတွင်းရှိ ဆွမ်းမျှကိုသော်လည်း မခွဲခြားဘဲ သုံးဆောင်ခြင်းရှိ၏၊ အကျင့်သီလရှိသော သီတင်းသုံးဖော်တို့နှင့် ဆက်ဆံသော သုံးဆောင်ခြင်းရှိ၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန်ဝါဒမကွဲပြားရန် ညီညွတ်ရန် တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်၏။ (၄)

ရဟန်းတို့ နောက်တစ်မျိုးကား ရဟန်းသည် မကျိုးမပေါက် မပြောက်မကျားကုန်သော၊ တဏှာ့ကျွန်အဖြစ်မှ တော်လှန်ခြင်းကို ပြုတတ်ကုန်သော၊ ပညာရှိတို့ ချီးမွမ်းထိုက်ကုန်သော၊ အမှားအသုံးသပ်မခံရကုန်သော၊ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော စောင့်စည်းမှု သီလမျိုးတို့၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ စောင့်စည်းမှုသီလတူသည်၏အဖြစ်သို့ ရောက်လျက်နေ၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်၏။ (၅)

ရဟန်းတို့ နောက် တစ်မျိုးကား ရဟန်းသည် ဖြူစင်သော (ဝဋ်ဆင်းရဲမှ) ထုတ်ဆောင်တတ်သောထိုအတိုင်းပြုသူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန်ဖြစ်သော အယူမျိုး၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ အယူတူသည့် အဖြစ်သို့ ရောက်လျက် နေ၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရား သည်လည်း သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်၏။ (၆)

ရဟန်းတို့ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဤတရားခြောက်ပါး တို့သည် သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တစ်ပေါင်းတည်းဖြစ်ရန် ဖြစ်ကုန်၏။(မ၊၁။၃၉၆။)(မ၊မြန်၊၁။၄၁၀။)(၁၀ မှတ်)

မေး ၉။ မူလပဏ္ဏာသပါဠိတော်၌ ပါရှိသော ဝဂ်များနှင့် ၎င်းဝဂ်များတွင် ပါရှိသော နောက်ဆုံးသုတ်များကို ပူးတွဲ ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ မူလပရိယာယဝဂ်၊မဟာသတိပဋ္ဌာနသုတ်။

၂။ သီဟနာဒဝဂ်၊ဝိတက္ကသဏ္ဌာနသုတ်။

၃။ ဩပမ္မဝဂ်၊စူဠသာရောပမသုတ်။

၄။ မဟာယမကဝဂ်၊စူဠအဿပုရသုတ်။

၅။ စူဠယမကဝဂ်၊မာရတဇ္ဇနီယသုတ်။ [၂-မှတ်စီ]

မေး ၁၀။ အောက်ပါသုတ်တို့ကို မည်သည့်ပုဂ္ဂိုလ်က မည်သည့်မြို့၌ ဟောကြားတော်မူခဲ့ပါသနည်း၊ တိတိကျကျ ဖြေဆိုပြခဲ့ပါ။

(က)သမ္မာဒိဋ္ဌိသုတ်၊ (ခ)အနုမာနသုတ်။

ဖြေ။ (က) သမ္မာဒိဋ္ဌိသုတ်ကို အရှင်သာရိပုတြာက သာဝတ္ထိမြို့၌ ဟောတော်မူခဲ့ပါသည်။

(မ၊၁။၅၇။)(မ၊မြန်၊၁။၆၁။)(၅ မှတ်)

(ခ) အနုမာနသုတ်ကို အရှင်မဟာမောဂ္ဂလ္လာန်က ဘဂ္ဂတိုင်း၊ သုသုမာရဂိရမြို့၌ ဟောတော်မူခဲ့ပါသည်။

(မ၊၁။၁၃၃။)(မ၊မြန်၊၁။၁၃၉။)(၅ မှတ်)

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၃) မဇ္ဈိမနိကာယ

# မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၁၂. ၆. ၂၀၁၇) တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

၁-မေး။ ဝီမံသကသုတ်-ကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

**ဖြေ။ ဝီမံသကသုတ် အနှစ်ချုပ်**

၄၈၇။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့. . . သူတစ်ပါးရဲ့ စိတ်ဖြစ်ပုံကို မသိလို့ စူးစမ်းလိုတဲ့ ရဟန်းဟာ "ဘုရား ဟုတ်လေသလား၊ မဟုတ်ဘူးလား" ဆိုတာ သိဖို့ရာ မြတ်စွာဘုရားအပေါ်မှာ စူးစမ်းမှု ပြုသင့်တယ်။ မြတ်စွာဘုရား. . . ဘုရားတပည့်တော်တို့မှာ မြတ်စွာဘုရား သာလျှင် အားကိုးရာရှိကြပါတယ်ဘုရား၊ မြတ်စွာဘုရား. . . မြတ်စွာဘုရားကိုယ်တော်တိုင်သာ ဟောပြတော်မူပါ၊ မြတ်စွာဘုရား အထံတော်မှ ကြားနာရသည့်အတိုင်း ရဟန်းများ မှတ်သား ဆောင်ထားကြပါလိမ့်မယ်ဘုရား။ ရဟန်းတို့. . . ဒါဆိုလျှင် ကောင်းမွန်စွာ နာကြားကြ၊ ငါဘုရား ဟောပြတော်မူမယ်။ မှန်ပါအရှင်ဘုရား. . . ။

၄၈၈။ ရဟန်းတို့. . ." မျက်စိနဲ့ မြင်ရ, နားနဲ့ ကြားရတဲ့ ညစ်နွမ်းတဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ ရှိလေသလား၊ မရှိဘူးလား" လို့ အကျင့်နှစ်မျိုးနှင့် ပတ်သက်ပြီး (၄၂၆) မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "မျက်စိနဲ့ မြင်ရ, နားနဲ့ကြားရတဲ့ ညစ်နွမ်းတဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ လုံးဝ မရှိပါတကား" လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ "မျက်စိနဲ့ မြင်ရ, နားနဲ့ကြားရတဲ့ ရံခါ မည်းညစ်ပြီး ရံခါ ဖြူစင်တဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ ရှိလေသလား၊ မရှိဘူးလား" လို့ တစ်ဆင့် တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "မျက်စိနဲ့ မြင်ရ, နားနဲ့ ကြားရတဲ့ ရံခါ မည်းညစ်ပြီး ရံခါဖြူစင်တဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ မရှိပါတကား" လို့ သိလာလိမ့်မယ်။ အဲဒီအခါမှာ "မျက်စိနဲ့ မြင်ရ, နားနဲ့ကြားရတဲ့ ဖြူစင်တဲ့အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ ရှိလေသလား၊ မရှိဘူးလား" လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "မျက်စိနဲ့ မြင်ရ နားနဲ့ ကြားရတဲ့ ဖြူစင်တဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ အပြည့်အဝရှိတာပါတကား"လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ "ဒီအရှင်ဟာ ဒီအပြစ်မရှိတဲ့ အကျင့်နှင့် ကြာမြင့်စွာ ပြည့်စုံနေသလား၊ သို့မဟုတ် ခဏတဖြုတ်သာ ပြည့်စုံနေသလား" လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "ဒီအရှင်ဟာ ဒီအပြစ်မရှိတဲ့ (၄၂၇) အကျင့်နှင့် ကြာမြင့်စွာ ပြည့်စုံနေတာပါတကား၊ ခဏတဖြုတ်သာ ပြည့်စုံသာ မဟုတ်ပါတကား" လို့ သိလာလိမ့်မယ်။ အဲဒီအခါမှာ "ဒီအရှင်ဟာ ထင်ရှားကျော်စောသူ၊ အခြံအရံများသူ တစ်ပါး ဖြစ်တယ်၊ အဲဒီလို ကျော်စောထင်ရှား အခြံအရံများခြင်းကြောင့် ဖြစ်တတ်တဲ့ တချို့အပြစ်များ ဒီအရှင်မှာ ရှိလေသလား၊ သို့မဟုတ် မရှိဘူးလား" လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "ဒီအရှင်ဟာ ကျော်စောထင်ရှားသူ၊ အခြံအရံများသူ တစ်ပါးဖြစ်တယ်၊ ဒါပေမဲ့ အဲဒီလို

ကျော်စောထင်ရှား အခြံအရံ များခြင်းကြောင့် ဖြစ်တတ်တဲ့ အပြစ်များ ဒီအရှင်မှာ လုံးဝ မရှိပါတကား” လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ “ဒီအရှင်ဟာ ဘေးမရှိဘဲ ရှောင်ကြဉ်သူ ဟုတ်ရဲ့လား၊ ဘေးကြောင့် ရှောင်ကြဉ်သူ မဟုတ်ဘဲရှိရဲ့လား၊ ရာဂကင်းခြင်း ကုန်ခြင်းကြောင့် ကာမဂုဏ်တို့ကို မမှီဝဲသူ ဟုတ်ရဲ့လား”လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ “ဒီအရှင်ဟာ ဘေးမရှိဘဲ ရှောင်ကြဉ်သူပါတကား၊ ဘေးကြောင့် ရှောင်ကြဉ်သူ မဟုတ်ပါတကား၊ ရာဂကင်းခြင်း ကုန်ခြင်းကြောင့် ကာမဂုဏ်တို့ကို မမှီဝဲသူပါတကား” လို့ သိလာလိမ့်မယ်။(၄၂၈)

ရဟန်းတို့. . . အဲဒီလို ပြောတဲ့ရဟန်းကို တခြားသူတွေက “အဲဒီလို ဘာ့ကြောင့် ပြောပါသလဲ” လို့ မေးနိုင်စရာ ရှိတယ်။ ရဟန်းတို့. . . အဲဒီအခါမှာ အဲဒီလိုအမေးခံရတဲ့ ရဟန်းက “အရှင်ဘုရားတို့. . . ဒီအရှင်ဟာ တစ်ရံတစ်ခါ သံဃာအများထဲမှာလည်း သီတင်းသုံးတော်မူပါတယ်၊ တစ်ရံတစ်ခါ တစ်ပါးတည်းလည်း သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါမှာ တချို့ရဟန်းများဟာ အကျင့်စာရိတ္တကောင်းကြပါတယ်၊ တချို့ရဟန်းများကတော့ အကျင့်စာရိတ္တမကောင်းကြပါဘူး၊ တချို့ရဟန်းများက ပရိသတ်ကို အုပ်ချုပ်နေကြပါတယ်၊ တချို့ရဟန်းများက လာဘ်လာဘ ပေါများကြပါတယ်၊ တချို့ရဟန်းများက လာဘ်လာဘကို မငဲ့ကွက်ကြပါဘူး၊ အဲဒီရဟန်းအမျိုးမျိုးကို ဒီအရှင်ဟာ မည်သည့်အကြောင်းကြောင့်မျှ အထင်သေးလေ့ မရှိပါဘူး။ ဒါ့အပြင် ‘ငါဘုရားဟာ ဘေးမရှိဘဲ ရှောင်ကြဉ်သူ ဖြစ်တယ်၊ ဘေးကြောင့် ရှောင်ကြဉ်သူ မဟုတ်၊ ရာဂကင်းခြင်း ကုန်ခြင်းကြောင့် ကာမဂုဏ်တို့ကို မမှီဝဲသူ ဖြစ်တယ်’ ဆိုတဲ့ စကားတော်ကိုလည်း မြတ်စွာဘုရား အထံတော်မှ တပည့်တော်ကိုယ်တိုင် ကြားနာမှတ်သားခဲ့ရပါတယ်” လို့ ဖြေကြား သင့်တယ်။

၄၈၉။ ရဟန်းတို့. . . အဲဒီစူးစမ်းတဲ့ ရဟန်းက အဲဒီအကြောင်းအရာများကို မြတ်စွာဘုရားအထံ တက်လျှောက် (၄၂၉) ခဲ့လျှင်လည်း မြတ်စွာဘုရားက အဲဒီရဟန်း စူးစမ်းလို့ သိလာတဲ့အတိုင်းပဲ ဖြေကြားတော်မူမှာ ဖြစ်တယ်။ ရဟန်းတို့. . . အဲဒီလို ဖြေကြားတော်မူတဲ့ မြတ်စွာဘုရားကို တပည့်ရဟန်းတစ်ပါးဟာ တရားနာရန် ချဉ်းကပ်ထိုက်တယ်။ အဲဒီတပည့်ရဟန်းအား မြတ်စွာဘုရားက မြင့်သည်ထက်မြင့်သော တရား၊ မြတ်သည်ထက် မြတ်သောတရားကို အမည်းအဖြူ နှိုင်းယှဉ် ခွဲပြပြီး ဟောကြားတော်မူမယ်။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အတိုင်း အဲဒီရဟန်းဟာ တရားတွေထဲမှ အချို့တရားကို အထူးသိလျက် တရားတော်ကို သက်ဝင် ယုံကြည်ခဲ့ တယ်။ “မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တော်တိုင် တိကျပိုင်နိုင်စွာ သိတော်မူပါပေ၏။ တရား တော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားတော် ဖြစ်ပါပေ၏။ သံဃာတော်သည် ကောင်းစွာကျင့်သော သံဃာတော် ဖြစ်ပါပေ၏”လို့ မြတ်စွာဘုရားကို ဆထက်ထမ်းပိုး တိုးပြီး ကြည်ညိုလာတယ်။

၄၉၀။ ရဟန်းတို့. . . မြတ်စွာဘုရားကို ဒီအကြောင်းတွေကြောင့် သက်ဝင်ယုံကြည်တဲ့ ပုဂ္ဂိုလ်ရဲ့ သဒ္ဓါတရားဟာ အလွန်ခိုင်မြဲတဲ့ သဒ္ဓါတရား ဖြစ်တယ်။ မည်သူမျှ မလှုပ်ရှားစေနိုင်တဲ့ သဒ္ဓါတရား ဖြစ်တယ်။ ရဟန်းတို့. . . ဒါဟာ မြတ်စွာဘုရားအပေါ်မှာ ဓမ္မအားဖြင့် စူးစမ်းခြင်း ဖြစ်တယ်-လို့ မိန့်ကြားတော်မူခဲ့ပါတယ်။ အဲဒီလို မိန့်ကြား တော်မူတဲ့ မြတ်စွာဘုရားရဲ့ စကားတော်ကို ရဟန်းများ အလွန် နှစ်သက်သဘောကျကာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။ (စာပိုဒ်၊၄၈၇။ မ၊မြန်၊၁၊၄၀၅။)(၁၀ မှတ်)

၂-မေး။ ကောသမ္ဗိယသုတ်ကိုလည်း အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ **ကောသမ္ဗိယသုတ် အနှစ်ချုပ်**

၄၉၁။ အခါတစ်ပါးမှာ ကောသမ္ဗီမြို့ ဃောသိတာရုံကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက ကောသမ္ဗီမြို့မှာ ရဟန်းများဟာ ငြင်းကြခုံကြပြီး ခိုက်ရန်ဖြစ်နေကြတယ်၊ အချင်းချင်း အပြန်အလှန် နှုတ်လှံထိုးပြီး နေကြတယ် (သံဃာများ သင်းကွဲနေကြတယ်)။ အဲဒီရဟန်းများဟာ အချင်းချင်း နားလည်မှုရရန်လည်း မကြိုးစားကြ၊ နားလည်မှုလည်း မရကြ။ အချင်းချင်း အမြင်မှန်ရရန်လည်း မကြိုးစားကြ၊ အမြင်မှန်လည်း မရကြ။ အဲဒီအခါမှာ ရဟန်းတစ်ပါးက မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီး ကောသမ္ဗီမြို့မှာ သံဃာသင်းကွဲနေကြောင်းကို လျှောက်ထားပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတစ်ပါးအား အဲဒီသင်းကွဲနေကြတဲ့ ရဟန်းများကို ခေါ်ခိုင်းတော်မူပြီး အခုလို မေးမြန်းတော်မူပါတယ်-

ရဟန်းတို့ . . ငြင်းကြခုံကြ ခိုက်ရန်ဖြစ်ကြပြီး အချင်းချင်း နှုတ်လှံထိုးကာ နေကြတဲ့ သင်တို့ရဲ့ သန္တာန်မှာ သီတင်းသုံးဖော်တို့ အပေါ်မှာ ထားရှိရမည့် မျက်မှောက်မျက်ကွယ် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာနှင့် မနောကံမေတ္တာများ ရှိကြသေးရဲ့လား? အရှင်ဘုရား. . . မရှိကြတော့ပါဘုရား။ (၄၃၂) ရဟန်းတို့ . . . ဒါဆိုလျှင် ဘာ့ကြောင့် သင်တို့ ငြင်းကြ ခုံကြ ခိုက်ရန်ဖြစ်ကြပြီး အချင်းချင်း နှုတ်လှံထိုးကာ နေကြသလဲ? အဲဒီလို ငြင်းခုံခြင်းစသည်ဟာ သင်တို့အတွက် ကြာမြင့်စွာ မကြီးပွားကြောင်း ဆင်းရဲကြောင်း ဖြစ်လိမ့်မယ်။

၄၉၃။ ရဟန်းတို့ . . . သာရဏီယဓမ္မ (အမြဲပွားများရမယ့်တရား) ဟာ ခြောက်ပါး ရှိတယ်။ အဲဒီခြောက်ပါးဟာ စည်းလုံးညီညွတ်ကြောင်း ဖြစ်တယ်။ အဲဒီခြောက်ပါးဆိုတာက --

(၁) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့အား ကာယကံမေတ္တာ ထားရမယ်။

(၂) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်းသုံးဖော်တို့အား ဝစီကံမေတ္တာ ထားရမယ်။

(၃) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်းသုံးဖော်တို့အား မနောကံမေတ္တာ ထားရမယ်။

(၄) တရားသဖြင့် ရအပ်တဲ့ လာဘ်လာဘကို သီတင်းသုံးဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။ အောက်ထစ်ဆုံးအားဖြင့် သပိတ်ထဲက ဆွမ်းကိုတောင်မှ သီတင်းသုံးဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။

(၅) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်း(၄၃၃)သုံးဖော်တို့နှင့် ကောင်းသော ကိုယ်ကျင့်သီလ တူမျှရမယ်။

(၆) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့နှင့် ကောင်းသော အယူအဆ တူမျှရမယ်။ သံသရာမှ လွတ်မြောက်ကြောင်း အယူအဆ တူမျှရမယ်။

ရဟန်းတို့ . . ဥပမာအားဖြင့် အထွတ်ပါတဲ့ အိမ်မှာ အထွတ်ဟာ အချက်အချာ ပဓာန ဖြစ်သကဲ့သို့ ဒီသာရဏီယဓမ္မ ခြောက်ပါးအနက် သံသရာမှ လွတ်မြောက်ကြောင်း အယူဟာ အချက်အချာ ပဓာန ဖြစ်တယ်။

၄၉၃။ ရဟန်းတို့. . . သံသရာမှ လွတ်မြောက်ကြောင်း အယူဟာ ဘာ့ကြောင့် အချက်အချာ ပဓာန ဖြစ်သလဲဆိုတော့-- ငါဘုရားသာသနာတော်မှာ ရဟန်းတစ်ပါးဟာ တောသို့ ကပ်ရောက်ပြီး ဖြစ်စေ၊ သစ်ပင်ရင်းသို့ ကပ်ရောက်ပြီး ဖြစ်စေ၊ ဆိတ်ငြိမ်ရာတစ်နေရာရာသို့ ကပ်ရောက်ပြီး ဖြစ်စေ အမှန်အတိုင်း မသိနိုင်မမြင်နိုင်ကြောင်း ဖြစ်တဲ့ ထကြွမှုမျိုး ငါရဲ့ကိုယ်တွင်း သန္တာန်မှာ ရှိလေသလား" လို့ ဆင်ခြင်တယ်။ ရဟန်းတို့. . . အဲဒီအခါမှာ ရဟန်းဟာ ကာမရာဂ ထကြွခဲ့ဖူးသူ ဖြစ်လျှင် (အဲဒီထကြွခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ်ရှိသည်သာ (၄၃၄) ဖြစ်တယ်။ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စနှင့် ဝိစိကိစ္ဆာတို့ ထကြွခဲ့ဖူးသူ ဖြစ်လျှင်လည်း (အဲဒီထကြွခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ မျက်မှောက်လောက တမလွန်လောကတို့ကို ကြံစည်ခြင်း၌ အလေ့အလာများခဲ့ဖူးသူဖြစ်လျှင် (အဲဒီ အလေ့အလာများခဲ့ဖူး သည့်အတိုင်း) ထကြွသောစိတ်ရှိသည်သာ ဖြစ်တယ်။ ငြင်းခုံမှုဖြစ်ပွားလျက် အချင်းချင်း နှုတ်လှံထိုးကာ နေခဲ့ဖူးသူ ဖြစ်လျှင် (အဲဒီနေခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ ရဟန်းတို့. . . အဲဒီအခါမှာ ရဟန်းဟာ "အမှန်အတိုင်း မသိနိုင်မမြင်နိုင်ကြောင်းဖြစ်တဲ့ ထကြွမှုမျိုး ငါရဲ့ကိုယ်တွင်း သန္တာန်မှာ ရှိသေးပါတကား၊ ဒါပေမဲ့ သစ္စာလေးပါးကို သိဖို့ရာ ငါရဲ့စိတ်ကို ကောင်းစွာထားပြီးပြီ" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီရဟန်း အဲဒီလို ပထမဆုံး ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ်ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၄။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ဘုရားသားတော်ဟာ "အဲဒီအယူကို မှီဝဲပွားများသောကြောင့် ငါရဲ့ စိတ်မှာ ငြိမ်းချမ်းမှုကို ရသလား" လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ဒီအယူကို မှီဝဲ ပွားများသောကြောင့် ငါရဲ့ စိတ်မှာ ငြိမ်းချမ်းမှုကို ရတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ဒုတိယမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ (၄၃၅) ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၅။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ဘုရားသား တော်ဟာ "ငါ့မှာ ရှိတဲ့ ဒီအယူမျိုးရှိသည့် တခြား သမဏဗြာဟ္မဏများ ဒီဘုရားသာသနာတော်မှ အပမှာ ရှိလေသလား" လို့ စဉ်းစား ဆင်ဆင်ခြင်တဲ့အခါ "မရှိပါတကား"ဆိုတဲ့ အသိဉာဏ်ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို တတိယမြောက်ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၆။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့-- ဥပမာအားဖြင့် ပက်လက်အိပ်အရွယ်ဖြစ်တဲ့ ကလေးသူငယ် လူမမယ်လေးဟာ လက်နဲ့ဖြစ်စေ၊ ခြေနဲ့ဖြစ်စေ မီးကျီးခဲကို ထိမိလျှင် လျှင်မြန်စွာပင် ပြန်ရုတ်သကဲ့သို့ သောတာပန်ပုဂ္ဂိုလ်ဟာ အာပတ်သင့်ခဲ့လျှင် အဲဒီအာပတ်ကို ကုစားတယ်၊ မြတ်စွာဘုရား အထံတော်မှာဖြစ်စေ၊ ပညာရှိသီတင်းသုံးဖော်တို့အထံမှာဖြစ်စေ လျှင်မြန်စွာ လျှောက်ထား ဖော်ပြတယ်၊ နောင်အာပတ်မသင့်အောင် စောင့်စည်းတယ်။ ရဟန်းတို့. . . ဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဓမ္မတာသဘော ဖြစ်တယ်။ ရဟန်းတို့. . . ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်ရဲ့ အဲဒီဓမ္မတာသဘောနှင့် ငါ ပြည့်စုံရဲ့လား" လို့ စဉ်းစားဆင်ခြင်တဲ့ အခါ "ပြည့်စုံတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ (၄၃၆) အဲဒီဘုရားသားတော် အဲဒီလို စတုတ္ထမြောက် ရလာတဲ့ အသိဉာဏ် ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၇။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ဥပမာအားဖြင့် သားငယ်နွားကလေးရှိတဲ့ နွားမကြီးဟာ မြက်ကို ဆွဲစားရင်း နွားကလေးကိုလည်း စောင်းငဲ့ကြည့်ကာ ကြည့်ရှုစောင့်ရှောက်သကဲ့သို့ သောတာပန်ပုဂ္ဂိုလ်ဟာ သီတင်းသုံးဖော်တို့ရဲ့ ကိစ္စကြီးငယ်ကို ကြောင့်ကြစိုက်ရင်း မိမိရဲ့ မြင့်မြတ်တဲ့ သီလသမာဓိပညာ သိက္ခာသုံးပါးကိုလည်း အလွန်ငဲ့ကွက်လေ့ရှိတယ်။ ရဟန်းတို့. . . ဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဓမ္မတာသဘော

ဖြစ်တယ်။ ရဟန်းတို့. . . ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်ရဲ့ အဲဒီဓမ္မတာသဘောနှင့် ငါပြည့်စုံရဲ့လား" လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ပြည့်စုံတယ်" ဆိုတဲ့ အသိဉာဏ် ရလာပါတယ်။ အဲဒီဘုရားသားတော် အဲဒီလို ပဉ္စမမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၈။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့-- တရားတော်ကို ဟောကြားတော်မူသောအခါ လိုလိုလားလား အလေးအနက် နှလုံးသွင်းပြီး စိတ်အားထက်သန်စွာ နားစိုက် (၄၃၇) ထောင်လျက် တရားတော်ကို နာကြားခြင်းဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ စွမ်းအားတစ်ခု ဖြစ်တယ်။ ရဟန်းတို့. . . ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်မှာရှိတဲ့ အဲဒီစွမ်းအား ငါ့မှာ ရှိရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ရှိတယ်"ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ဆဋ္ဌမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ်ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၉။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့တရားတော်ကို ဟောကြားတော်မူသောအခါ တရားတော်ကို နာရလို့ တရားတော်နှင့်စပ်တဲ့ ဝမ်းမြောက်မှုကို ရခြင်းဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ စွမ်းအားတစ်ခု ဖြစ်တယ်။ ရဟန်းတို့ ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်မှာရှိတဲ့ အဲဒီစွမ်းအား ငါ့မှာ ရှိရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့ အခါ "ရှိတယ်"ဆိုတဲ့ အသိဉာဏ်ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို သတ္တမမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၅၁၀။ ရဟန်းတို့. . . အဲဒီအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံတဲ့ ဘုရားသားတော်ဟာ သောတာပန်ပုဂ္ဂိုလ် ဖြစ်တယ်။ အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို အဲဒီရဟန်းများ နှစ်သက်သဘောကျကာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။ ကောသမ္ဗိယသုတ် ပြီးပြီ။

(စာပိုဒ်၊၄၉၁။ မ၊မြန်၊၁။၄၄၀၉။)(၁၀ မှတ်)

၃-မေး။ (က) များစွာသော လူတို့၏ စီးပွားချမ်းသာနှင့် လောကကို စောင့်ရှောက်ရန်အတွက် နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာသုခအတွက် မတွေ့ဝေသော သဘောရှိသော သတ္တဝါ နှင့်

(ခ) အနင်္ဂဏသုတ်လာ ပုဂ္ဂိုလ်လေးမျိုးတို့ကိုလည်း အကျဉ်းမျှ ဖော်ပြခဲ့ပါ။

ဖြေ။ (က) မြတ်စွာဘုရား။ (စာပိုဒ်၊၅၀။ မ၊မြန်၊၁။၂၉။)

(ခ)ငါ့သျှင်တို့ လောက၌ ဤ ပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကြကုန်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ- ငါ့သျှင်တို့ ဤလောက၌ ကိလေသာ အညစ်အကြေး 'အင်္ဂဏ'ရှိလျက် "ငါ၏ စိတ်သန္တာန်၌ ကိလေသာ့အညစ်အကြေးရှိ၏" ဟုဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်တစ်မျိုး၊ ကိလေသာအညစ်အ ကြေး ရှိလျက် "ငါ၏ စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးရှိ၏" ဟုဟုတ်တိုင်းမှန်စွာ သိသော ပုဂ္ဂိုလ်တစ်မျိုး၊ ကိလေသာအညစ်အကြေး မရှိသည်ဖြစ်လျက် "ငါ၏ စိတ်သန္တာန်၌ ကိလေသာအညစ်အကြေး မရှိ" ဟုဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်တစ်မျိုး၊ ကိလေသာအညစ်အကြေးမရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေး မရှိ" ဟုဟုတ်တိုင်းမှန်စွာ သိသော ပုဂ္ဂိုလ်တစ်မျိုး၊ (ဤပုဂ္ဂိုလ်လေးမျိုးတို့တည်း)။

(စာပိုဒ်၊၅၇။ မ၊မြန်၊၁။၃၃။) (၆+၄=၁၀ မှတ်)

---

၄-မေး။ အမျက်ထွက်ခြင်း၊ စိတ်မချမ်းမြေ့ခြင်းရှိသော ရဟန်းအား သီတင်းသုံးဖော်တို့က မရိုသေကြကြောင်းကို ဥပမာနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ငါ့သျှင် ဥပမာသော်ကား ဈေးမှဖြစ်စေ၊ ပန်းတဉ်းသမားအိမ်မှဖြစ်စေ စင်ကြယ်ဖြူဖွေးသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ထိုကြေးခွက်၌ ပိုင်ရှင်တို့သည် မြွေကောင်ပုပ်ကိုဖြစ်စေ၊ ခွေးကောင်ပုပ်ကို ဖြစ်စေ၊ လူကောင်ပုပ်ကိုဖြစ်စေ ပြည့်အောင်ထည့်၍ အခြားကြေးခွက်ဖြင့် ဖုံးပိတ်ကာ ဈေးတွင်းသို့ သွားကြ ရာ၏၊ လူအပေါင်းသည် ထိုကြေးခွက်ကို တွေ့မြင်သော် "အချင်းအဘယ့်ကြောင့် ဤအရာကိုသာလျှင်ကောင်းနိုးရာရာ လက်ဆောင်ကဲ့သို့ ယူဆောင်လာသနည်း" ဟု ပြောဆိုပြီးလျှင် ထို (ခွက်) ကို ထ၍ ဖွင့်လှစ်ကြည့်ရှုရာ၏၊ (ထိုအကောင်ပုပ်ကို) မြင်သည်နှင့် တစ်ပြိုင်နက် ထိုလူအပေါင်းမှာ မနှစ်မြို့စိတ် ရွံရှာစိတ် စက်ဆုပ်စိတ်သည် ဖြစ်လေရာ၏၊ ဆာလောင်နေသူတို့ပင် မစားချင်ရာ၊ အစာဝနေသူတို့ကားပြောဖွယ်ရာမရှိ။ ငါ့သျှင် ဤဥပမာအတူပင် တစ်စုံတစ်ယောက်သော ရဟန်းအား ယုတ်ညံ့ဆိုးရွားအကုသိုလ်တရားဖြစ်ကုန်သော အလိုဆိုးကြောင့်ဖြစ်သည့် (ကောပ, အပ္ပစ္စယ) တရားတို့ကို မပယ်ရသေးသည်ကို မြင်လည်းမြင်ရကုန်အံ့၊ ကြားလည်းကြားရကုန်အံ့၊ ထိုရဟန်းသည် အကယ်၍ တောစွန်တောင်ဖျား၌ ဖြစ်သော ကျောင်းများ၌ နေ၍ အရညကင်ဓုတင်ဆောင်သူ ပိဏ္ဍပါတ်ဓုတင်ဆောင်သူအိမ်စဉ်မပြတ် ဆွမ်းရပ်သူ ပံသုကူ 'မြေမှုန့်ပွမ်းသော သင်္ကန်း' ဆောင်သူ ခေါင်းပါးသော သင်္ကန်းကိုဆောင်သူ ဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် မရိုသေကြကုန်၊ မလေးစားကြကုန်၊ မမြတ်နိုးကြကုန်၊ မပူဇော်ကြကုန်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုအသျှင်အား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရားဖြစ်ကုန်သော အလိုဆိုးကြောင့်ဖြစ်သည့် (ကောပ, အပ္ပစ္စယ) တရားတို့ကိုမပယ်ရသေးသည်ကို မြင်လည်း မြင်ကြရ ကြားလည်း ကြားကြရသောကြောင့်ပေတည်း။

(စာပိုဒ်၊၆၁။ မ၊မြန်၊၁။၄၀။) (၁၀ မှတ်)

၅-မေး။ မဟာသတိပဋ္ဌာန်သုတ်လာ စက်ဆုပ်ဖွယ်-ဟု နှလုံးသွင်းဆင်ခြင်ပုံကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း

၁၁၀။ ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှအထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏ - "ဤရုပ်အပေါင်း၌ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ + အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့ + နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်+အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၆+ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ+မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်သည် ရှိ၏" ဟု စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက် ရှိရာ၏၊ အဘယ်စပါးတို့နည်းဟူမူ- သလေးစပါး၊ ကောက်ကြီးစပါး၊ ပဲနောက်၊ ပဲကြီး၊ နှမ်း၊ ဆန်တို့ တည်း။ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုအိတ်ကို ဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့ တည်း၊ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း၊ ဤသည်တို့ကား ပဲနောက်တို့တည်း၊ ဤသည်တို့ ကားပဲကြီးတို့တည်း၊ ဤသည်တို့ကား နှမ်းတို့တည်း၊ %၇၃ဤသည်တို့ကား ဆန်တို့တည်း" ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှအထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏ - "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွားအရေ။ပ။ ကျင်ငယ် သည် ရှိ၏'ဟု (စူးစိုက်ဆင်ခြင်၏)။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ ရဟန်းတို့ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

(စာပိုဒ်၊၁၁၀။ မ၊မြန်၊၁။၇၉။) (၁၀ မှတ်)

၆-မေး။ (က) သမ္မာဒိဋ္ဌိဟူသည် အဘယ်နည်း? မဟာသတိပဋ္ဌာန်သုတ်လာအတိုင်း ဖြေဆို၍၊

ဖြေ။ (က) ရဟန်းတို့ သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဒုက္ခ၌ သိမြင်ခြင်း၊ ဒုက္ခ၏ ဖြစ်ကြောင်း၌ သိမြင်ခြင်း၊ ဒုက္ခ၏ ချုပ်ရာ (နိဗ္ဗာန်) ၌ သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌ သိမြင်ခြင်းတည်း။ ရဟန်းတို့ ဤ (သိမြင်ခြင်း) ကို မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟူ၍ ဆိုအပ်၏။**(စာပိုဒ်၊၁၃၅။ မ၊မြန်၊၁။၈၈။)**

မေး။ (ခ) ငရဲကျမည့်သူကို ဘုရားရှင် မြင်တော်မူပုံပြ စကားရပ်ကို ဥပမာနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ (ခ) သာရိပုတြာ ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟုစိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသူတို့လားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ရောက်ကာ စင်စစ် ဆင်းရဲလှစွာ ထက်မြက် ကြမ်းတမ်းသည့် ဝေဒနာကို ခံစားနေသည်ကို မြင်ရ၏။

သာရိပုတြာ ဥပမာအားဖြင့် နေပူတို့ဖြင့် ပူလောင်နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ် သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် တစ်ကြောင်းတည်းသော ခရီးဖြင့် မီးကျီးတို့ဖြင့် ပြည့်သောတသူ (ငါးတောင်) ထက် ကျော်လွန်သည့် အခိုးအလျှံကင်းသော မီးကျီးတွင်းသို့ ရည်ညွှန်း၍ လာရာ၏၊ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ "ဤအသျှင်ယောကျ်ားသည် ဤမီးကျီး တွင်းသို့သာလျှင် ရောက်လာမည့် လမ်းအတိုင်း သွား၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်းတက်၏" ဟု ပြောဆိုရာ၏။ နောက်အခါ၌ ထိုသူကိုပင် ထိုမီးကျီးတွင်း၌ ကျလျက် စင်စစ် ဆင်းရဲလှစွာ ထက်မြက် ကြမ်းတမ်းသည့် ဝေဒနာ ခံစားနေရသည်ကို မြင်ရာ၏။

%၁၀၇သာရိပုတြာ ဤ ဥပမာအတူပင် ဤလောက၌ အချို့ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟုစိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကာစင်စစ် ဆင်းရဲလှစွာ ထက်မြက် ကြမ်းတမ်းသည့် ဝေဒနာကို ခံစားနေသည်ကို မြင်ရ၏။

(စာပိုဒ်၊၁၅၄။ မ၊မြန်၊၁။၁၁၄။)(၄+၆= ၁၀ မှတ်)

၇-မေး။ မှန်ကြည့်၍ ပြုပြင်သကဲ့သို့ မိမိကိုယ်ကို ဆင်ခြင်၍ ပြုပြင်နည်းကို သေချာစွာ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ငါ့သျှင်တို့ ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ အလှပြင်လေ့ရှိသော မိန်းမပျိုသည်၊ သို့မဟုတ် ယောကျ်ားပျိုသည် သန့်ရှင်းဖြူစင်သော မှန် 'ကြေးမုံ' ၌ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေမိမိမျက်နှာ ရိပ်ကို ကြည့်ရှုလတ်သော် အကယ်၍ ထိုမျက်နှာ၌ မြူမှုန်အညစ်အကြေးတို့ကို တွေ့မြင်ငြားအံ့၊ ပယ်ရန် အားထုတ်၏။ အကယ်၍ ထိုမျက်နှာ၌ မြူမှုန်အညစ်အကြေးတို့ကိုမတွေ့မြင်ငြားအံ့၊ "ငါ့အား အရတော် ပေစွ၊ စင်ကြယ်ပေစွ" ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

ငါ့သျှင်တို့ ဤဥပမာအတူပင် အကယ်၍ ရဟန်းသည် ဆင်ခြင်သော် မိမိ၌ ဤယုတ်ညံ့သော အကုသိုလ်တရားအားလုံးတို့ကိုပင် မပယ်ရသေးသည်ကို ကောင်းစွာ တွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ထိုရဟန်းသည် ဤယုတ်ညံ့သော အကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ရန် အားထုတ်ရမည်၊ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် မိမိ၌ ဤယုတ်ညံ့သောအကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ပြီးသည်ကို ကောင်းစွာ တွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည်ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါ ကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်ဟု (မိန့်ဆိုတော်မူ၏)။

(စာပိုဒ်၊၁၈၄။ မ၊မြန်၊၁။၁၄၉။) (၁၀ မှတ်)

၈-မေး။ သက္ကာယဒိဋ္ဌိ ဖြစ်ပုံနှင့် သက္ကာယဒိဋ္ဌိ မဖြစ်ပုံ-တို့ကို စူဠဝေဒလ္လသုတ္တန်လာသည့်အတိုင်း ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ "အသျှင်မ အဘယ်သို့ သက္ကာယဒိဋ္ဌိ ဖြစ်သနည်း" ဟု (လျှောက်၏)။ ဒါယကာဝိသာခ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော, အရိယာတရား၌ မကျွမ်းကျင် သော,အရိယာတရား၌ မယဉ်ကျေးသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော, သူတော်ကောင်း တရား၌မကျွမ်းကျင်သော, သူတော်ကောင်း တရား၌ မယဉ်ကျေးသော, အကြားအမြင်မရှိသော ပုထုဇဉ် သည်ရုပ်ကို အတ္တဟု ရှု၏၊ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟုလည်းကောင်း၊ အတ္တ၌ ရုပ်ဟုလည်းကောင်း၊ ရုပ်၌ အတ္တဟုလည်းကောင်း ရှု၏။ ခံစားမှု 'ဝေဒနာ'ကို။ ပ။ မှတ်သားမှု 'သညာ'ကို။ပ။ ပြုစီရင်မှု 'သင်္ခါရ'တို့ကို။ပ။ အထူးသိမှု 'ဝိညာဉ်'ကို အတ္တဟု ရှု၏၊ (ကြွင်းခန္ဓာကို) အထူးသိမှု 'ဝိညာဉ်'ရှိသော အတ္တဟုလည်းကောင်း၊ အတ္တ၌ အထူးသိမှု 'ဝိညာဉ်'ဟုလည်းကောင်း၊ အထူးသိမှု 'ဝိညာဉ်'၌ အတ္တဟုလည်းကောင်း ရှု၏။ ဝိသာခ ဤသို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏ဟု (မိန့်ဆို၏)။

"အသျှင်မ အဘယ်သို့လျှင် သက္ကာဒိဋ္ဌိ မဖြစ်သနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော, အရိယာတရား၌ ကျွမ်းကျင်သော, အရိယာတရား၌ ယဉ်ကျေးသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော သူတော်ကောင်းတရား၌ ကျွမ်းကျင်သော သူတော်ကောင်းတရား၌ ယဉ်ကျေးသော, အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့် သာဝကသည် ရုပ်ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟု မရှု၊ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌အတ္တဟု မရှု။ ခံစားမှု 'ဝေဒနာ'ကို။ပ။ မရှု။ မှတ်သားမှု 'သညာ' ကို။ပ။ မရှု။ ပြုစီရင်မှု 'သင်္ခါရ'တို့ကို။ပ။ မရှု။ %၃၇၃အထူးသိမှု 'ဝိညာဉ်'ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) အထူးသိမှု 'ဝိညာဉ်'ရှိသော အတ္တဟု မရှု။ အတ္တ၌ အထူးသိမှု 'ဝိညာဉ်'ဟု မရှု၊ အထူးသိမှု 'ဝိညာဉ်'၌အတ္တဟု မရှု။ ဒါယကာဝိသာခ ဤသို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ဟု (မိန့်ဆို၏)။ (စာပိုဒ်၊၄၆၁။ မ၊မြန်၊၁။၃၈၆။၃၈၇။)(၅+၅= ၁၀ မှတ်)

၉-မေး။ အောက်ပါတို့ကို မှန်ကန်အောင် ဖော်ပြခဲ့ပါ။

(က) ကြက်သီးမွေးညှင်းထစေတတ်သော သုတ္တန်၏ အမည်၊

ဖြေ။ (က)မဟာသီဟနာဒသုတ္တန်၊

မေး။ (ခ) အကုသိုလ် အကြံအစည်များကို ပယ်ဖျောက်နည်း ငါးမျိုးပြ သုတ္တန်၏ အမည်။

ဖြေ။ (ခ)ဝိတက္ကသဏ္ဌာနသုတ္တန်။ (၅+၅=၁၀ မှတ်)

---

၁၀-မေး။ ဝမ္မိကသုတ္တန်လာ အောက်ပါ အကြောင်းအရာတို့ကို မှန်ကန်စွာ ဖော်ပြခဲ့ပါ။

(က) တောင်ပို့၊ (ခ) ဖား၊ (ဂ) လိပ်၊ (ဃ) သားတစ်၊ (င) နဂါး။

ဖြေ။ (က) ရဟန်း "တောင်ပို့" ဟူသော ဤအမည်သည် အမိအဖတို့၏ သုတ်သွေးကြောင့် ဖြစ်သောထမင်း မုယောမုန့်တို့ကြောင့် ကြီးပွါးသော မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိသော မဟာဘုတ်လေးပါးတို့ကြောင့် ဖြစ်သော ဤကိုယ်၏ အမည်တည်း။

(ခ) ရဟန်း "ဖား" ဟူသော ဤအမည်ကား အားကြီးသော အမျက်ထွက်ခြင်း၏ အမည်တည်း။

(ဂ) ရဟန်း "လိပ်" ဟူသော ဤအမည်သည် ရုပ်ဟူသော စွဲယူအပ်သော ခန္ဓာ၊ ခံစားခြင်းဟူသောစွဲယူအပ်သော ခန္ဓာ၊ မှတ်သားခြင်းဟူသော စွဲယူအပ်သော ခန္ဓာ၊ ပြုပြင်စီရင်မှုဟူသော စွဲယူအပ်သောခန္ဓာ၊ အထူးသိမှု ဟူသော စွဲယူအပ်သော ခန္ဓာဟူသော ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၏ အမည်တည်း။

(ဃ) ရဟန်း "သားတစ်" ဟူသော ဤအမည်သည် နှစ်သက်တပ်စွန်းခြင်း 'နန္ဒိရာဂ'၏ အမည်တည်း။ (င) ရဟန်း "နဂါး" ဟူသော ဤအမည်သည် ရဟန္တာဖြစ်သော ရဟန်း၏ အမည်တည်း။

(စာပိုဒ်၊ ၂၅၁။ မ၊မြန်၊၁။ ၂၀၂-၂၀၄။)(၂+၂+၂+၂+၂= ၁၀ မှတ်)

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ (၁၃၈၈)

# အုပ်စု (၃)

# မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

မေး ၁။ မဟာသတိပဋ္ဌာန်သုတ်လာ ထွက်သက်,ဝင်သက်ကို ရှုဆင်ခြင်ပုံအပိုင်းကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။ (စာပိုဒ်၊၁၀၇။)(မ၊မြန်၊၁။၇၃။)(မ၊၁။၇၀။),

ဖြေ ၁။ ထွက်သက် ဝင်သက်လေကို ရှုဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ သတိကို (ကမ္မဋ္ဌာန်းသို့) ရှေးရှုဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှိုက်၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ ရှည်ရှည်ရှိုက်လျှင်လည်း 'ရှည်ရှည်ရှိုက်သည်'ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း 'ရှည်ရှည်ရှူသည်'ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း 'တိုတိုရှိုက်သည်'ဟု သိ၏၊ တိုတိုရှူလျှင်လည်း 'တိုတိုရှူသည်'ဟု သိ၏။ (ထွက်သက်လေ၏) 'အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်'ဟု ကျင့်၏။ (ဝင်သက်လေ၏) 'အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်'ဟု ကျင့်၏။ 'ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်'ဟု ကျင့်၏၊ 'ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်'ဟု ကျင့်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမားသည်လည်းကောင်း ပွတ်သမား၏ တပည့်သည်လည်းကောင်း (ပွတ်ကြိုးကို) ရှည်ရှည်ဆွဲငင်လျှင်လည်း 'ရှည်ရှည်ဆွဲငင်သည်'ဟု သိ၏၊ (ပွတ်ကြိုးကို) တိုတိုဆွဲငင်လျှင်လည်း 'တိုတိုဆွဲငင်သည်'ဟု သိ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှိုက်လျှင်လည်း 'ရှည်ရှည်ရှိုက်သည်'ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း 'ရှည်ရှည်ရှူသည်'ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း 'တိုတိုရှိုက်သည်'ဟု သိ၏၊ တိုတိုရှူလျှင်လည်း 'တိုတိုရှူသည်'ဟု သိ၏။

(ထွက်သက်လေ၏) 'အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်'ဟု ကျင့်၏။ (ဝင်သက်လေ၏) 'အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်'ဟု ကျင့်၏။ 'ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်'ဟု ကျင့်၏၊ 'ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်'ဟု ကျင့်၏။(၁၀ မှတ်)

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတစ်ပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတစ်ပါး၏ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင်

'ရုပ်အပေါင်းသည်သာလျှင် ရှိသည်'ဟု ထိုရဟန်းအားသတိသည် ရှေးရှု ထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့်သတိတစ်ဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်၍လည်း နေ၏၊ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်းရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထွက်သက် ဝင်သက်လေကို ရှုဆင်ခြင်ခြင်း အပိုင်းပြီး၏။

(စာပိုဒ်၊ ၁၀၇။)(မ၊မြန်၊၁။၇၃။)(မ၊၁။၇၀။),

မေး ၂။ မဟာသာရောပမသုတ်လာ သာသနာတော်၏ အကာကို ယူသူ မည်ပုံပြ အပိုင်းကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။ (စာပိုဒ်၊၃၀၇။)(မ၊မြန်၊၁။၂၆၄။)(မ၊၁။၂၅၅။),

မေး ၂။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွားခြင်းအိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ကလွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျှောကျလျက် ဆင်းရဲ အနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်း တန်ရာ၏" ဟုယုံကြည်ခြင်း 'သဒ္ဓါ' ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့ သို့ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည်ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတစ်ပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့်စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတစ်ပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့်ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သည်ရှိသော် တည်ကြည်ခြင်း သမာဓိနှင့်ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုတည်ကြည်ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍အကြံအစည်ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုတည်ကြည်ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတစ်ပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုတည်ကြည်ခြင်းသမာဓိနှင့်ပြည့်စုံခြင်းဖြင့် ယစ်မူး မေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သည်ရှိသော် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကိုရ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူ ဖြစ်၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် "ငါသည် သိမြင်၍နေသူ ဖြစ်၏၊ ငါမှ တစ်ပါးသော အခြားရဟန်းတို့သည်ကားမသိမမြင်ဘဲ နေကုန်၏" ဟု မိမိကိုယ်ကို မြှင့်တင်၍ သူတစ်ပါးကို နှိမ့်ချ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏၊ မေ့လျော့သည်ရှိသော် ဆင်းရဲစွာ နေရ၏။

ရဟန်းတို့ ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောက်ျားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်၍တည်သော သစ်ပင်ကြီး၏ အနှစ်ကိုလွန်၍သာလျှင် အကာကိုဖြတ်ယူ၍ အနှစ်ဟုထင် မှတ်လျက် ဖဲခွါသွားရာ၏။ ထိုယောက်ျားကို မျက်စိအမြင်ရှိသော ယောက်ျားသည် မြင်၍ ဤသို့ပြောဆိုရာ၏၊ "ဤအသျှင်ယောက်ျားသည် စင်စစ် အနှစ်ကို မသိ၊ အကာကို မသိ၊ အခွံကို မသိ၊ အပွေး ကို မသိ၊ အခက်အရွက်ကို မသိ၊ ထိုသို့မသိသောကြောင့်သာလျှင် အနှစ်ကိုအလိုရှိ၍အနှစ်ကိုရှာမှီးသော ဤအသျှင် ယောက်ျားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်၍တည်သော%၂၅၃သစ်ပင်ကြီး၏ အနှစ်ကို လွန်၍သာလျှင် အကာကို ဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲခွါသွား၏။ ထိုယောက်ျားသည် အနှစ်ဖြင့် ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့" ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွားခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျှောကျလျက် ဆင်းရဲအနိုပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏" ဟု ယုံကြည်ခြင်း 'သဒ္ဓါ' ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်အစောကို ဖြစ်စေ၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည်မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည်ထိုလာဘ် သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတစ်ပါးကို မနှိမ့်ချပေ။ ထိုရဟန်းသည် ထို လာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ။ မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည်ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သောစိတ် ရှိ၏။ အကြံအစည်ကား ပြည့်စုံခြင်း မရှိ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတစ်ပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်း သို့ မရောက်ပေ၊ မမေ့လျော့သော် တည်ကြည်ခြင်း သမာဓိနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုတည်ကြည်ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သော စိတ်ရှိ၏။ အကြံအစည်ကား ပြည့်စုံခြင်းမရှိ။ ထိုရဟန်းသည် ထိုတည်ကြည်ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတစ်ပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုတည်ကြည်ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သော် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကို ရ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် နှစ်သက်သောစိတ်ရှိ၏။ အကြံအစည် ပြည့်စုံ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် "ငါသည် သိမြင်၍ နေ၏၊ (ငါမှတစ်ပါး တစ်ခြားကုန်သော ဤရဟန်းတို့သည်ကား) မသိမမြင်ဘဲ နေကုန်၏" ဟု မိမိကိုယ်ကိုမြှင့်တင်၏၊ သူတစ်ပါးကို နှိမ့်ချ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ရောက်၏၊ မေ့လျော့သော် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့ ဤရဟန်းကို မြတ်သောအကျင့် 'သာသနာတော်'၏ အကာကို ယူ၏ဟု ဆိုရ၏။ ထို(ဒိဗ္ဗစက္ခုဉာဏ်အမြင်)ဖြင့်လည်း ကိစ္စပြီးပြီဟု ကျေနပ်နေခြင်းသို့ ရောက်၏။ (စာပိုဒ်၊ ၃၁၀။) (မ၊မြန်၊၁။၂၆၄။) (မ၊၁။၂၅၅။),

မေး ၃။ -(က) အာသဝတို့ကို ပိတ်ခြင်းဖြင့် ပယ်ပုံ (စာပိုဒ်၊၂၂။)(မ၊မြန်၊၁။၁၃။)(မ၊၁။၁၂။),
-(ခ) အာသဝတို့ကို မှီဝဲခြင်းဖြင့် ပယ်ပုံ-တို့ကို ရေးသား ဖော်ပြခဲ့ပါ။

ဖြေ ၃။ ရဟန်းတို့ အဘယ်အာသဝတို့ကို ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်သနည်းဟူမူ- ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ စက္ခုန္ဒြေကိုပိတ်ခြင်းဖြင့် ပိတ်လျက် နေ၏၊ ရဟန်းတို့ ယင်းစက္ခုန္ဒြေကို ပိတ်ခြင်းဖြင့် မပိတ်ဘဲနေသော ထိုရဟန်းအား အာသဝေါတရား နှင့် ပင်ပန်းခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည်ဖြစ်ကုန်ရာ၏။ ဤသို့ (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍) စက္ခုန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက်နေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍ သောတိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက်နေ၏။ပ။ ဃာနိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက် နေ၏။ပ။ ဇိဝှိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက် နေ၏။ပ။ ကာယိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက် နေ၏။ပ။ မနိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက် နေ၏။ ရဟန်းတို့ယင်းမနိန္ဒြေကို ပိတ်ခြင်းဖြင့် မပိတ်ဘဲနေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့ (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍) မနိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက်နေသော ထိုရဟန်းအားအာသဝေါတရားနှင့်ပင်ပန်းခြင်း ကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။

ရဟန်းတို့ ယင်းပိတ်ခြင်းကို မပိတ်ဘဲနေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့ (သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍) ပိတ်ခြင်းကို ပိတ်လျက်နေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ ရဟန်းတို့ ဤအာသဝတို့ကို ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

ရဟန်းတို့ အဘယ်အာသဝတို့ကို မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်သနည်းဟူမူ- ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ သင်္ကန်းကို မှီဝဲ၏၊ အအေးကို ပယ်ဖျောက်ရုံမျှသာ အပူကို ပယ်ဖျောက်ရုံမျှသာ မှက် ခြင် လေ နေပူ မြွေ ကင်း သန်းအတွေ့တို့ကို ပယ်ဖျောက်ရုံမျှသာ အရှက်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါကို ဖုံးလွှမ်းရုံမျှသာ (သင်္ကန်းကို မှီဝဲ၏)။ သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ ဆွမ်းကိုမှီဝဲ၏၊ မြူးထူးခြင်းငှါ မဟုတ်၊ မာန်ယစ်ခြင်းငှါမဟုတ်၊ တန်ဆာဆင်ခြင်းငှါ မဟုတ်၊ အရေအဆင်း ဖွံ့ဖြိုးတိုးပွားခြင်းငှါ မဟုတ်၊ ဤကိုယ်၏ တည်တံ့ရုံမျှသာ မျှတရုံမျှသာ (ဆာလောင်မွတ်သိပ်သော) ပင်ပန်းခြင်းကို ပယ်ဖျောက်ရုံမျှသာ မြတ်သော အကျင့်ကို ချီးမြှောက်ခြင်းငှါသာ (ဆွမ်းကို မှီဝဲ၏)။ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊

ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်လည်းကောင်း၊ အပြစ်မရှိသည့် အဖြစ်သည်လည်းကောင်း၊ ချမ်းသာစွာ နေရခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့ဟု (ဆွမ်းကို မှီဝဲ၏)၊ သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ အိပ်ရာ နေရာ ကျောင်းကို မှီဝဲ၏၊ အအေးကို ပယ်ဖျောက်ရုံမျှသာ အပူကိုပယ်ဖျောက်ရုံမျှသာ မှက် ခြင် လေ နေပူ မြွေ ကင်း သန်း အတွေ့တို့ကို ပယ်ဖျောက်ရုံမျှသာ (ရာသီ) ဥတု ဘေးရန်ကို ပယ်ဖျောက်၍ ကိန်းအောင်းမွေ့လျော်ရုံမျှသာ (အိပ်ရာ နေရာ ကျောင်းကို မှီဝဲ၏)၊ သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ သူနာ၏ အထောက်အပံ့ ဆေး (ပစ္စည်း) အဆောက်အဦကိုမှီဝဲ၏၊ ဖြစ်ပေါ်ကုန်သော ကျင်နာခံခက် နှိပ်စက်တတ်ကုန်သော (ရောဂါ) ဝေဒနာတို့ကို ပယ်ဖျောက်ရုံမျှသာ ဆင်းရဲဒုက္ခ ကင်းပျောက်ရုံမျှသာ (ဆေးကို မှီဝဲ၏)။

ရဟန်းတို့ ယင်းပစ္စည်းလေးပါးကို (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍) မမှီဝဲသော ထိုရဟန်းအားအာသဝေါတရားနှင့် ပင်ပန်းခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့ (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍) မှီဝဲသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ ရဟန်းတို့ ဤအာသဝတို့ကို မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။ (၅+၅=၁၀မှတ်)

(စာပိုဒ်၊ ၂၃။)(မ၊မြန်၊၁။၁၄။)(မ၊၁။၁၂။),

မေး ၄။ ဘုရားရှင်၏ အားတော် (၁၀) ပါးကို တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ ၄။ သာရိပုတြာ မြတ်စွာဘုရား၏ အားတော်တို့သည် ဆယ်ပါးတို့တည်း၊

မြတ်စွာဘုရားသည် ယင်းအားတော်တို့နှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကိုမြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။
အားတော်ဆယ်ပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူ-

သာရိပုတြာ ဤလောက၌ မြတ်စွာဘုရားသည် အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သော အားဖြင့်, အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့်ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏၊ သာရိပုတြာ ယင်းသို့ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့်, အကြောင်း မဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့်ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကိုဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၁)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သည့် ဆောက်တည်၍ ပြုအပ်သော ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့်ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။ သာရိပုတြာ ယင်းသို့ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သည့် ဆောက်တည်၍ ပြုအပ်သော ကံတို့၏အကျိုးကို အထောက် အပံ့အားဖြင့် အကြောင်းအားဖြင့်ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည့်မြင့်မြတ်ကြောင်း ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကိုလည်စေ၏။ (၂)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အလုံးစုံသော ဂတိငါးတန်နှင့် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏၊ သာရိပုတြာ ယင်းသို့ အလုံးစုံသော ဂတိငါးတန်နှင့် နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကိုဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည်မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကိုလည်စေ၏။ (၃)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် များပြားသောဓာတ် အမျိုးမျိုးသော ဓာတ်တို့ရှိသော လောကကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ များပြားသော ဓာတ် အမျိုးမျိုးသော ဓာတ်တို့ရှိသော လောကကိုဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်းမြတ်စွာဘုရား၏

အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့ ၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၄)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် သတ္တဝါတို့၏ စိတ်ထား အမျိုးမျိုးကိုဟုတ်တိုင်း မှန်စွာခွဲခြား၍ သိ၏၊ သာရိပုတြာ ယင်းသို့ သတ္တဝါတို့၏ စိတ်ထားအမျိုးမျိုးကိုဟုတ်တိုင်းမှန်စွာမြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့ ၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သောတရားစကြာကို လည်စေ၏။ (၅)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အယုတ် အမြတ်ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါတို့၏ ဣန္ဒြေ အနု အရင့်ကိုဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ အယုတ် အမြတ်ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါတို့၏ ဣန္ဒြေအနု အရင့်ကိုဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၆)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် စျာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကိုဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့စျာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၇)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် များပြားသော ရှေး၌ဖြစ်ဖူးသော ဘဝကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း။ တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝတို့ကိုလည်းကောင်း၊ သုံးဘဝတို့ကိုလည်းကောင်း၊ လေးဘဝတို့ကိုလည်းကောင်း၊ ငါးဘဝတို့ကိုလည်းကောင်း၊ ဆယ်ဘဝတို့ကို လည်းကောင်း၊ ဘဝနှစ်ဆယ်တို့ကိုလည်းကောင်း၊ ဘဝသုံးဆယ်တို့ကိုလည်းကောင်း၊ ဘဝလေးဆယ်တို့ကို လည်းကောင်း၊ ဘဝငါးဆယ်တို့ကိုလည်းကောင်း၊ ဘဝတစ်ရာကိုလည်းကောင်း၊ ဘဝတစ်ထောင်ကို လည်းကောင်း၊ ဘဝတစ်သိန်းကိုလည်းကောင်း၊ များပြားသော ပျက်ကပ်တို့ကိုလည်းကောင်း၊ များပြားသော ဖြစ်ကပ်တို့ကိုလည်းကောင်း၊ များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုလည်းကောင်း ဤမည်သောဘဝ၌ "(ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကိုခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌

ဖြစ်ပြန်၏” ဟု ဤသို့သော အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌ဖြစ်ဖူးသော ဘဝကို အောက်မေ့နိုင်၏။ပ။ သာရိပုတြာ ယင်းသို့ မြတ်စွာဘုရား၏ များပြားသော ရှေး၌ဖြစ်ဖူးသော ဘဝကို အောက်မေ့နိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၈)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်နိုင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို သိနိုင်၏၊ “အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယ ဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့်ပြည့်စုံကုန်၏၊ စိတ် ဖြင့်ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုသောကံ ရှိကုန်၏၊ ထို (သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ ဖြစ်ပေါ်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကားကိုယ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသောကောင်းသော အကျင့် 'ဝစီသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသောကောင်းသောအကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသောကံ ရှိကုန်၏၊ ထို (သတ္တဝါ)တို့သည် ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏” ဟု ဤသို့လျှင် အထူးသဖြင့်စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့်သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါအဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။ပ။

သာရိပုတြာ ယင်းသို့ မြတ်စွာဘုရား၏ အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သိနိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သောစကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၉)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကိုယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေတော်မူ၏။

သာရိပုတြာ ယင်းသို့ မြတ်စွာဘုရား၏ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်အာသဝေါတရားကင်းသော လွတ် မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက်ရောက်၍ နေတော်မူခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၁၀)

သာရိပုတြာ မြတ်စွာဘုရား၏ အားတို့သည် ဤဆယ်ပါးတို့တည်း။ မြတ်စွာဘုရားသည် ယင်းအားတို့နှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။(၁၀ မှတ်)

(စာပိုဒ်၊၁၄၈။)(မ၊မြန်၊၁။၁၀၇။)(မ၊၁။၉၉။)

အုပ်စု (၃) မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

မေး ၅။ (က)စိတ်၏ ဆူးငြောင့်ခလုတ် (၅) မျိုး နှင့်(ခ) စိတ်၏ အနှောင်အဖွဲ့ (၅) မျိုး-တို့ကို ဖော်ပြခဲ့ပါ။

ဖြေ ၅။ ထိုရဟန်း မပယ်ရသေးသော စိတ်၏ ဆူးငြောင့်ခလုတ် ငါးမျိုးတို့ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ စိတ်မရှင်းလင်း။ ရဟန်းတို့ မြတ်စွာဘုရား၌ ယုံမှားသော တွေးတောသော မဆုံးဖြတ်နိုင်သော မရှင်းလင်းသောရဟန်း၏စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ ဖြစ်ခြင်းသည် ထိုရဟန်းမပယ်ရသေးသော ရှေးဦးစွာသော စိတ်၏ ဆူးငြောင့်ခလုတ် ဖြစ်၏။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် တရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ စိတ်မရှင်းလင်း။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်းမပယ်ရသေးသော နှစ်ခုမြောက်သော စိတ်၏ဆူးငြောင့်ခလုတ် ဖြစ်၏။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် သံဃာ၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ စိတ်မရှင်းလင်း ။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်းမပယ်ရသေးသော သုံးခုမြောက်သော စိတ်၏ ဆူးငြောင့် ခလုတ် ဖြစ်၏။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် အကျင့်သိက္ခာ၌ ယုံမှား၏၊ တွေးတော၏၊ မဆုံး ဖြတ်နိုင်၊ စိတ်မရှင်းလင်း။ ရဟန်းတို့ အကျင့်သိက္ခာ၌ ယုံမှားသော တွေးတောသော မဆုံးဖြတ်နိုင်သော စိတ်မရှင်းလင်းသော ရဟန်း၏စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာ အားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း မပယ်ရသေးသော လေးခုမြောက်ဖြစ်သော စိတ်၏ ဆူးငြောင့်ခလုတ် ဖြစ်၏။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်၊ စိတ်နာတတ်၏၊ ဆူးငြောင့်ခလုတ်သဖွယ် ဖြစ်၏။ ရဟန်းတို့ သီတင်းသုံးဖော်တို့၌ အမျက်ထွက်သောမနှစ် သက်သော စိတ်နာတတ်သော ဆူးငြောင့်ခလုတ်သဖွယ်ဖြစ်သော ရဟန်း၏စိတ်သည်စ၍အားထုတ်ခြင်း အကြိမ်ကြိမ် အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း မပယ်ရသေးသော ငါးခုမြောက်ဖြစ်သော စိတ်၏ ဆူးငြောင့်ခလုတ် ဖြစ်၏၊ ဤသည်တို့ကား ထိုရဟန်း မပယ်ရသေးသော စိတ်၏ ဆူးငြောင့်ခလုတ် ငါးမျိုးတို့ပေတည်း။

(စာပိုဒ်၊၁၈၅။)(မ၊မြန်၊၁။၁၅၀။)(မ၊၁။၁၄၅။),

ထိုရဟန်း မဖြတ်ရသေးသော စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမ၌ တပ်စွန်းခြင်း 'ရာဂ' မကင်းသေး၊ အလိုဆန္ဒမကင်းသေး၊ ချစ်ခြင်း မကင်းသေး၊ မွတ်သိပ်ခြင်း မကင်းသေး၊ ပူလောင်ခြင်း မကင်းသေး၊ တပ်မက်ခြင်း 'တဏှာ'မကင်းသေး။ ရဟန်းတို့ ကာမ၌ တပ်စွန်းခြင်း 'ရာဂ' မကင်းသေးသော အလိုဆန္ဒ မကင်းသေးသောချစ်ခြင်းမကင်းသေးသော မွတ်သိပ်ခြင်းမကင်းသေးသော ပူလောင်ခြင်းမကင်းသေးသော တပ်မက်ခြင်း 'တဏှာ' မကင်းသေးသော ရဟန်း၏ စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း မဖြတ် ရသေးသော ရှေးဦးစွာသော စိတ်၏ အနှောင်အဖွဲ့ ဖြစ်၏။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် (မိမိ) ကိုယ်၌ တပ်စွန်းခြင်း 'ရာဂ' မကင်းသေး။ပ။ ဤသို့ ဖြစ်ခြင်းသည် ထိုရဟန်း မဖြတ်ရသေးသော နှစ်ခုမြောက်ဖြစ်သော စိတ်၏ အနှောင်အဖွဲ့ ဖြစ်၏။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် (အပ) ရုပ်၌ တပ်စွန်းခြင်း 'ရာဂ' မကင်းသေး။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း မဖြတ်ရသေးသော သုံးခုမြောက်ဖြစ်သော စိတ်၏ အနှောင်အဖွဲ့ ဖြစ်၏။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ လျောင်းမှုချမ်းသာစောင်းမှုချမ်းသာ အိပ်မှုချမ်းသာကို အားထုတ်လျက် နေ၏။ ရဟန်းတို့ အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ လျောင်းမှုချမ်းသာ စောင်းမှုချမ်းသာ အိပ်မှုချမ်းသာကို အားထုတ်နေသော ရဟန်း၏ စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ ဖြစ်ခြင်းသည် ထိုရဟန်းမဖြတ်ရသေးသော လေးခုမြောက်ဖြစ်သော စိတ်၏ အနှောင်အဖွဲ့ ဖြစ်၏။

ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် "ဤအကျင့်သီလဖြင့်သော်လည်းကောင်း ဤကျင့်ဝတ်ဖြင့်သော်လည်းကောင်း၊ ဤအားထုတ်မှုဖြင့်သော်လည်းကောင်း၊ ဤမေထုန်မှ ကြဉ်ရှောင်ခြင်းဖြင့် သော်လည်း ကောင်း ငါသည် နတ်သော်လည်း ဖြစ်ရအံ့၊ နတ်မျိုးတွင်အပါအဝင်သော်လည်း ဖြစ်ရအံ့" ဟု နတ်အမျိုးအစား တစ်ပါးပါးကို တောင့်တ၍ မြတ်သောအကျင့်ကိုကျင့်၏။ ရဟန်းတို့ "ဤအကျင့်သီလ ဖြင့်သော်လည်းကောင်း၊ ဤကျင့်ဝတ် ဖြင့်သော်လည်းကောင်း၊ ဤအားထုတ်မှုဖြင့်သော်လည်းကောင်း၊ ဤမေထုန်မှ ရှောင်ကြဉ်ခြင်းဖြင့်သော်လည်းကောင်း ငါသည်နတ်သော်လည်း ဖြစ်ရအံ့၊ နတ်မျိုးတွင် အပါအဝင်သော်လည်း ဖြစ်ရအံ့" ဟု နတ်အမျိုးအစားတစ်ပါးပါးကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်သော ရဟန်း၏ စိတ်သည် စ၍အားထုတ်ခြင်းအကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာ အားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်းမဖြတ်ရသေးသော ငါးခုမြောက်သော စိတ်၏ အနှောင် အဖွဲ့ဖြစ်၏။ ဤသည်တို့ကား ထိုရဟန်း မဖြတ်ရသေးသော စိတ်၏ အနှောင်အဖွဲ့ ငါးမျိုးတို့ပေတည်း။

(စာပိုဒ်၊၁၈၆။)(မ၊မြန်၊၁။၁၅၁။)(မ၊၁။၁၄၆။) (၅+၅=၁၀မှတ်)

**မေး ၆။** ကောင်းသော မြွေဖမ်းနည်း နှင့် တူသော စာသင်နည်းအဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

**ဖြေ ၆။** ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးသားတို့သည် သုတ္တ, ဂေယျ, ဝေယျာကရဏ်, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လ တရားတို့ကို သင်ယူပြီးလျှင်ထိုတရားတို့၏ အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်ကုန်၏။ အနက်အဓိပ္ပါယ်ကို ပညာဖြင့်စူးစမ်းဆင်ခြင် သော ထိုသူများအား ထိုတရားတို့သည် ဆင်ခြင်မှုကို ခံ့ကုန်၏ (ဉာဏ်၌ထင်လာကုန်၏)။ ထိုသူတို့သည် ခြုတ်ခြယ်ရုံအကျိုးသာ ရှိကုန်၍လည်းကောင်း၊ ဤသင်ယူခြင်းဖြင့်သူတစ်ပါးတင်သော ဝါဒမှ လွတ်စေရုံ အကျိုးသာရှိကုန်၍လည်းကောင်း တရားကို မသင်ယူကြကုန်။ အကြင်မဂ်ဖိုလ်၏အကျိုးငှါလည်း တရားကို သင်ယူကုန်၏၊ ထိုတရား၏ ထိုမဂ်ဖိုလ် အကျိုးကိုလည်းခံစားကြရကုန်၏။ ထိုသူတို့အား ကောင်းစွာ သင်ယူထားသော ထိုတရားတို့သည် ရှည်ကြာစွာသောကာလပတ်လုံး စီးပွားခြင်း ချမ်းသာခြင်းငှါ ဖြစ် ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုတရားတို့ကို ကောင်းစွာ သင်ယူထား သည်၏ အဖြစ်ကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား မြွေကို အလိုရှိ၍ မြွေကို ရှာမှီးသော ယောကျ်ားသည် မြွေရှာလှည့်လည် သွားသော် ကြီးမားသော မြွေကို တွေ့မြင်ရာ၏။ ထိုမြွေကို ဆိတ်ခွါသဏ္ဌာန်ရှိသော လှံတံဖြင့်ကောင်းစွာ ဖိနှိပ်ထားရာ၏၊ ဆိတ်ခွါသဏ္ဌာန်ရှိသော လှံတံဖြင့် ကောင်းစွာ ဖိနှိပ်၍ လည်ပင်း၌ကောင်းစွာ ကိုင်ဖမ်းရာ၏။ ရဟန်းတို့ အကယ်၍လည်း ထိုမြွေသည် ထိုယောကျ်ား၏ လက်ကိုဖြစ်စေ၊ လက်မောင်းကို ဖြစ်စေ၊ တစ်ခုခုသော အင်္ဂါကြီးငယ်ကိုဖြစ်စေ ကိုယ်ဖြင့် ရစ်ပတ်ငြားအံ့၊ ထိုသို့ရစ်ပတ်သော်လည်း ထို သူသည် ထိုအကြောင်းကြောင့် သေခြင်းသို့သော်လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့သော်လည်း ကောင်း မရောက်ရာ။ ထိုသို့ဖြစ်ခြင်းသည်အဘယ့်ကြောင့်နည်းဟူမူ၊ ရဟန်းတို့ မြွေကို ကောင်းစွာ ဖမ်း သည်၏ အဖြစ်ကြောင့်တည်း။

ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ အချို့သော အမျိုးသားတို့သည် သုတ္တ, ဂေယျ, ဝေယျာကရဏ်, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လ တရားတို့ကို သင်ယူပြီးလျှင် ထိုတရားတို့၏ အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်ကြကုန်၏၊ အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်သော ထိုသူတို့အား ထိုတရားတို့သည် ဆင်ခြင်မှုကို ခံ့ကုန်၏ (ဉာဏ်၌ ထင်လာကုန်၏)။ ထိုသူတို့သည် ခြုတ်ခြယ်ရုံအကျိုးသာ ရှိကုန်၍လည်းကောင်း၊ ဤသင်ယူခြင်းဖြင့် သူတစ်ပါးတင်သော အပြစ်မှ လွတ်စေရုံအကျိုးသာ ရှိကုန်၍လည်းကောင်း တရားကို မသင်ယူကြကုန်။ အကြင်မဂ်ဖိုလ်အကျိုးငှါလည်း တရားကို သင်ယူကြကုန်၏၊ ထိုတရား၏ ထိုမဂ်ဖိုလ်အကျိုးကိုလည်း ခံစားကြရကုန်၏။ ထိုသူတို့အား

ကောင်းစွာ သင်ယူထားသော ထိုတရားတို့သည် ရှည်ကြာစွာသော ကာလပတ်လုံး စီးပွားခြင်းချမ်းသာခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ၊ ရဟန်းတို့ ထိုတရားတို့ကိုကောင်းစွာ သင်ယူထားသည်၏ အဖြစ်ကြောင့်တည်း။

ရဟန်းတို့ ငါဟောကြားထားသောတရား၏ အနက်ကို သိကုန်ပြီးအံ့၊ ထိုသိသည့်အတိုင်း ထိုတရားကိုဆောင်ကြကုန်ရာ၏။ ငါဟောကြားထားသောတရား၏ အနက်ကို မသိကုန်ပြီးအံ့၊ ထိုမသိသောအရာ၌ သင်တို့သည် ငါ့ကို ဖြစ်စေ၊ ကျွမ်းကျင်လိမ္မာသော ရဟန်းတို့ကို ဖြစ်စေ မေးမြန်းသင့်ကုန်၏။

(စာပိုဒ်၊ ၂၃၉။)(မ၊မြန်၊၁။၁၉၁။)    (မ၊၁။၁၈၇။)(၁၁ မှတ်)

မေး ၇။ အရှင်အနုရုဒ္ဓါ၊အရှင်နန္ဒိယ နှင့် အရှင်ကိမိလတို့ ညီညွတ်စွာ နေကြပုံတို့ကို အတုယူဖွယ်ရာ ဖော်ပြခဲ့ပါ။

ဖြေ ၇။ အနုရုဒ္ဓါတို့ အသို့နည်း၊ သင်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ နို့ (နှင့်) ရေရောသကဲ့သို့ တစ်စိတ်တည်းရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကောင်းစွာ ရှုကြည့်ကုန်လျက် နေထိုင်ကြကုန်၏လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား စင်စစ် တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ နို့ (နှင့်) ရေရောသကဲ့သို့ တစ်စိတ်တည်းရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကောင်းစွာကြည့်ရှုကုန်လျက် နေထိုင်ကြပါကုန်၏ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ နို့ (နှင့်) ရေရောသကဲ့သို့ တစ်စိတ်တည်းရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိဖြင့် ကောင်းစွာ ရှုကြည့်ကုန်လျက် နေထိုင်ကြကုန်သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသာသနာတော်၌ တပည့်တော်မှာ "အကြင်ငါသည် ဤသို့သဘောရှိကုန်သောသီတင်းသုံးဖော်တို့နှင့် အတူနေရ၏၊ ငါသည် အရတော်ပေစွ၊ ငါသည် အလွန်အရတော်ပေစွ" ဟု ဤသို့စိတ်ဖြစ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်မှာ ဤအသျှင်တို့အပေါ်၌ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ၊ ကာယကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ ဝစီကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ အသျှင်ဘုရား ထိုတပည့်တော်မှာ "ငါသည် မိမိစိတ်အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးရမူ ကောင်းပေမည်" ဟု ဤသို့ အကြံအစည် ဖြစ်ပါ၏။ အသျှင်ဘုရားတပည့်တော်သည် မိမိစိတ်အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျောကျင့်သုံးပါ၏။ အသျှင်ဘုရား တပည့်တော်တို့မှာ ကိုယ်အသီးသီးဖြစ်သော်လည်း စိတ်သည်ကား တစိတ်တည်းကဲ့သို့ ဖြစ်ကြပါသည်ဟု (လျှောက်၏)။

အသျှင်နန္ဒိယသည်လည်း။ပ။ အသျှင်ကိမိလသည်လည်း မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဘုရား တပည့်တော်သည်လည်း ငါသည် ဤသို့သဘောရှိသော သီတင်းသုံးဖော်တို့နှင့် အတူနေရ၏၊ ငါသည် အရတော်ပေစွ၊ ငါသည် အလွန်အရတော်ပေစွ" ဟု ဤသို့စိတ်ဖြစ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်မှာ ဤအသျှင်တို့အပေါ်၌ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ၊ ကာယကံမေတ္တာသည်ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ၊ ဝစီကံမေတ္တာသည်

ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ၊ မနောကံမေတ္တာသည် ရှေးရှုထင်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်မှာ "ငါသည် မိမိစိတ် အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျောကျင့်သုံး ရမူ ကောင်းပေမည်" ဟု ဤသို့ အကြံအစည် ဖြစ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်သည်မိမိစိတ် အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးပါ၏။ အသျှင် ဘုရား တပည့်တော်တို့မှာ ကိုယ်သည် အသီးသီးဖြစ်သော်လည်း စိတ်သည်ကားတစ်စိတ်တည်းကဲ့သို့ ဖြစ်ပါ၏ဟု (လျှောက်၏)။ အသျှင်ဘုရား ဤသို့လျှင် တပည့်တော်တို့သည်အညီအညွတ် ဝမ်းမြောက်ဝမ်း သာ မငြင်းခုံကြဘဲ နို့ (နှင့်) ရေ ရောသကဲ့သို့ တစ်စိတ်တည်းရှိကုန်၍အချင်းချင်း ချစ်ခင်သောမျက်စိဖြင့် ကောင်းစွာ ရှုကြည့်ကုန်လျက် နေကြပါ၏" ဟု (လျှောက်ကုန်၏)။(စာပိုဒ်၊၃၂၆။)(၁၀ မှတ်)

အပိုဒ် (၃) မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

မေး ၈။ ရဟန်းသည် ရဟန်းနှင့် သင့်လျော်သော အကျင့်ကို ကျင့်ပုံကို ဖော်ပြခဲ့ပါ။

ဖြေ ၈။ ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ရဟန်းနှင့် သင့်လျော်သော အကျင့်ကို ကျင့်သနည်း ။ ရဟန်းတို့ တစ်ဦးတစ်ယောက်သော ရဟန်းသည် ရှေးရှုကြံစည်ခြင်းများရှိခဲ့သော် ရှေးရှုကြံ စည်ခြင်း 'အဘိဇ္ဈာ' ကို ပယ်၏၊ ဖျက်ဆီးလိုစိတ်ရှိခဲ့သော် ဖျက်ဆီးလိုခြင်း 'ဗျာပါဒ' ကို ပယ်၏၊ အမျက်ထွက်လေ့ရှိခဲ့သော် အမျက်ထွက်ခြင်း 'ကောဓ' ကို ပယ်၏၊ ရန်ငြိုးဖွဲ့ခြင်းရှိခဲ့သော် ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'ကို ပယ်၏၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းရှိခဲ့သော် ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ' ကိုပယ်၏၊ ဂုဏ်ပြိုင်ခြင်းရှိခဲ့သော် ဂုဏ်ပြိုင်ခြင်း 'ပဠာသ'ကို ပယ်၏၊ မနာလိုခြင်းရှိခဲ့သော် မနာလိုခြင်း 'ဣဿာ' ကို ပယ်၏၊ ဝန်တိုခြင်းရှိခဲ့သော် ဝန်တိုခြင်း 'မစ္ဆရိယ' ကို ပယ်၏၊ စဉ်းလဲကောက်ကျစ်ခြင်းရှိခဲ့သော် စဉ်းလဲကောက်ကျစ်ခြင်း 'သာဌေယျ' ကို ပယ်၏၊ လှည့်ပတ်ခြင်းရှိခဲ့သော် လှည့်ပတ်ခြင်း 'မာယာ'ကို ပယ်၏၊ အလိုဆိုးရှိခဲ့သော် အလိုဆိုး 'ပါပိစ္ဆာ' ကို ပယ်၏၊ အယူမှားခြင်းရှိခဲ့သောအယူမှားခြင်း 'မိစ္ဆာဒိဋ္ဌိ' ကို ပယ်၏၊ ရဟန်းတို့ အပါယ်၌ ဖြစ်စေတတ်သည့် အကြောင်းဖြစ်သောမကောင်းရာဘုံဘဝ၌ ခံစားခြင်း ရှိကုန်သော ဤရဟန်းအညစ်အကြေး, ဤရဟန်းအပြစ်ဒေါသ, ဤရဟန်းအမှိုက်တို့ကို ပယ်ခြင်းကြောင့် "ရဟန်းနှင့်သင့်လျော်သော အကျင့်ကို ကျင့်၏" ဟု ငါဟော၏။ ထိုရဟန်းသည် ဤယုတ်ညံ့သော အကုသိုလ်တရားအားလုံးတို့မှ စင်ကြယ်သော မိမိကိုယ်ကို ကောင်းစွာ ရှုမြင်၏။ ဤယုတ် ညံ့သော အကုသိုလ်တရားအားလုံးတို့မှ စင်ကြယ်သော မိမိကိုယ်ကို ရှုမြင်သော ထိုရဟန်းအား ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်သော စိတ်ရှိသော ရဟန်း၏ ကိုယ် သည်ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေးခြင်းရှိသော ရဟန်းသည့်ချမ်းသာကို ခံစား၏၊ ချမ်းသာခြင်းရှိသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

ထိုရဟန်းသည် ချစ်ခြင်း 'မေတ္တာ' နှင့်တကွဖြစ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ အကြွင်းမဲ့ သတ္တဝါအားလုံးကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြ မရှိသော မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ' နှင့်တကွဖြစ်သော စိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် တကွဖြစ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်တကွဖြစ်သော စိတ်ဖြင့် တစ်ခုသောအရပ်ကို ပျံ့နှံ့စေ၍ နေ၏။ ထို့အတူနှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့်အထက်အောက် ဖီလာအရပ်ကို ပျံ့နှံ့စေ၍ နေ၏။ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌မိမိနှင့်တူစွာ အကြွင်းမဲ့ သတ္တဝါအားလုံးကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသောရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်တကွဖြစ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

ရဟန်းတို့ ဥပမာသော်ကား ကြည်လင်ချိုအေး ဖြူဖွေးသောရေနှင့် ကောင်းသော ရေဆိပ်ရှိသဖြင့်မွေ့လျော်ဖွယ်ကောင်းသော ရေကန်သည် ရှိရာ၏၊ အရှေ့အရပ်မျက်နှာမှ. နွေနေပူတို့ဖြင့် ပူလောင်နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် အကယ်၍ လာငြားအံ့၊ ထိုယောကျ်ားသည် ထိုရေကန်ကို စွဲ၍ ရေမွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၏၊ နွေနေပူတို့ဖြင့် ပူလောင်ခြင်းကို ပယ်ဖျောက်ရာ၏။ အနောက်အရပ်မျက်နှာမှ ယောကျ်ားသည် အကယ်၍ လာငြားအံ့။ မြောက်အရပ်မျက်နှာမှ ယောကျ်ားသည် အကယ်၍ လာငြားအံ့။ တောင်အရပ်မျက်နှာမှ ယောကျ်ားသည် အကယ်၍ လာငြားအံ့။ မည်သည့် အရပ်မှမဆို ထိုရေကန်သို့ နွေနေပူတို့ဖြင့် ပူလောင်နှိပ်စက်ခံရ၍အစာ ရေစာ ဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် အကယ်၍ လာငြားအံ့။ ထိုယောကျ်ားသည် ထိုရေကန်ကို စွဲ၍ ရေမွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၏၊ နွေနေပူတို့ဖြင့်ပူလောင်ခြင်း ကို ပယ်ဖျောက်ရာ၏။

ရဟန်းတို့.. ဤအတူပင်လျှင် မင်းမျိုးမှသော်လည်း လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်၌ ရဟန်းပြုသူ ဖြစ်စေကာမူ၊ ထိုသူသည် မြတ်စွာဘုရား ဟောထားသော အဆုံးအမတော်ကို စွဲ၍ ဤသို့ ချစ်ခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ'၊ ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ' ကို ပွားများ၍ မိမိကိုယ်၌ ငြိမ်းခြင်းကို ရ၏၊ မိမိကိုယ်၌ငြိမ်းခြင်းကြောင့် ထိုသူကို ငါသည် "ရဟန်းနှင့် သင့်လျော်သောအကျင့်ကို ကျင့်၏" ဟု ဟောကြား၏။

ပုဏ္ဏားမျိုးမှသော်လည်း။ပ။ ကုန်သည်မျိုးမှသော်လည်း။ပ။ သူဆင်းရဲမျိုးမှသော်လည်း။ပ။ မည်သည့်အမျိုးမှမဆို လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်၌ ရဟန်းပြုအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရားဟောကြားထားသော အဆုံးအမတော်ကို စွဲ၍ ဤသို့ ချစ်ခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ' ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ'ကို ပွားများ၍ မိမိကိုယ်၌ငြိမ်းခြင်းကို ရ၏၊ မိမိကိုယ်၌ ငြိမ်းခြင်းကြောင့် ထိုသူကို ငါသည် "ရဟန်းနှင့် သင့်လျော်သော အကျင့်ကို ကျင့်၏" ဟု ဟောကြား၏။(စာပိုဒ်၊၄၃၈။) (မ၊မြန်၊၁။၃၆၂။)(မ၊၁။၃၅၁။) (၁၀ မှတ်)

အုပ်စု (၃) မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

မေး ၉။ -(က) အဝိဇ္ဇာ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။

-(ခ) ဝိဇ္ဇာ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။

ဖြေ ၉။ ဒါယကာဝိသာခ မသိမှု 'အဝိဇ္ဇာ'၏ ပြိုင်ဘက်ကား သိမှု 'ဝိဇ္ဇာ' ပင်တည်းဟု (မိန့်ဆို၏)။ (စာပိုဒ်၊၄၆၆။)(မ၊မြန်၊၁။၃၉၁။) (မ၊၁။၃၇၈။),

ဒါယကာဝိသာခ သိမှု 'ဝိဇ္ဇာ'၏ပြိုင်ဘက်ကား လွတ်မြောက်မှု 'ဝိမုတ္တိ' ပင်တည်းဟု (မိန့်ဆို၏)။ (စာပိုဒ်၊၄၆၆။)(မ၊မြန်၊၁။၃၉၂။)(မ၊၁။၃၇၈။)(၅+၅=၁၀ မှတ်)

အုပ်စု (၃) မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

မေး ၁၀။ မူလပဏ္ဏာသပါဠိတော်၏ နောက်ဆုံးသုတ်ကို ဟောကြားတော်မူသော ပုဂ္ဂိုလ်၊ ဟောကြားရာ တိုင်း၊ ဟောကြားရာမြို့နှင့် ဟောကြားရာ တောတို့ကို အတိအကျ ဖော်ပြခဲ့ပါ။

ဖြေ ၁၀။ အသျှင်မဟာမောဂ္ဂလာန်၊ ဘဂ္ဂတိုင်း ၊သုသုမာရဂိရမြို့၊ ဘေသကဠာမည်သော သမင်တော။
(၂+၂+၃+၃=၁၀ မှတ်)

## ၁၃၈၀ ခုနှစ်၊
## မူလပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း

၁။ ကကစူပမသုတ်လာ ဝေဒေဟိကာမည်သော အိမ်ရှင်မဝတ္ထုကို အကျဉ်းချုပ်၍ ရေးသားဖော်ပြခဲ့ပါ။

၂။ ရေချိုးပြီးသူ ဖြစ်ပုံပြ စကားရပ်ကို အကျဉ်းချုပ်၍ဖော်ပြခဲ့ပါ။

၃။ မြေကြီးဥပမာမေတ္တာထားနည်းကို ဖော်ပြခဲ့ပါ။

၄။ မြေဓာတ်ကိုဖော်ပြ၍၊ ထိုမြေဓာတ်၌ ဝိပဿနာရှုပုံကိုလည်း ဖော်ပြခဲ့ပါ။

၅။ ဇီဝိတိန္ဒြေသည် အဘယ်ကိုစွဲတည်၍၊ ကမ္မဇတေဇောဓာတ်သည် အဘယ်ကိုစွဲ၍ တည်သည်ကို ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

၆။ ကိုယ်ကို အဘယ်တရားတို့က စွန့်သွားသောအခါ ဤကိုယ်သည် စိတ်မရှိသော ထင်းကဲ့သို့ စွန့်လွှတ်ပစ်ချထား၍ လဲလျောင်းရသနည်း။ အပြည့်စုံ ဖော်ပြခဲ့ပါ။

၇။ သေဆုံးကွယ်လွန်သူနှင့် နိရောဓသမာပတ်ကို ဝင်စားသူရဟန်းတို့၏ ခြားနားချက်ကိုဖော်ပြခဲ့ပါ။

၈။ နိရောဓသမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်သည်ကို တိကျစွာ ဖော်ပြခဲ့ပါ။

၉။ အောက်ပါအကြောင်းအရာတို့ကို မည်သည့်သုတ်တို့၌ ဟောတော်မူခဲ့ပါသနည်း။ တိကျစွာဖော်ပြခဲ့ပါ။

(က) နိဗ္ဗာန်သည် ရေကန်ကြီးနှင့်တူပုံ။

(ခ) ဘုရားရှင် ဗိမ္ဗိသာရမင်းထက်သာလွန်၍ ချမ်းချမ်းသာသာနေတော်မူရကြောင်း။

၁၀ အောက်ပါအကြောင်းအရာတို့ကို မည်သည့်သုတ်တို့၌ဟောတော်မူခဲ့သည်ကိုလည်း တိကျစွာဖော်ပြ– ခဲ့ပါ။

(က) နွားကျောင်းသားသည် ကောက်ပင်ကို နွားစားခြင်း၏ အပြစ်ကို မြင်သကဲ့သို့ ဘုရားရှင်သည် အကုသိုလ် အပြစ်ကို မြင်တော်မူပုံ။

(ခ) အလံကို ချထားပြီးသူ။

တစ်ပုဒ်လျှင် (၁၀) မှတ်စီ

## ၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

## မူလပဏ္ဏာသ.မြန်မာပြန် မေးခွန်းနှင့်.အဖြေများ

အဖြေ

၁။ ၂၂၆။ ရဟန်းတို့...ရှေးကဖြစ်ဖူးတာ တစ်ခုကတော့ - ဒီ သာဝတ္ထိမြို့မှာပဲ ဝေဒေဟိကာဆိုတဲ့ အိမ့်ရှင်မတစ်ယောက် ရှိခဲ့ဖူးတယ်။ ရဟန်းတို့...အဲဒီ ဝေဒေဟိကာ အိမ့်ရှင်မရဲ့ ကောင်းသတင်းဟာ "ဝေဒေဟိကာဟာ သိမ်မွေ့ နူးညံ့သူ ဖြစ်တယ်၊ မိမိကိုယ်ကို နှိမ့်ချသူ ဖြစ်တယ်၊ ငြိမ်းအေးသူ ဖြစ်တယ်"လို့ ကျော်စောနေတယ်။ ရဟန်းတို့...အဲဒီ ဝေဒေဟိကာ အိမ်ရှင်မမှာ ကာဠီဆိုတဲ့ ကျွန်မလေး တစ်ယောက် ရှိတယ်၊ အဲဒီ ကာဠီဟာ လိမ္မာသူ၊ မပျင်းရိသူ၊ အိမ်မှုကိစ္စတို့ကို ကောင်းစွာ ပြုစီရင်တတ်သူ ဖြစ်တယ်။

ရဟန်းတို့...တစ်နေ့တော့ ကာဠီဆိုတဲ့ ကျွန်မဟာ "ငါ့အရှင်မရဲ့ ကောင်းသတင်းဟာ အတော် ကျော်စောနေတယ်၊ ငါ့အရှင်မရဲ့ သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင်မထွက်တာလေလား ? ဒါမှမဟုတ် အမျက်ဒေါသ တကယ်မရှိလို့ အပြင်မထွက်တာလေလား ? ဒါမှမဟုတ် အိမ်မှုကိစ္စတို့ကို ငါက ကောင်းစွာ ပြုစီရင်ပေးသောကြောင့် သူ့.သန္တာန်မှာ အမျက်ဒေါသ ရှိပါလျက် အပြင်မထွက်တာလေလား ? ဒါမှမဟုတ် အမျက်ဒေါသ တကယ်မရှိလို့ အပြင်မထွက်တာလေလား? အဲဒါကို သေချာ သိရအောင် အရှင်မကို ငါ စမ်းကြည့်ရရင် ကောင်းမှာပဲ"လို့ စဉ်းစားတယ်။ ရဟန်းတို့...ကာဠီကျွန်မဟာ အဲဒီလို စမ်းကြည့်လိုတဲ့ အတွက် တစ်နေ့တော့ နေမြင့်မှ အိပ်ရာထတယ်။ အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။

"ဟဲ့ ကာဠီ"

"ရှင်"

"ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထသလဲ?"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘဲနှင့်များ၊ ကျွန်ယုတ်မနယ် နေမြင့်မှ အိပ်ရာထရတယ်လို့" လို့ ပြောကာ စိတ်ဆိုး မာန်ဆိုးနဲ့ မျက်မှောင်ကြုတ်ပြတယ်။ ရဟန်းတို့...အဲဒီအခါမှာ ကာဠီဟာ "ငါ့အရှင်မရဲ့ သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင် မထွက်ခြင်း ဖြစ်တယ်။ တကယ်မရှိလို့ မဟုတ်။ တကယ်တော့ ငါက အိမ်မှုကိစ္စများကို ကောင်းစွာ ပြုစီရင်ပေးနေသောကြောင့်သာ သူ့.သန္တာန်မှာရှိတဲ့ ဒေါသအမျက် အပြင်မထွက်ခြင်း ဖြစ်တယ်၊ ဒေါသအမျက် တကယ်မရှိလို့ အပြင်မထွက်ခြင်း မဟုတ်။ ပိုသေချာအောင် ငါ အရှင်မကို တိုးပြီး စမ်းရရင် ကောင်းမှာပဲ"လို့ စဉ်းစားပြန်တယ်။

ရဟန်းတို့...နောက်တစ်နေ့မှာ ကာဠီဟာ ပိုပြီး နေမြင့်မှ အိပ်ရာထတယ်၊ ရဟန်းတို့...အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။

"ဟဲ့ ကာဠီ"

"ရှင်"

"ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထသလဲ?"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘဲနင့်များ၊ ကျွန်ယုတ်မနယ် နေမြင့်မှ အိပ်ရာထရတယ်လို့" လို့ ပြောကာ စိတ်ဆိုးမာန်ဆိုး ဆဲဆို ကြိမ်းမောင်းတယ်၊ ရဟန်းတို့...အဲဒီအခါမှာ ကာဠီဟာ "ငါ့အရှင် မရဲ့ သန္တာန်မှာ အမျက်ဒေါသ ရှိပါလျက် အပြင် မထွက်ခြင်း ဖြစ်တယ်၊ တကယ်မရှိလို့ မဟုတ်။ တကယ်တော့ ငါက အိမ်မှုကိစ္စများကို ကောင်းစွာ ပြုစီရင်ပေးနေသောကြောင့်သာ သူ့သန္တာန်မှာရှိတဲ့ ဒေါသအမျက် အပြင်မထွက်ခြင်း ဖြစ်တယ်၊ ဒေါသအမျက် တကယ်မရှိလို့ အပြင်မထွက်ခြင်း မဟုတ်။ ပိုသေချာအောင် ငါ အရှင်မကို တိုးပြီး စမ်းရရင် ကောင်းမှာပဲ" လို့ စဉ်းစားပြန်တယ်။ ရဟန်းတို့... နောက်တစ်နေ့မှာ ကာဠီဟာ ပိုပြီး နေမြင့်မှ အိပ်ရာထတယ်။ ရဟန်းတို့...အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။

"ဟဲ့ ကာဠီ"

"ရှင်"

"ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထသလဲ?"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘဲနင့်များ၊ ကျွန်ယုတ်မနယ် နေမြင့်မှ အိပ်ရာထရတယ်လို့"လို့ ပြောကာ စိတ်ဆိုး မာန်ဆိုးနဲ့ တံခါးကျင် (ကန့်လန့်ကျင်)ကို ယူတဲ့ပြီး ကာဠီရဲ့ ဦးခေါင်းကို ရိုက်ခွဲခဲ့တယ်။ ရဟန်းတို့...အဲဒီအခါမှာ သွေးသံရဲရဲ ကွဲနေတဲ့ ဦးခေါင်းကြီးနဲ့ "အရပ်တို့...သိမ်မွေ့ နူးညံ့သူရဲ့ လုပ်ရပ်ကို ကြည့်ကြပါအုံး၊ မိမိကိုယ်ကို နှိမ့်ချသူရဲ့ လုပ်ရပ်ကို ကြည့်ကြပါအုံး၊ ဘယ့်နယ့်တော်၊ နေမြင့်မှ အိပ်ရာထရမလား ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ တံခါးကျင်ကို ယူတဲ့ပြီး ကျွန်မလေး တစ်ယောက်ရဲ့ ဦးခေါင်းကို ရက်ရက်စက်စက် ရိုက်ခွဲရတယ်လို့" လို့ အိမ်နီးချင်းတို့အား ပြောဆို တိုင်တန်းရှာတယ်။

ရဟန်းတို့...အဲဒီကနောက်မှာ "ဝေဒေဟိကာ အိမ့်ရှင်မဟာ ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်၊ ခက်မာတယ်" လို့ ဝေဒေဟိကာရဲ့ သတင်းဆိုးဟာ ပျံ့နှံ့သွားတော့တယ်။ (စာပိုဒ်၊၂၂၆။)(မ၊မြန်၊၁။၁၈၇။)(မ၊၁။၁၇၆။),

၂။ ရေချိုးပြီးသူ ဖြစ်ပုံပြ စကားရပ်ကို အကျဉ်းချုပ်၍ ဖော်ပြခဲ့ပါ။

ဖြေ။ ၂။ ရေချိုးပြီးသူ ဖြစ်ပုံ စာပိုဒ်၊၄၃၄။)(မ၊မြန်၊၁။၃၅၉။)(မ၊၁။၃၄၈။),

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် 'ရေချိုးပြီးသူ' ဖြစ်သနည်း။ ထိုရဟန်းအား ပူပန်ညစ်ညူးစေတတ်ကုန်သော တစ်ဖန် ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်ကုန်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုးရှိကုန်သော နောင်အခါ၌ ဖြစ်ပွားခြင်း 'ဇာတိ'၊ အိုခြင်း 'ဇရာ'၊ သေခြင်း 'မရဏ' ကို

ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို မဂ်ရေစင်ဖြင့် ချိုးအပ်ပြီးဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် 'ရေချိုးပြီးသူ' ဖြစ်၏။

၃။ မြေကြီးပမာ မေတ္တာထားနည်းကို ဖော်ပြခဲ့ပါ။

ဖြေ။ မြေကြီးပမာ မေတ္တာထားနည်း (စာပိုဒ်၊၂၂၈။)(မ၊မြန်၊၁။၁၈၂။)(မ၊၁။၁၇၈။),

ဖြေ။ ၃။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ပေါက်တူးခြင်းတောင်းကို ယူ၍ လာပြီးလျှင် "ငါသည် ဤမြေကြီးကို မြေကြီးမဟုတ်အောင် ပြုတော့အံ့"ဟု ပြောဆိုရာ၏။ ထိုယောကျ်ားသည် "မြေကြီးမဟုတ်သည် ဖြစ်လော့၊ မြေကြီး မဟုတ်သည် ဖြစ်လော့" ဟု ထိုထို အရပ်၌ တူးဆွရာ၏၊ ထိုထိုအရပ်၌။ ကဲဖြန့်ရာ၏၊ ထိုထို အရပ်၌ တံတွေးထွေးရာ၏၊ ထိုထို အရပ်၌ ကျင်ငယ်စွန့်ရာ၏။ ရဟန်းတို့ထိုအကြောင်းကို အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ ထိုယောကျ်ားသည် ဤမြေကြီးကို မြေကြီးမဟုတ်အောင် ပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအကြောင်းသည် မဖြစ်နိုင်ပါ။ ထိုသို့မဖြစ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း။

အသျှင်ဘုရား ဤမြေကြီးသည် ထုထည် ထူထဲ၍ (အနံ) အပိုင်းအခြားပမာဏ မရှိသောကြောင့်ထိုမြေကြီးကို မြေကြီး မဟုတ်အောင် ပြုရန် မလွယ်ပါ။ ထိုယောကျ်ားသည် ပင်ပန်းရုံ ဆင်းရဲရုံမျှသာဖြစ်ရာပါ၏ဟု (လျှောက်ကြားကြကုန်၏)။ ရဟန်းတို့ ဤအတူပင် သင့်လျော်သော အခါအားဖြင့်လည်းကောင်း၊ မသင့်လျော်သော အခါအားဖြင့်လည်းကောင်း၊ ဟုတ်မှန်သောအားဖြင့်လည်းကောင်း၊ မဟုတ်မမှန်သောအားဖြင့်လည်းကောင်း၊ သိမ်မွေ့ (ပြေပြစ်) သောအားဖြင့် လည်းကောင်း၊ ကြမ်းတမ်းသောအားဖြင့်လည်းကောင်း၊ အကျိုး (အကြောင်း) နှင့်စပ်သောအားဖြင့်လည်းကောင်း၊ အကျိုး (အကြောင်း)နှင့် မစပ်သောအားဖြင့်လည်းကောင်း၊ မေတ္တာစိတ်ရှိကုန်၍လည်းကောင်း၊ ပြစ်မှားသော စိတ်ရှိကုန်၍ လည်းကောင်းသင်တို့ကို သူတစ်ပါးတို့က ပြောဆိုမှု ပြောဆိုနိုင်ရာသော စကားလမ်းကြောင်းတို့သည် ဤငါးပါးတို့တည်း။

ရဟန်းတို့ သင့်လျော်သောအခါအားဖြင့်ဖြစ်စေ၊ မသင့်လျော်သောအခါအားဖြင့်ဖြစ်စေ သူတစ်ပါးတို့ကပြောဆိုမှု ပြောဆို ကုန်ရာ၏၊ ဟုတ်မှန်သောအားဖြင့်ဖြစ်စေ၊ မဟုတ်မမှန်သောအားဖြင့်ဖြစ်စေ သူတစ်ပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ ရဟန်းတို့ သိမ်မွေ့ (ပြေပြစ်) သောအားဖြင့်ဖြစ်စေ၊ ကြမ်းတမ်းသောအားဖြင့်ဖြစ်စေ သူတစ်ပါးတို့က ပြောဆိုမှု ပြောဆိုကုန် ရာ၏၊ အကျိုး (အကြောင်း) နှင့် စပ်သောအားဖြင့်ဖြစ်စေ၊ အကျိုး (အကြောင်း) နှင့် မစပ်သောအားဖြင့်ဖြစ်စေ သူတစ်ပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ မေတ္တာစိတ်ရှိကုန်၍ဖြစ်စေ၊ ပြစ်မှားသောစိတ်ရှိကုန်၍ဖြစ်စေ သူတစ်ပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏။ ရဟန်းတို့ ထိုသို့ (ပြောဆိုရာ) စကားလမ်းကြောင်းတို့၌လည်း သင်တို့သည် ဤသို့ ကျင့်ရမည်၊ "ငါတို့၏ စိတ်သည် ဖောက်ပြန်မှု မဖြစ်လတ္တံ့၊ ယုတ်ညံ့သော စကားကိုလည်း မမြွက်ဆိုကြကုန်အံ့၊ အစီးအပွားဖြင့်

ငဲ့ညှာကြ ကုန်လျက်လည်း မေတ္တာစိတ်ရှိကြကုန်၍ ပြစ်မှားသောစိတ် မရှိကြဘဲ နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့၊ အကြွင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏ အာရုံပြုလုပ်လျက် ပြန့်ပြောသော မြတ်သည်၏ အဖြစ်သို့ ရောက်သောအပိုင်းအခြား ပမာဏမရှိသော ရန်မရှိသော ဆင်းရဲခြင်းမရှိသော မြေကြီးနှင့် တူသော စိတ်ဖြင့် ဖြန့်၍နေကြကုန် အံ့" ဟု ဤသို့လျှင် သင်တို့ကျင့်ရမည်။

၄။ မြေဓာတ်ကို ဖော်ပြ၍ ထိုမြေဓာတ်၌ ဝိပဿနာရှုပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ၄။

-(စ) မြေဓာတ် ဟူသည် (စာပိုဒ်၊၃၀၂။)(မ၊မြန်၊၁။၂၅၀။)(မ၊၁။၂၄၂။),
-(ဆ) အတွင်းဖြစ်သော မြေဓာတ် ဟူသည် (စာပိုဒ်၊၃၀၂။)(မ၊မြန်၊၁။၂၅၀။)(မ၊၁။၂၄၂။),
-(ဇ) မြေဓာတ်ကို ရှုပုံ(စာပိုဒ်၊၃၀၂။)(မ၊မြန်၊၁။၂၅၁။)(မ၊၁။၂၄၂။),

ငါ့သျှင်တို့ မြေဓာတ်ဟူသည် အဘယ်နည်း။ မြေဓာတ်သည် အတွင်းဖြစ်သော မြေဓာတ်သည်ရှိ၏၊ အပဖြစ်သော မြေဓာတ်သည် ရှိ၏။

ငါ့သျှင်တို့ အတွင်းဖြစ်သော မြေဓာတ်ဟူသည် အဘယ်နည်း။ မိမိသန္တာန်၌ ဖြစ်သော မိမိကိုယ်ကို စွဲ၍ဖြစ်သော ခက်မာကြမ်းတမ်းခြင်းသို့ ရောက်သော စွဲယူအပ်သော ရုပ်တည်း။ ဤရုပ်တို့ ဟူသည်အဘယ်နည်း၊ ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေ၊ အသား, အကြော, အရိုး,ရိုးတွင်းခြင်ဆီ, အညို့၊ နှလုံး, အသည်း, အမြှေး, အဖျင်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်,အစာဟောင်း၊ တစ်ပါးလည်းဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိသန္တာန်၌ဖြစ်သော မိမိကိုယ်ကိုစွဲ၍ဖြစ်သော ခက်မာကြမ်းတမ်းခြင်းသို့ရောက်သော စွဲယူအပ်သော ရုပ်သည် ရှိ၏။ ငါ့သျှင်တို့ ဤရုပ်ကိုအတွင်းဖြစ်သော မြေဓာတ်ဟူ၍ ဆိုရ၏။

အတွင်းဖြစ်သော မြေဓာတ်သည်လည်းကောင်း၊ အပဖြစ်သော မြေဓာတ်သည်လည်းကောင်း မြေဓာတ်သာတည်း။

ထိုမြေဓာတ်ကို "ဤမြေဓာတ်သည် ငါပိုင်မဟုတ်၊ ဤမြေဓာတ်သည် ငါမဟုတ်၊ ဤမြေဓာတ်သည် ငါ၏ကိုယ် 'အတ္တ' မဟုတ်" ဟု ဤသို့ မြေဓာတ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုသင့်၏၊ ဤသို့ ဤမြေဓာတ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုမြင်လတ်သော် မြေဓာတ်၌ငြီးငွေ့၏၊ စိတ်သည်မြေဓာတ်၌ တပ်ခြင်းကင်း၏။

အဘယ်သို့လျှင် အပြားအားဖြင့် သိတတ်သနည်း။ ဤကား ဆင်းရဲတည်းဟု အပြားအားဖြင့်သိတတ်၏၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟု အပြားအားဖြင့် သိတတ်၏၊ ဤကား ဆင်းရဲချုပ်ရာတည်းဟု

အပြားအားဖြင့် သိတတ်၏၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟုအပြားအားဖြင့် သိတတ်၏။ ငါ့သျှင် (ဤသို့လျှင်) "အပြားအားဖြင့် သိတတ်, အပြားအားဖြင့် သိတတ်" သော အကြောင်းကြောင့် "ပညာရှိသူ" ဟု ဆိုရ၏ဟု (မိန့်ဆို၏)။

၅။ ဗိဝိတိန္နေသည် အဘယ်ကို စွဲ၍ တည်၍ ကမ္ဗဇတေဇောဓာတ်သည် အဘယ်ကို စွဲ၍ တည်သည်ကို ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

-(ဖ) ဗိဝိတိန္နေသည် အဘယ်ကို စွဲ၍ တည်သနည်း (စာပိုဒ်၊၄၅၆။)(မ၊မြန်၊၁။၃၈၁။)(မ၊၁။၃၆၉။),

-(ဗ) ကမ္ဗဇတေဇောဓာတ်သည် အဘယ်ကို စွဲ၍ တည်သနည်း (စာပိုဒ်၊၄၅၆။)

(မ၊မြန်၊၁။၃၈၁။)(မ၊၁။၃၆၉။),

ဖြေ။ ၅။ ငါ့သျှင် သို့ဖြစ်လျှင် သင့်အား ဥပမာပြုအံ့၊ ဤလောက၌ ဥပမာဖြင့်လည်း အချို့သော ပညာရှိယောကျ်ားတို့သည် ပြောဆိုသော စကား၏ အနက်အဓိပ္ပါယ်ကို သိကုန်၏။ ငါ့သျှင် တောက်လောင်သောဆီမီး၏ မီးလျှံကို စွဲ၍ အလင်းရောင်သည် ထင်ရှားသကဲ့သို့၊ အလင်းရောင်ကို စွဲ၍ မီးလျှံသည် ထင်ရှားသကဲ့သို့၊ ဤအတူပင် အသက် 'ဗိဝိတိန္နေ'သည် ကိုယ်ငွေ့ 'ကမ္ဗဇတေဇောဓာတ်'ကို စွဲ၍ တည်၏၊ ကိုယ်ငွေ့ 'ကမ္ဗဇတေဇောဓာတ်'သည် အသက် 'ဗိဝိတိန္နေ'ကို စွဲ၍ တည်၏" ဟု (မိန့်ဆို၏)။

၆။ ကိုယ်ကို အဘယ်တရားတို့က စွန့်သွားသောအခါ ဤကိုယ်သည် စိတ်မရှိသော ထင်းကဲ့သို့ စွန့်လွှတ်ပစ်ချထား၍ လဲလျောင်းရသနည်း၊ အပြည့်အစုံ ဖော်ပြခဲ့ပါ။

-(မ) ကိုယ်ကို အဘယ်တရားတို့က စွန့်သွားသောအခါ ဤကိုယ်သည် စိတ်မရှိသော ထင်းကဲ့သို့ စွန့်လွှတ်ပစ်ချထား၍ လည်းလျောင်းရသနည်း (စာပိုဒ်၊၄၅၇။)(မ၊မြန်၊၁။၃၈၂။)(မ၊၁။၃၇၀။),

ဖြေ။ ၆။ ငါ့သျှင် ဤကိုယ်ကို အသက် 'ဗိဝိတိန္နေ'၊ ကိုယ်ငွေ့ 'ကမ္ဗဇတေဇောဓာတ်'၊ ဝိညာဏ်၊ ဤတရားသုံးပါးတို့ စွန့်ခွါသွားသောအခါ ဤကိုယ်သည် စိတ်မရှိ သော ထင်းတုံးကဲ့သို့ စွန့်ပစ်ချထားအပ်သည်ဖြစ်၍ လဲလျောင်းရ၏ဟု (မိန့်ဆို၏)။

၇။ သေဆုံးကွယ်လွန်သူနှင့် နိရောဓသမာပတ်ကို ဝင်စားသူရဟန်းတို့၏ ခြားနားချက်ကို ဖော်ပြခဲ့ပါ။

-(ယ) သေဆုံးကွယ်လွန်သူနှင့် နိရောဓသမာပတ်ကို ဝင်စားသူရဟန်းတို့၏ ခြားနားချက်ကား အဘယ်နည်း (စာပိုဒ်၊၄၅၇။)(မ၊မြန်၊၁။၃၈၂။)(မ၊၁။၃၇၀။),

ဖြေ။ ၇။ ငါ့သျှင် သေဆုံးကွယ်လွန်သူ (လူသေကောင်) အား ကိုယ်၏ အပြုခံ (ထွက်သက် ဝင်သက်)တို့သည်ချုပ်ကုန်ငြိမ်းကုန်၏၊ နှုတ်မြွက်မှုကို ပြုပြင်တတ်သော ဝိတက်ဝိစာရတို့သည် ချုပ်ကုန်ငြိမ်းကုန်၏၊ စိတ်၏ အပြုခံ (သညာ, ဝေဒနာ)တို့သည် ချုပ်ကုန်ငြိမ်းကုန်၏၊ အသက် 'ဇီဝိတိန္ဒြေ' သည် ကုန်၏၊ ကိုယ်ငွေ့ 'ကမ္မဇတေဇောဓာတ်' သည်ငြိမ်း၏၊ ဣန္ဒြေတို့သည် ပျက်စီးကုန်၏။

မှတ်သားမှု 'သညာ', ခံစားမှု 'ဝေဒနာ'တို့ ချုပ်ရာ 'နိရောဓသမာပတ်' ကို ဝင်စားသော ရဟန်းအားကိုယ်၏ အပြုခံ (ထွက်သက် ဝင်သက်)တို့သည် ချုပ်ကုန်ငြိမ်းကုန်၏၊ နှုတ်မြွက်မှုကို ပြုပြင်တတ်သော ဝိတက်ဝိစာရ တို့သည် ချုပ်ကုန်ငြိမ်းကုန်၏၊ စိတ်၏ အပြုခံ (သညာ, ဝေဒနာ)တို့သည် ချုပ်ကုန်ငြိမ်းကုန်၏။ အသက် 'ဇီဝိတိန္ဒြေ'သည် မကုန်၊ ကိုယ်ငွေ့ 'ကမ္မဇတေဇောဓာတ်'သည် မငြိမ်း၊ ဣန္ဒြေတို့သည် အထူး ကြည်လင် ကုန်၏၊ ငါ့သျှင် ဤသည်ကား သေဆုံးကွယ်လွန်သူ (လူသေကောင်) နှင့်မှတ်သားမှု 'သညာ',ခံစားမှု 'ဝေဒနာ'တို့ ချုပ်ရာ 'နိရောဓသမာပတ်' ကို ဝင်စားသူ ရဟန်းတို့၏ခြားနားချက် တည်းဟု (မိန့်ဆို၏)။

၈။ နိရောဓသမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်သည်ကို တိကျစွာ ဖော်ပြခဲ့ပါ။-(ယ) နိရောဓသမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်ပါသနည်း (စာပိုဒ်၊၄၆၄။)(မ၊မြန်၊၁။၃၈၉။)(မ၊၁။၃၇၇။),

ဖြေ ။၈။ ဒါယကာဝိသာခ သညာ, ဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်း 'နိရောဓသမာပတ်' မှ ထပြီးသော ရဟန်း၏ စိတ်သည် ကင်းဆိတ်မှု 'ဝိဝေက' (နိဗ္ဗာန်) သို့ ညွတ်၏၊ ကင်းဆိတ်မှု 'ဝိဝေက' (နိဗ္ဗာန်) သို့ ကိုင်း၏၊ ကင်းဆိတ်မှု 'ဝိဝေက' (နိဗ္ဗာန်) သို့ ရှိုင်း၏ဟု (မိန့်ဆို၏)။

၉ ။ အောက်ပါအကြောင်းအရာတို့ကို မည်သည့် သုတ်တို့၌ ဟောတော်မူခဲ့ပါသနည်း၊တိကျစွာ ဖော်ပြခဲ့ပါ။(က) နိဗ္ဗာန်သည် ရေကန်ကြီးနှင့် တူပုံ၊(ခ) ဘုရားရှင်က ဗိမ္ဗိသာရမင်းထက် သာလွန်၍ ချမ်းချမ်းသာသာ နေတော်မူရကြောင်း။

ဖြေ။ ၉။

(က)နိဗ္ဗာန်သည် ရေကန်ကြီးနှင့် တူပုံ။

မဟာသီဟနာဒသုတ် (စာပိုဒ်၊၁၅၄။)(မ၊မြန်၊၁။၁၁၇။)(မ၊၁။၁၀၉။),

(ခ)ဘုရားရှင်က ဗိမ္ဗိသာရမင်းထက် သာလွန်၍ ချမ်းချမ်းသာသာ နေတော်မူရကြောင်း။

စူဠဒုက္ခက္ခန္ဓသုတ် (စာပိုဒ်၊၁၈၀။)(မ၊မြန်၊၁။၁၃၉။)(မ၊၁။၁၃၂။),

၁၀။ အောက်ပါအကြောင်းအရာတို့ကို မည်သည့် သုတ်တို့၌ ဟောတော်မူခဲ့သည်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။
(က)န္တားကျောင်းသားသည် ကောက်ပင်ကို နွားစားခြင်း၏ အပြစ်ကို မြင်သကဲ့သို့ ဘုရားရှင်သည် အကုသိုလ်၏ အပြစ်ကို မြင်တော်မူပုံ၊(ခ)အလံကို ချထားပြီးသူ။

ဖြေ။၁၀

(က) နွားကျောင်းသားသည် ကောက်ပင်ကို နွားစားခြင်း၏ အပြစ်ကို မြင်သကဲ့သို့ ဘုရားရှင်သည် အကုသိုလ်၏ အပြစ်ကို မြင်တော်မူပုံ။ ။ ဒွေဓာဝိတက္ကသုတ်။
(စာပိုဒ်၊၂၀၈။)(မ၊မြန်၊၁။၁၆၇။) (မ၊၁။၁၆၃။)

(ခ)အလံကို ချထားပြီးသူ။ ။အလဂဒ္ဒူပမသုတ်။
(စာပိုဒ်၊၂၄၅။)(မ၊မြန်၊၁။၁၉၇။)(မ၊၁။၁၉၃။),

ရန်ကုန်မြို့
ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**မူလပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၇-ရက်၊ (၂၀-၆-၂၀၂၂) တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ အာသဝတို့ကို ပယ်နည်းအမျိုးမျိုးတို့ကို သဗ္ဗာသဝသုတ်အတိုင်း ဖြေဆို၍၊ ဆိတ်ငြိမ်ခြင်း(ဝိဝေက)ကို လိုက်မကျင့်သော ထေရ-နဝ-မဇ္ဈိမရဟန်းတို့အား ကဲ့ရဲ့ထိုက်သည့် စကားသုံးခွန်းကို ဖြေဆိုပါ။

၂။ မြတ်စွာဘုရား တောကျောင်းနေတော်မူခြင်း အကြောင်း၂-ပါးကို ဖြေဆို၍၊ ဤခန္ဓာကိုယ်ကို ဓာတ်အားဖြင့် မည်သို့ နှလုံးသွင်းရမည်နည်း? ဥပမာနှင့်တကွ ဖြေပါ။

၃။ ၄-ခုမြောက် မြတ်ဗုဒ္ဓ၏အားတော်(တထာဂတဗလ)ကို ယင်းကြောင့်ရသောအကျိုး ၃-မျိုးနှင့်တကွ ဖြေဆို၍၊ ယောနိလေးပါးကို သရုပ်ထုတ်ကာ တတိယယောနိ၏ အရကို ဖော်ပြပါ။

၄။ ကိုယ့်ကိုယ်ကိုမြှောက် သူတပါးကို နှိမ်ချတတ်သူတို့နှင့်စပ်၍ မိမိကိုယ်ကို ချင့်ချိန်တွေးဆ ပြုပြင်ရပုံကို ဖြေဆို၍ ဘေးရန်ကင်းသည့် ခရီးလမ်း ၈-ခုကို မြန်မာပြန်ဆိုပါ။

၅။ စကားလမ်းကြောင်း(ဝစနပထ)တို့ကြောင့် ကျင့်ရမည့် ကျင့်စဉ်ကို ဖြေဆို၍၊ အပြင်ပဝတ္တုမရှိ၍ စိတ်ပင်ပန်းသူမျိုးကို ဖြေဆိုပါ။

၆။ အောက်ပါဥပမာစကားတို့၏ ဥပမေယျတို့ကို ဖြေဆိုပါ။
(က)လိပ် (ခ)အသားတစ် (ဂ) မြက်ခင်း(နိဝါပ) (ဃ) သားမုဆိုး(နေဝါပိက) (င)သားမုဆိုး၏ ပရိသတ် (စ)သားသမင်အပေါင်း။

၇။ အတွင်းလေ (ဝါယောဓာတ်)တို့ကို ဖြေဆို၍၊ သုံးကိုယ်တစ်စိတ်နေခဲ့ကြသော မထေရ်သုံးပါးတို့၏ အချင်းချင်းနေနည်းတို့ကို အတုယူဖွယ် ဖြေဆိုပါ။

၈။ ကြီးပွားမည့် နွားကျောင်းသားတစ်ဦး ပြည့်စုံသင့်သည့် အင်္ဂါတို့ကို ၅-ခုမျှ ဖြေဆို၍၊ အဂ္ဂိဝေဿနအား ဟောကြားခဲ့သည့် "တွေဝေသူ"ဟူသည် အဘယ်ပုဂ္ဂိုလ်နည်း? ဖြေပါ။

၉။ နီဝရဏငါးပါးကို မည်သည့်ဥပမာတို့ကဲ့သို့ ရှုရမည်ကို ရေး၍၊ ရဟန်းတစ်ပါးအတွက် အရိုအသေခံထိုက်သော သာမိစိပဋိပန္နကျင့်နည်းကို စူဠအဿပုရသုတ်မှ ဖြေဆိုပါ။

၁၀။ တရားကို ကျင့်လေ့ရှိသော, သုစရိုက်ကို ကျင့်လေ့ရှိသောပုဂ္ဂိုလ်တို့ သေပြီးနောက် ဆုတောင်းပါက ရနိုင်သောဘဝတို့ကို သိသာရုံမျှ ရေး၍၊ ဓမ္မသမာဒါန ၄-မျိုးကို ဖြေဆိုကာ၊ ကကုသန္ဓဘုရား၏ အဂ္ဂသာဝက "ဝိဓုရ"အမည်ရခြင်း အကြောင်းကိုသာ ဖြေပါ။

**တစ်ပုဒ်စာလျှင် (၁၀)မှတ်စီ**

**၁၃၈၄ ခု၊ ၂၀၂၂ ခုနှစ်**
**အုပ်စု (၃) မူလပဏ္ဏာသပါဠိတော် မြန်မာပြန်**
**မေးခွန်း နှင့် အဖြေများ**

---

၁။ အာသဝတို့ကို ပယ်နည်းအမျိုးမျိုးတို့ကို သဗ္ဗာသဝသုတ်အတိုင်း ဖြေဆို၍၊ ဆိတ်ငြိမ်ခြင်း(ဝိဝေက)ကို လိုက်မကျင့်သော ထေရ-နဝ-မဇ္ဈိမရဟန်းတို့အား ကဲ့ရဲ့ထိုက်သည့် စကားသုံးခွန်းကို ဖြေဆိုပါ။

၁-အဖြေ

**အာသဝတို့ကို ပယ်နည်းအမျိုးမျိုးတို့မှာ–**

ရဟန်းတို့ မြင်ခြင်းဖြင့် ပယ်အပ်ကုန်သောတရားတို့သည် ရှိကုန်၏၊ (စောင့်စည်း)ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်သောအာသဝတို့သည် ရှိကုန်၏၊ မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်သောအာသဝတို့သည် ရှိကုန်၏၊ သည်းခံခြင်းဖြင့် ပယ်အပ်ကုန်သောအာသဝတို့သည် ရှိကုန်၏၊ ရှောင်ကြဉ်ခြင်းဖြင့် ပယ်အပ်ကုန်သောအာသဝတို့သည် ရှိကုန်၏၊ ဖျောက်ခြင်းဖြင့် ပယ်အပ်ကုန်သောအာသဝတို့သည် ရှိကုန်၏၊ ပွားခြင်းဖြင့် ပယ်အပ်ကုန်သောအာသဝတို့သည် ရှိကုန်၏။ (ပါ-၉၊ ပိုဒ်-၁၆၊ မြန်-၁၁ )

**ထေရ–နဝ–မဇ္ဈိမရဟန်းတို့အား ကဲ့ရဲ့ထိုက်သည့် စကားသုံးခွန်း–**

“ဆိတ်ငြိမ်စွာနေတော်မူတတ်သော မြတ်စွာဘုရား၏တပည့်သာဝကတို့သည် ဆိတ်ငြိမ်ခြင်းဝိဝေကကို အတုလိုက်၍ မကျင့်ကြကုန်” ဤသို့ ပဌမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်ကုန်၏။ “မြတ်စွာဘုရားသည် ပယ်ရန် ဟောတော်မူသော (အကုသိုလ်)တရားတို့ကို မပယ်ကုန်” ဤသို့ ဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်ကုန်၏။ “ပစ္စည်းများပြားရန်သာကျင့်ကုန်၏၊ အဆုံးအမကို မေ့လျော့ပေါ့ပေါ့ဆဆသာ နာယူကုန်၏၊ ဆုတ်ယုတ်ကြောင်း၌ ရှေ့သွားပြုကုန်၏၊ နိဗ္ဗာန်ဥပဓိဝိဝေကရရေး၌ တာဝန်မဲ့ဖြစ်နေကြကုန်၏”ဤသို့ တတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်ကုန်၏။ (ပါ-၁၇-၈၊ ပိုဒ်-၃၁ ၊ မြန်-၁၉)

---

၂။ မြတ်စွာဘုရား တောကျောင်းနေတော်မူခြင်း အကြောင်း၂-ပါးကို ဖြေဆို၍၊ ဤခန္ဓာကိုယ်ကို ဓာတ်အားဖြင့် မည်သို့ နှလုံးသွင်းရမည်နည်း? ဥပမာနှင့်တကွ ဖြေပါ။

၂။ ငါသည် မိမိ၏မျက်မှောက် ချမ်းသာစွာနေရခြင်းနှင့် နောင်လာနောက်သားများကို အစဉ်သနားခြင်း ဟူသော အကြောင်း၂ပါး။ (ပါ-၂၈၊ နိ-၊ မြန်- )

ဤခန္ဓာကိုယ်ကို ဓာတ်အားဖြင့် နှလုံးသွင်းပုံ-ရဟန်းတို့ တဖန်လည်း ရဟန်းသည် “ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည်ရှိ၏”ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက် ဆင်ခြင်၏။ ဥပမာကား-ကျွမ်းကျင်သောနွားသတ်သမားသည်လည်းကောင်း နွားသတ်သမား၏တပည့်သည် လည်းကောင်း နွားကိုသတ်၍လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းသည် “ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည်ရှိ၏”ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။ (ပါ-၇၂-၃၊ ပိုဒ်-၁၁၁၊ မြန်-၇၉-၈၀ )

---

၃။ ၄-ခုမြောက် မြတ်ဗုဒ္ဓ၏အားတော်(တထာဂတဗလ)ကို ယင်းကြောင့်ရသောအကျိုး ၃-မျိုးနှင့်တကွ ဖြေဆို၍၊ ယောနိလေးပါးကို သရုပ်ထုတ်ကာ တတိယယောနိ၏ အရကို ဖော်ပြပါ။

၃။ **၄ခုမြောက် မြတ်ဗုဒ္ဓ၏အားတော်မှာ–**
သာရိပုတ္တရာ ထို့ပြင်လည်း မြတ်စွာဘုရားသည် များပြားသောဓာတ် အမျိုးမျိုးသောဓာတ်လောကကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိမြင်ခြင်းသည် မြတ်စွာဘုရား၏ အားမည်၏။ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သောစကားကို မြွက်ဆို၏၊ မြတ်သောတရားစကြာကို လည်စေ၏။ (ပါ-၁၀၀၊ ပိုဒ်-၁၄၈ ၊ မြန်-၁၀၈ )
**ယောနိလေးပါးကား–** ဥ၌ဖြစ်သောသတ္တဝါ၊ သားအိမ်၌ဖြစ်သောသတ္တဝါ၊ အညှိ၌ဖြစ်သော သတ္တဝါ၊ ကိုယ်ထင်ရှား ဖြစ်ပေါ်လာသော (ဥပပတ်)သတ္တဝါတို့တည်း။
**တတိယယောနိ၏ အရ–** သာရိပုတ္တရာ ငါးပုပ် အသေကောင်ပုပ် မုယောမုန့်ပုပ် အညစ်အကြေးစွန့်ရာအရပ် အညစ်အကြေးစီးဆင်းရာအရပ်တို့၌ ဖြစ်ပေါ်လာသောသတ္တဝါတို့ကို အညှိ၌ဖြစ်သောသတ္တဝါတို့ဟု ဆိုအပ်၏။ (ပါ-၁၀၅၊ ပိုဒ်-၁၅၂၊ မြန်-၁၁၂ )

---

၄။ ကိုယ့်ကိုယ်ကိုမြှောက် သူတပါးကို နှိမ်ချတတ်သူတို့နှင့်စပ်၍ မိမိကိုယ်ကို ချင့်ချိန်တွေးဆ ပြုပြင်ရပုံကို ဖြေဆို၍ ဘေးရန်ကင်းသည့် ခရီးလမ်း ၈-ခုကို မြန်မာပြန်ဆိုပါ။

၄။ **ချင့်ချိန်တွေးဆ ပြုပြင်ရပုံ–**
"ကိုယ့်ကိုကိုမြှောက်ပင့်၍ သူတပါးကို နှိမ်ချရှုံ့ချတတ်သူကို ငါငါမချစ်မနှစ်သက်၊ ငါလည်း မိမိ ကိုယ်ကို မြှင့်တင်(မြှောက်ပင့်)ငြားအံ့၊ သူတပါးကို ပြစ်တင်ရှုံ့ချငြားအံ့၊ ငါကိုလည်း သူတပါးတို့ ချစ်နှစ်သက်လိမ့်မည် မဟုတ်"ဟု ပြင်ရပါမည်။ (ပါ-၁၃၇၊ ပိုဒ်-၁၈၃၊ မြန်-၁၄၃ )
**ဘေးရန်ကင်းသည့် ခရီးလမ်းတို့ကား–** မှန်ကန်သော ဉာဏ်အမြင်, မှန်ကန်သောအကြံအစည်, မှန်ကန် သောစကား, မှန်ကန်သောအအမှု, မှန်ကန်သောအသက်မွေးမှု, မှန်ကန်သော အားထုတ်ခြင်းလုံ့လ, မှန်ကန်သော အောက်မေ့ခြင်း မှန်ကန်သောတည်ကြည်ခြင်းတို့တည်း။ (ပါ-၁၆၇၊ ပိုဒ်-၂၁၅ ၊ မြန်-၁၇၁ )

---

၅။ စကားလမ်းကြောင်း(ဝစနပထ)တို့ကြောင့် ကျင့်ရမည့် ကျင့်စဉ်ကို ဖြေဆို၍၊ အပြင်ပဝတ္တုမရှိ၍ စိတ်ပင်ပန်းသူမျိုးကို ဖြေဆိုပါ။

၅။ **ကျင့်စဉ်–**
"ငါတို့၏စိတ်သည်ဖောက်ပြန်မှုမဖြစ်လတံ့၊ယုတ်ညံ့သောစကားကိုလည်းမပြောဆိုကုန်အံ့၊အစီးအပွားဖြင့် ငဲ့ညှာကြကုန်လျက် မေတ္တာစိတ်ရှိကြကုန်လျက် ပြစ်မှားသောစိတ်မရှိကြဘဲ နေကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့် တကွဖြစ်သောစိတ်ဖြင့် ဖြန့်၍နေကုန်အံ့၊ အကြွင်းမဲ့သတ္တဝါအားလုံးကို ထိုမေတ္တာစိတ်၏ အာရုံပြုလျက် ပြန့်ပြောသော မြတ်သည်၏အဖြစ်သို့ရောက်သော အပိုင်းအခြားပမာဏမရှိသော ရန်မရှိ သော ဆင်းရဲမရှိသော စိတ်ဖြင့် ဖြန့်၍ နေကုန်အံ့"ဟု ကျင့်ရမည်။ (ပါ-၁၇၈၊ ပိုဒ်-၂၂၇ ၊ မြန်-၁၈၂ )
"ရဟန်း ဤလောက၌ အချို့သောသူအား 'ငါ့အား ပစ္စည်းဥစ္စာသည် ရှိခဲ့ဘူး၏၊ ထိုပစ္စည်းဥစ္စာသည် ငါ့အား မရှိတော့ပြီ၊ ငါရသင့်ရထိုက်သော ပစ္စည်းဥစ္စာကို မရသေးပါတကား'ဟု အကြံဖြစ်၏၊ ထိုသူသည် ပူဆွေး၏ ပင်ပန်း၏ ငိုကြွေး၏ ရင်ဘတ်စည်တီးငို၏ ပြင်းစွာတွေဝေခြင်းသို့ရောက်၏။ ဤသို့လျှင် အပဝတ္တုမရှိသော် ပင်ပန်းခြင်သို့ရောက်၏။ (ပါ-၁၈၉၊ ပိုဒ်-၂၄၂ ၊ မြန်-၁၉၃ )

၆။ အောက်ပါဥပမာစကားတို့၏ ဥပမေယျတို့ကို ဖြေဆိုပါ။
(က)လိပ် (ခ)အသားတစ် (ဂ) မြက်ခင်း(နိဝါပ) (ဃ) သားမုဆိုး(နေဝါပိက) (င)သားမုဆိုး၏ ပရိသတ် (စ)သားသမင်အပေါင်း။

၆။ (က)လိပ်ဟူသည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့အမည်တည်း။
(ခ)အသားတစ်ဟူသည် နှစ်သက်တပ်စွန်းခြင်း နန္ဒီရာဂ၏ အမည်တည်း။ (မြန်-၂၀၃-၄)
(ဂ) မြက်ခင်းဟူသည် ကာမဂုဏ်ငါးပါးတို့၏အမည်တည်း။
(ဃ) မုဆိုးဟူသည် ယုတ်မာသော မာနတ်၏ အမည်တည်း၊
(င)မုဆိုး၏ပရိသတ်ဟူသည် မာနတ် ပရိသတ်၏အမည်တည်း၊
(စ)သားသမင်အပေါင်းဟူသည် သမဏဗြာဟ္မဏတို့ အမည်တည်း။ (ပါ-၁၀၈၊ ပိုဒ်-၂၆၆ ၊ မြန်-၂၁၆-၇ )

---

၇။ အတွင်းလေ (ဝါယောဓာတ်)တို့ကို ဖြေဆို၍၊ သုံးကိုယ်တစ်စိတ်နေခဲ့ကြသော မထေရ်သုံးပါးတို့၏ အချင်းချင်းနေနည်းတို့ကို အတုယူဖွယ် ဖြေဆိုပါ။

၇။ မိမိ၌စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော လေ လေနှင့်တကွဖြစ်သောရုပ်များ အထက်သို့တက်သောလေ, အောက်သို့ သက်သောလေ, ဝမ်း၌တည်သောလေ, အူအတွင်း၌တည်သောလေ, အင်္ဂါကြီးငယ်တို့သို့ အစဉ်လျှောက်သောလေ, ဝင်သက်လေ, ထွက်သက်လေတို့တည်း။ (ပါ-၂၄၆ ပိုဒ်-၃၀၅၊ မြန်-၂၅၅ )
**အတုယူဖွယ် နေနည်း–**
'ဤသို့သော သီတင်းသုံးဖော်တို့နှင့် အတူနေတာ အရတော်လေစွ 'ဟုဖြစ်ခဲ့ပါ၏၊ ဤအရှင်တို့အပေါ်၌ မေတ္တာရှိ သောကာယကံသည် မျက်မှောက်မျက်ကွယ်၌ ရှေ့ရှုတည်ပါပြီ၊ မေတ္တာရှိသောဝစီကံသည် မျက်မှောက်မျက်ကွယ်၌ ရှေ့ရှုတည်ပါပြီ၊ မေတ္တာရှိသောမနောကံသည် မျက်မှောက်မျက်ကွယ်၌ ရှေ့ရှုတည်ပါပြီ၊ 'မိမိစိတ်ကို ချထား၍ ဤအရှင်တို့၏စိတ်အတိုင်းသာ ကျင့်ရပါမူကားကောင်းလေစွ'ဟု ကြံ၍ ကျင့်ခဲ့ပါ၏။ သုံးပါးလုံးက ဖြေဆိုခဲ့ကြသည်။ (ပါ-၂၆၇၊ ပိုဒ်-၃၂၅ ၊ မြန်-၂၇၅ )

---

၈။ ကြီးပွားမည့် နွားကျောင်းသားတစ်ဦး ပြည့်စုံသင့်သည့် အင်္ဂါတို့ကို ၅-ခုမျှ ဖြေဆို၍၊ အဂ္ဂိဝေဿနအား ဟောကြားခဲ့သည့် "တွေဝေသူ"ဟူသည် အဘယ်ပုဂ္ဂိုလ်နည်း? ဖြေပါ။

၈။ နွားကျောင်းသားသည် ရုပ်အဆင်းကို သိ၏၊ အမှတ်လက္ခဏာ၌ လိမ္မာ၏၊
ယင်ချေးဥတိုးပွားသည်ကိုလည်း ပယ်ဖျောက်ပေ၏၊ အနာကိုလည်း ဖုံးလွှမ်း၏၊
မီးခိုးကိုလည်း ပြုပေ၏၊ ရေဆိပ်ကိုလည်း သိ၏၊
ရေသောက်ပြီး မပြီးကိုလည်းသိ၏၊ လမ်းခရီးဟုတ်မဟုတ်လည်း သိ၏၊
ကျက်စာရာစားကျက်၌ လိမ္မာ၏၊ နို့ရည်အကြွင်းအကျန်ထား၍ညှစ်၏၊
နွားတို့၏အဖ နွားတို့၏ဦးစီးဖြစ်သော နွားလားဥသဘတို့ကို လွန်ကဲသော ပူဇော်ခြင်းဖြင့် ပူဇော်တတ်၏။ ထိုမှ ၅ခုမျှ (ပါ-၂၈၄၊ ပိုဒ်-၃၄၈ ၊ မြန်-၂၉၁။)
အဂ္ဂိဝေဿန! အကြင်သူအား ပူပန်ညစ်ညူးစေတတ်သော တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုးရှိကုန်သော နောင်အခါ ပဋိသန္ဓေနေခြင်းအိုခြင်းသေခြင်းကို မပယ်သေး၊ ထိုပုဂ္ဂိုလ်ကို "တွေဝေသူ"ခေါ်ပါသည်။။ (ပါ-၃၁၆-၆၊ ပိုဒ်-၃၈၈၊ မြန်-၃၂၃ )

၉။ နီဝရဏငါးပါးကို မည်သည့်ဥပမာတို့ကဲ့သို့ ရှုရမည်ကို ရေး၍၊ ရဟန်းတစ်ပါးအတွက် အရိုအသေခံထိုက်သော သာမိစိပဋိပန္နကျင့်နည်းကို စူဠအဿပုရသုတ်မှ ဖြေဆိုပါ။

၉။ နီဝရဏငါးပါးတို့ကို ကြွေးကဲ့သို့, အနာရောဂါကဲ့သို့, နှောင်အိမ်ကဲ့သို့, ကျွန်အဖြစ်ကဲ့သို့, ရှည်ဝေးသောခရီးခဲကဲ့သို့ တူကြောင်း ရှုမြင်ရပါမည်။ (ပါ-၃၄၃၊ နိ-၊ မြန်- )
သာမိစိပဋိပန္နကျင့်နည်း-ရဟန်းတို့ အဘိဇ္ဈာများသော အကြင်ရဟန်းအား အဘိဇ္ဈာကိုပယ်၏၊ ဗျာပါဒများသော အကြင်ရဟန်းအား ဗျာပါဒကိုပယ်၏ ကောဓ(စိတ်ဆိုး)များသော အကြင်ရဟန်းအား ကောဓကိုပယ်၏၊ ရန်ငြိုးဖွဲ့ခြင်း များသော အကြင်ရဟန်းအား ရန်ငြိုးဖွဲ့ခြင်းဥပနာဟကိုပယ်၏၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်များသော အကြင်ရဟန်း အား မက္ခကိုပယ်၏၊ ဂုဏ်တုပြိုင်ပြုခြင်းပဠာသများေသာ အကြင်ရဟန်းအား ပဠာသကိုပယ်၏၊ မနာလိုခြင်းဣဿာ များသော အကြင်ရဟန်းအား ဣဿာကိုပယ်၏၊ ဝန်တိုခြင်းမစ္ဆရိယများသော အကြင်ရဟန်းအား မစ္ဆရိယကိုပယ်၏၊ စဉ်းလဲခြင်းသာဌေယျများသော အကြင်ရဟန်းအား သာဌေယျကိုပယ်၏၊ လှည့်ပတ်ခြင်းမာယာများသော အကြင် ရဟန်းအား မာယာကိုပယ်၏၊ မိစ္ဆာဒိဋ္ဌိများသော အကြင်ရဟန်းအား မိစ္ဆာဒိဋ္ဌိကိုပယ်၏၊ ရဟန်းတို့ ဤအပါယ်၌ ဖြစ်စေတတ်ကုန်သော ဒုဂ္ဂတိဝေဒနာရှိကုန်သော ရဟန်းတို့၏အညစ်ကြေး အပြစ် အမှိုက်ဖြစ်ကုန်သော တရားတို့ကို ပယ်ခြင်းကြောင့် သာမီစိပဋိပန္နကျင့်သူဆိုအပ်၏။
(ပါ-၃၅၁ ပိုဒ်-၄၃၈၊ မြန်-၃၆၃ )


---

၁၀။ တရားကို ကျင့်လေ့ရှိသော, သုစရိုက်ကို ကျင့်လေ့ရှိသောပုဂ္ဂိုလ်တို့ သေပြီးနောက် ဆုတောင်းပါက ရနိုင်သောဘဝတို့ကို သိသာရုံမျှ ရေး၍၊ ဓမ္မသမာဒါန ၄-မျိုးကို ဖြေဆိုကာ၊ ကကုသန္ဓဘုရား၏ အဂ္ဂသာဝက “ဝိဓူရ”အမည်ရခြင်း အကြောင်းကိုသာ ဖြေပါ။

၁၀။ ခတ္တိယမဟာသာလမျိုး၊ ဗြာဟ္မဏမဟာသာလမျိုး၊ ဂဟပတိမဟာသလမျိုး၊ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတဝသဝတ္တီနတ်၊ ဗြဟ္မာဘုံတို့ရောက်နိုင်။
(ပါ-၃၅၉၊ ၃၆၄၊ ပိုဒ်-၄၄၂၊ မြန်-၃၇၀ )
ပစ္စုပ္ပန်၌ချမ်းသာ နောင်အခါ၌ ဆင်းရဲကျိုးရှိသော ဓမ္မသမာဒါန၊ ပစ္စုပ္ပန်၌ဆင်းရဲ နောင်အခါ၌ ချမ်းသာကျိုးရှိသော ဓမ္မသမာဒါန၊ ပစ္စုပ္ပန်၌ဆင်းရဲ နောင်အခါ၌ ဆင်းရဲကျိုးရှိသော ဓမ္မသမာဒါန၊ ပစ္စုပ္ပန်၌ ချမ်းသာ နောင်အခါ၌ ချမ်းသာဲကျိုးရှိသော ဓမ္မသမာဒါန။(မြန်-၃၉၃)
မာနတ် ကကုသန္ဓဘုရား၏ သာဝကတို့ရှိကုန်၏ ထိုသာကတို့တွင် တစ်စုံတစ်ယောက်သည် အရှင်ဝိဓုရနှင့် ဓမ္မဒေသနာအားဖြင့် မတူ၊ ထို့ကြောင့် “ဝိဓူရ”အမည်ရပါသည်။ (ပါ-၄၀၉၊ ပိုဒ်-၅၀၇ ၊ မြန်-၄၂၂ )

---

**မူလပဏ္ဏာသပါဠိတော် မြန်မာပြန်**
**မေးခွန်း နှင့် အဖြေများ ပြီးပြီ။**



အခက်အခဲတွေကြားထဲမှာ
အခွင့်အလမ်းတစ်စုံတစ်ရာက
သင့်အတွက် အမြဲရှိပါတယ်...။